# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၂၉)


# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်းကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများ သတ်မှတ်ခြင်းကိစ္စ၊ UPDJC ၏ Proposal ရေးဆွဲရေးကိစ္စနှင့် ဆက်ဆံရေးရုံးများ၏ လုပ်ငန်းလမ်းညွှန်ပါ UPDJC ဆိုင်ရာ ကိစ္စ( Lo ToR) များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# လေးနိုင်ငံပါဝင်သော နိုင်ငံတကာရဲတီးဝိုင်းဖျော်ဖြေပွဲ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပ

# လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအမှတ်သင်္ကေတဖော်ဆောင်ရန်၊ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန် ကျင်းပခြင်းဖြစ်




(၂၂)ကြိမ်မြောက် နိုင်ငံတကာရဲတီးဝိုင်းဖျော်ဖြေပွဲ ၂၀၁၇ တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတီးဝိုင်းအဖွဲ့ ချီတက်လာစဉ် ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန် အောက်တိုဘာ ၂၈**

အိမ်ရှင် မြန်မာ၊ ဂျပန်၊ စင်ကာပူနှင့် ဗီယက်နမ် လေးနိုင်ငံပါဝင်သော နိုင်ငံတကာရဲတီးဝိုင်းဖျော်ဖြေမှု (World Police Band Concert) အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းမှ ဆူးလေဘုရားလမ်းတစ်လျှောက် ချီတက်ကာ ဗိုလ်ချုပ်လမ်းမကြီး ဆာကူရာတာဝါရှေ့၌ Mini Concert ကျင်းပသည်။

အဆိုပါအခမ်းအနားဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Higuchi Tateshi ၊ The Mainichi Newspaper မှ အမှုဆောင်ဒါရိုက်တာ Mr. Hiorta Katsumi နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသော (၂၂)ကြိမ်မြောက် နိုင်ငံတကာရဲတီးဝိုင်းဖျော်ဖြေပွဲ၌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများနှင့် ဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**မောင်တောမြို့နယ် မြို့သူကြီးကျေးရွာနှင့် အလယ်သံကျော်ကျေးရွာအုပ်စုရှိ ရင့်မှည့်မှီးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စတင်ရိတ်သိမ်း**



စာမျက်နှာ-၁၀

**ဗဟိုအစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို တားမြစ်**

စာမျက်နှာ-၁၄





ကမ္ဘာ့ကျော်ဆေးကုမ္ပဏီ Roche မှ ထုတ်လုပ်သော
အရည်အသွေးမြင့်သွေးချိုတိုင်းစက်
Accu-Chek Performa နှင့် Accu-Chek Active အား
AA Medical Products Ltd. မှ
တင်သွင်းဖြန့်ချိနေပြီဖြစ်ပါသည်။
Customer Hotline:
01-9000647 (Ext: 100-400)

Roche

ACCU-CHEK

မြန်မာ့အလင်း

# နှလုံးသားအတွက်အာဟာရ

ကလေးများမှ အစပြု၍ လူငယ်များ၊ ပြည်သူများ စာပေအဖတ်အရှုများလာစေရေးအတွက် အားပေးဆောင်ရွက်နေသည်။ ပြည်သူများအတွင်း စာပေအလေ့အထများ ထွန်းကားလာစေရေးအတွက် ဘက်ပေါင်းစုံမှဆောင်ရွက်နေရာ စာကြည့်တိုက်များ၊ စာပေဟောပြောပွဲ၊ စာအုပ်ဈေးပွဲတော်များ၊ စာအုပ်ဈေးတန်းများစသည်တို့က ပြည်သူများနှင့် စာအုပ်စာပေတို့ အလွယ်တကူ ထိတွေ့ခွင့်ရရှိနိုင်ရေးအတွက် ဖော်ဆောင်ပေးလျက်ရှိသော အခွင့်အလမ်းများဖြစ်သည်။ အခွင့်အလမ်းဟုဆိုရာတွင် စာတတ်သူတိုင်း စာဖတ်နိုင်ကြဖို့ အခွင့်အလမ်းပင်ဖြစ်သည်။

အဘယ့်ကြောင့် စာဖတ်သင့်သနည်း။ အရိုးရှင်းဆုံးသော အဖြေမှာ "သိရန်"အတွက်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် မိမိတို့ရှင်သန်နေထိုင်ရာလောကသုံးပါး၌ မိမိတို့သိသည်က နည်းနည်းနှင့် မသိခြင်းကသာ များလှသည်။ လူလူချင်းနှိုင်းယှဉ်လျှင် ဘာဆိုဘာမှ မသိသူထက် နည်းနည်းသိသူက ခေါင်းတစ်လုံး ပိုမြင့်သည်။ နည်းနည်းသိသူထက် များများသိသူက ပို၍သာသည်။ များများသိသူထက် ပို၍ များများသိသူက ပို၍မြင့်၊ ပို၍သာသည်။ သိခြင်း(အကြား၊ အမြင်၊ ဗဟုသုတများခြင်း)သည် ပညာ၏ အခြေခံလည်းဖြစ်သည်။ ကြီးပွားချမ်းသာကြောင်းအတွက် ကောင်းမြတ်သော မင်္ဂလာတရားလည်းဖြစ်သည်။ စာဖတ်ခြင်းသည် မိမိသိလိုရာကို အချိန်တိုတိုအတွင်း သိနိုင်သည့် ဗဟုသုတ ရှာဖွေသောနည်းလမ်းပင်ဖြစ်သည်။ ဗဟုသုတ၏ အရင်းအမြစ်များမှာ စာအုပ်စာပေများပင်ဖြစ်ပြီး သုတရတနာ သိုက်များဟူ၍လည်း မကြာမကြာတင်စားကြသည်။

အဘယ်ကြောင့် စာဖတ်သင့်သနည်းဟူသော မေးခွန်းအတွက် ကျိုးကြောင်းသင့်အဖြေများမှာ အမြောက်အမြားရှိနေသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတပြည့်စုံကြွယ်ဝသူသည် အရည်အချင်း၊ အရည်အသွေး မြင့်မားသူလည်းဖြစ်လာသည်။ အသိ **(Knowledge)** ၏ နောက်မှ ပညာ **(Wisdom)** က ဆက်လာသည်။ တွေးခေါ်ဆင်ခြင်တတ်လာသည်။ ထွင်းဖောက် သိမြင်တတ်လာသည်။ ကြံဆဖန်တီးတတ်လာသည်။ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို သိမြင်သူအနေဖြင့် မိမိနှင့်တကွ မိမိ၏ ပတ်ဝန်းကျင်ကောင်းကျိုး၊ လောက၏ ကောင်းကျိုးတို့ကို ဆောင်သူ ဖြစ်လာသည်။ လူတစ်ဦးချင်း အရည်အချင်းမြင့်မားမှုမှသည် ပြည်သူလူထု၏ အရည်အချင်း မြင့်မားမှုအခြေအနေသို့ ရောက်ရှိလာပြီဆိုလျှင် အဆိုပါပြည်သူလူထုတည်ရှိရာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်၊ ကြီးပွားချမ်းသာရန်အတွက် တန်ဖိုးရှိလှသော လူသားအရင်းအမြစ်ကို ပိုင်ဆိုင်သည့် နိုင်ငံဖြစ်နေပေပြီ။

ယနေ့ကမ္ဘာတွင် အဖွံ့ဖြိုးအတိုးတက်ဆုံး၊ စီးပွားရေး၊ လူမှုရေးစသည်တို့တွင် ထိပ်တန်းအရောက်ဆုံး နိုင်ငံများမှ ပြည်သူများ စာဖတ်များကြကြောင်း၊ စာပေအလေ့အထ အထူးကောင်းမွန်ကြကြောင်း၊ စာကြည့်တိုက်များမှာ၊ စာအုပ်ဆိုင်များ၊ ကော်ဖီဆိုင်များမှာ၊ ဘတ်စ်ကားပေါ်၊ ရထားပေါ်တို့မှာ ကျောင်းသူ ကျောင်းသား၊ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများ၊ လူငယ်ရောလူကြီးပါ နေရာတကာတွင် စာဖတ်လေ့ရှိကြကြောင်း မိမိတို့ သိရှိကြရသည်။ သူတို့ဘာကြောင့် စာဖတ်နေကြသနည်း။ အသိပညာမိုးကုတ်စက်ဝိုင်းကို ချဲ့ထွင်လိုကြ၍ဖြစ်သည်။ မိမိ၏ရှေ့သို့ ရောက်နေသူ၊ အပေါ်သို့ ရောက်နေသူများကို အမီလိုက်လိုကြ၍ဖြစ်သည်။

မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းသည် ရိုးရာယဉ်ကျေးမှုအစဉ်အလာအရပင် ပညာရှာဖွေမှုကို အားပေးကြသော လူ့အဖွဲ့အစည်းဖြစ်သည်။ "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်"ဟု ရှေးကပင် ဆုံးမတိုက်တွန်းခဲ့သော လူ့အဖွဲ့အစည်းဖြစ်သည်။ စာပေဖတ်ရှုခြင်းသည် နှလုံးရည်အတွက် အာဟာရတစ်ရပ်ဖြစ်သည့်အလျောက် စာကောင်းပေမွန်ကို ရွေးချယ်ကာ မပြတ်ဖတ်ရှုကြရေး တိုက်တွန်းအပ်ပါကြောင်း။ ။

## စာပေမြင့်မှ လူမျိုးတင့်မည်

# ရွှေတောင်မြို့နယ်၌ ကျောက်တန်းကောက်ညှင်းဆိုင်းပွဲတော် ပြုလုပ်



**ရွှေတောင် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်းရှိ ကျောက်မြင့်ကျေးရွာအုပ်စုအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများတွင် ရိုးရာဓလေ့အစဉ်အလာဖြစ်သည့် ကောက်ညှင်းဆိုင်းပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကောက်ညှင်းဆိုင်းပွဲတော်ကို ရှေးခေတ်ဘိုးဘွားများ အဆက်ဆက်လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ခန့်ကပင် အစဉ်အလာမပျက် ကျင်းပခဲ့ကြခြင်းဖြစ်ပြီး ယင်းပွဲတော်ကို ကျောက်မြင့်ကျေးရွာရှိ ကျောက်တန်းဘုရားကိုအစွဲပြု၍ ကျောက်တန်းကောက်ညှင်းဆိုင်းပွဲတော်ဟု ခေါ်ဆိုခဲ့ကြောင်း သိရသည်။ ရွှေတောင်မြို့နယ် ကျောက်မြင့်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကျောက်မြင့်ကုန်း၊ ရွာသစ်ကုန်း၊ ရွာဟောင်းကုန်း၊ ရွာသစ်ကြီး၊ ရွာသာယာ၊ ဆင်ငုံ၊ ထန်းကုန်း၊ မြေနီဝ စသည့် ကျေးရွာရှစ်ရွာတို့မှ ပြုလုပ်ခြင်းဖြစ်သည်။

ဒေသတွင်း ကျေးရွာများ၏ ကောက်ဦး၊ ပဲဦးအလှူအဖြစ် ကျင်းပခြင်းဖြစ်ရာ ပွဲတော်ပြုလုပ်သည့် သုံးရက်အတွင်း အနီးပတ်ဝန်းကျင် ကျေးရွာများ၊ ယခင်က ဤဒေသတွင် နေထိုင်ခဲ့ဖူးသည့် ဆွေမျိုးမိတ်သင်္ဂဟများ လာရောက်လည်ပတ်ကြသည့် အခြားသော ညှော့သည်များကို ကောက်ညှင်းဆိုင်းနှင့် ရိုးရာမုန့်များ၊ ထမင်းများနှင့် ဟင်းမျိုးစုံဖြင့် ညှော့ခံကျွေးမွေးသည့် ရှားရှားပါးပါး ချစ်စရာ မြန်မာ့ဓလေ့ထုံးစံတစ်ခုလည်း ဖြစ်သည်။

"ဒီပွဲတော်ကို ရှေးဆရာတော်ကြီးတွေ လက်ထက်ကတည်းက ပြုလုပ်ခဲ့တာပါ။ ဦးပဉ္စင်းတို့တောင် မမီခဲ့ပါဘူး။ အဲဒီကစပြီး ကောက်ဦး၊ ပဲဦးပေါ်တဲ့ ကောက်သစ်အချိန်မှာ ဒါနအနေနဲ့ ဖြစ်အောင် ဘုရားပွဲကိုလုပ်ကြတာပါ။ အဲဒီမှာ ကောက်ညှင်းဆိုင်းဆိုတဲ့ ရိုးရာပွဲတော်ဖြစ်လာပါတယ်" ဟု ကျောက်မြင့်ကျေးရွာရှိ ရွှေလရောင်စေတီနှင့် ပရိယတ္တိစာသင်တိုက်ဆရာတော် ဒေါက်တာ အရှင်ပညာဇောတမှ မိန့်ကြားသည်။

ထို့အတူ ရွှေလရောင်စေတီတော်ကြီးတွင် စိုက်ပျိုးသီးနှံများကို ချက်ပြုတ်၍ စုပေါင်းဆွမ်းတော်ကြီးတင် ဆက်ကပ်ပွဲကိုပါ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

ထင်သာမြင်သာ ပြုပြင်စရာ

# စလင်းမြို့ ရွှေစေတီလမ်း ဆိုးရွားစွာပျက်စီးနေမှု ပြုပြင်ပေးစေလို



မကွေးတိုင်းဒေသကြီး စလင်းမြို့ ဈေးမရပ်ကွက်နှင့် ပေါင်ပင်ဇင်းရပ်ကွက်နှစ်ခုကြား၌ တည်ရှိနေသော ရွှေလမ်းမှာ မိုးရေတိုက်စား၍ မပြုပြင်သည်မှာ ကြာပြီဖြစ်ပြီး လမ်းအရှည် ကိုက် ၅၀ ခန့်မှာ လမ်းကြောင်းတစ်လျှောက် ချိုင့်ကြီးများဖြစ်ပေါ်ကာ ယာဉ်တစ်စီးနှင့်တစ်စီး မရှောင်သာအောင် ဆိုးရွားစွာပျက်စီးနေသည်။

အဆိုပါလမ်းမှာ မြို့၏သာရေးနာရေးကိစ္စများတွင် အများဆုံးအသုံးပြုရသောလမ်းဖြစ်ပြီး ကျောင်းသားကျောင်းသူများ၊ ဈေးသွား၊ ဈေးပြန်များ၊ ယာဉ်များ၊ ဆိုင်ကယ်များ မပြတ်သွားလာရသောလမ်းဖြစ်နေသောကြောင့် ယင်းလမ်းမှာ ပျက်စီးနေသဖြင့် ခရီးသွားပြည်သူများ သွားလာရာတွင် အခက်တွေ့နေ၍ ဒေသခံများက အမြန်ဆုံးပြုပြင်ပေးရန်လိုလားလျက်ရှိကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၈-၁၀-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး ဒေါက်တာ လျန်မှုန်းဆာခေါင်းက “ဒီနေ့အစည်းအဝေးကတော့ UPDJC အစည်းအဝေးအတွက် ပြင်ဆင်မှုတွေလုပ်ပေးတဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမှာ ပြင်ဆင်ပြီးရင် ဘာတွေလုပ်သင့်တယ်ဆိုတာကို UPDJC ကို တင်ပြပြီးတော့ ဆုံးဖြတ်ချက်ချတဲ့အခါ ပိုပြီးအဆင်ပြေအောင် ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတာတွေကို ကြည့်ရင်တော့ ပြီးခဲ့တဲ့ NCA နှစ်ပတ်လည်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဒီနှစ်မကုန်ခင်မှာ ကျင်းပချင်တယ်ဆိုတော့ အဲဒါနဲ့ဆက်စပ်ပြီး လိုအပ်တဲ့အချက်တွေကို သုံးသပ်တယ်။ အဲဒီမှာ အဓိကအခက်အခဲသွားတွေ့တာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို နဂိုအတိုင်းပဲ နေရာတိုင်းမှာ လုပ်မလား၊ ဒါမှမဟုတ် ပြီးခဲ့တဲ့ဖြစ်စဉ်တုန်းက မလုပ်နိုင်သေးတဲ့ RCSS နေရာနဲ့ ALP နေရာတွေမှာပဲလုပ်မလား၊ အဲဒါလည်း လုပ်ဖို့ အဆင်မပြေဘူးဆိုရင် ဘယ်လိုလုပ်သင့်သလဲဆိုတာတွေကို ကျွန်တော်တို့ ဆွေးနွေးပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် ၎င်းက “ဒုတိယအနေနဲ့ကတော့ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဘယ်အကြောင်းအရာတွေကို ဆွေးနွေးမလဲ၊ ခေါင်းစဉ်တွေကို သတ်မှတ်ပေးဖို့၊ ခေါင်းစဉ်ဆိုတဲ့နေရာမှာ ပြီးခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံမှာ ဆုံးဖြတ်လို့မရတဲ့ အချက် နှစ်ချက်ရှိပါတယ်၊ အဲဒါကတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ အချက်ရယ်၊ ဖက်ဒရယ်မူနဲ့ပတ်သက်တဲ့ အချက်ရယ်ပါ။ နောက်ပြီး ပြီးခဲ့တဲ့ ညီလာခံမတိုင်ခင်တုန်းက အမျိုးသားနိုင်ငံရေးအဆင့်ဆွေးနွေးပွဲ ခြောက်နေရာမှာ ကျင်းပခဲ့တာ ရှိပါတယ်။ အဲဒီခြောက်နေရာမှာ ကျင်းပပြီးတက်လာတဲ့ အဆိုပြုလွှာ တွေဟာ ပြီးခဲ့တဲ့ညီလာခံမှာ မတင်နိုင်သေးတာတွေ အများကြီးရှိပါတယ်။ အဲဒါတွေ စုစည်းထားတာရှိပါတယ်။ အဲဒါတွေ အားလုံးပေါင်းရင် ဖက်ဒရယ်မူမှာ ခြောက်ခု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ လေးခု၊ လက်ကျန် ကိုးခုရှိပါတယ်။ အဲဒါတွေ အားလုံးကို မတင်ဘဲ အဆင်ပြေတာတွေ ရွေးချယ်ပြီးတင်ပြသွားမှာဖြစ်ပါတယ်”ဟု ဆက်လက်ပြောကြားသည်။

“တတိယဆောင်ရွက်မှုကတော့ ပြီးခဲ့တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံမှာ သဘောတူထားတဲ့ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းတွေကို လွှတ်တော်တင်ဖို့ကိုလည်း ဘယ်လိုအတည်ပြုချက်ရယူမလဲ ဆိုတာတွေကိုလည်း ပြင်ဆင်ရပါတယ်။ ၃၀ ရက်နဲ့ ၃၁ ရက်မှာ ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း လုပ်ပေးပါတယ်။ လုပ်ရင်း လုပ်ရင်း အခက်ခဲလေးတွေရှိပါတယ်။ ဘာလဲဆိုတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို အထူးသဖြင့် RCSS နဲ့ ALP နေရာတွေမှာ ကျင်းပဖို့ ခွင့်ပြုချက်မရသေးတာကတော့ တော်တော်လေးအခက်အခဲရှိပါတယ်”ဟု ဒေါက်တာ လျန်မှုန်းဆာခေါင်းက ပြောကြားသည်။

“ပြီးခဲ့တဲ့ ဒုတိယအကြိမ်ပင်လုံအစည်းအဝေးတုန်းက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို ခြောက်နေရာလုပ်ခဲ့တယ်။ တတိယအကြိမ်မှာတော့ လေးနေရာလောက် လုပ်နိုင်အောင် ကျွန်တော်တို့ ကြိုးစားနေတယ်၊ ငြိမ်းချမ်းရေးကော်မရှင်က လက်မှတ်ထိုးပြီးသား နှစ်နေရာမှာ လုပ်နိုင်အောင်ကြိုးစားနေတယ်။ မွန်ပြည်နယ်ကိုလည်း လူမျိုးအလိုက်သော်လည်းကောင်း၊ နောက်ဆုံး ဒေသအလိုက်သော်လည်းကောင်း လုပ်နိုင်ပြီးမှ တတိယအကြိမ်လုပ်နိုင်ခဲ့ရင် ညီလာခံကြီးဟာ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးဖြစ်လာမယ်။ တတိယအကြိမ် ပင်လုံကို ဒီဇင်ဘာလမှာ ကျင်းပဖို့ဆိုတာ လုပ်ငန်းစဉ်ကြည့်ရင်တော့ နိုင်ငံရေးဆွေးနွေးပွဲတွေ လေးနေရာလောက် ကျင်းပဖို့ရှိတော့ အချိန်အားဖြင့် အကျပ်အတည်းရှိပါတယ်။ နိုင်ငံရဲ့ ပုံရိပ်အတွက် အကောင်းဆုံးဖြစ်အောင် တစ်ဆင့်ချင်း တိုးတက်သွားစေချင်တယ်။ တတိယအကြိမ် ညီလာခံဟာ ဒုတိယအကြိမ်ထက် ပိုမိုပြည့်စုံအောင် ကြိုးစားသွားမှာပါ”ဟု ယနေ့အစည်းအဝေးနှင့် စပ်လျဉ်း၍ အတွင်းရေးမှူးအဖွဲ့ဝင် ဦးအောင်စိုးက ပြောသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်စိုး၊ ဦးဇော်ဌေး၊ ဦးနိုင်ငံလင်း၊ ဦးတာလုဖေ၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဦးမျိုးဝင်း၊ ဦးခွန်မြင့်ထွန်း၊ ဦးစိုင်းငင်း၊ ဒေါ်စောမြရာဇာလင်း၊ ဦးစိုင်းကျော်ညွန့်နှင့် ဦးမင်းကျော်ဇေယျာဦးတို့ တက်ရောက်ကြသည်။

**မျိုးမြင့်(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး ကျင်းပစဉ်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တာဝန်ရှိသူများက (၂၂)ကြိမ်မြောက် နိုင်ငံတကာရဲတီးဝိုင်းဖျော်ဖြေပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်
ဓာတ်ပုံ-ဇော်မင်းလတ်

❐ *ရှေ့ဖုံးမှ*

ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး ဟူသော ရည်မှန်းချက် တာဝန်လေးချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ အကူအညီများ ပေးနိုင်ရေး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိကြောင်း၊World Police Band Concert အခမ်းအနားကို ငြိမ်းချမ်းခြင်းနှင့် စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည့် အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းခြင်းနှင့် စည်းလုံးညီညွတ်ခြင်းကို ယနေ့အခမ်းအနားမှ ကမ္ဘာသို့ ထုတ်ဖော်ပြသခွင့်ရရှိစေခဲ့ပါကြောင်း၊ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုအကြား ချစ်ခင်မှုများ ပိုမိုတိုးတက်လာစေမည် ဖြစ်ကြောင်း၊ ယခု အခမ်းအနားမှ ဂျပန်၊ ဗီယက်နမ်၊ စင်ကာပူနိုင်ငံတို့မှ ရဲတီးဝိုင်း တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ချစ်ကြည်ရင်းနှီးဆက်ဆံမှု ပိုမိုမြင့်မားစေမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတကာရဲတီးဝိုင်း တေးသံစုံဖျော်ဖြေမှု (World Police Band Concert) ကို ကျင်းပရခြင်း ရည်ရွယ်ချက်မှာ နိုင်ငံလုံခြုံရေးနှင့် ငြိမ်းချမ်းရေး အမှတ်သင်္ကေတ ဖော်ဆောင်ရန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အခြားနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ အနုပညာနှင့် ယဉ်ကျေးမှု အတူတကွ ပူးပေါင်းဖလှယ်ပြီး ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်နှင့် ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့ဝင်များ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားကို ၁၉၉၆ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခု (၂၂)ကြိမ်မြောက်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ကျင်းပသော (၂၂)ကြိမ်မြောက် နိုင်ငံတကာရဲတီးဝိုင်းတေးသံစုံဖျော်ဖြေပွဲတွင် အိမ်ရှင် မြန်မာ၊ ဂျပန်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သီဆိုဖျော်ဖြေကြသည်။ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Higuchi Tateshi၊ The Mainichi Newspaper မှ အမှုဆောင်ဒါရိုက်တာ Mr. Hiorta Katsumi၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် လာရောက်သူများပြား

**တောင်ကြီး အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် နာမည်ကျော် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် တတိယနေ့ကို ယနေ့ဆက်လက်ကျင်းပခဲ့ရာ လာရောက်ကြည့်ရှုသူများ တစ်နေ့ထက်တစ်နေ့ များပြားလာသည်။ နာမည်ကျော်ပွဲတော် တစ်ခုဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုသူများအပြင် ပြည်ပခရီးသွားများပါ လာရောက်ကြည့်ရှုခဲ့ကြသည်ကို တွေ့ရသည်။

တတိယနေ့ မွန်းလွဲပိုင်းတွင် နေ့လွှတ်အရုပ်များ လွှတ်တင်ခဲ့ကြပြီး မွန်းတည့် ၁၂ နာရီနောက်ပိုင်းမှစ၍ လာရောက်ကြည့်ရှုသူများ တဖြည်းဖြည်းများပြားလာခဲ့ပြီး ညပိုင်းတွင် မီးပုံးပျံပွဲတော်ကျင်းပရာ အဝေရာကုန်းသာယာကွင်းအတွင်း အပြည့်ဖြစ်သွားခဲ့သည်။ ညပိုင်းတွင် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်ခဲ့ပြီး လူအများ စိတ်ဝင်စားကြသည့်အလျောက် မီးပုံးပျံများကလည်း ဆွဲဆောင်မှုရှိခဲ့သည်။ ရှမ်းအိုးစည်သံ တညံညံနှင့် မီးပုံးပျံကွင်း ရောက်သွားသည်မှာ အပျော်များကူးစက်စေခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားများမှာလည်း စိတ်ပါဝင်စားစွာ လေ့လာစောင့်ကြည့်နေကြသည်။

“တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဆိုတာ မြန်မာနိုင်ငံရဲ့ အထင်ကရ ပွဲတော်တစ်ခုဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်ကလူတွေ လာကြသလို တစ်နှစ်နဲ့တစ်နှစ် မတူအောင် စိတ်ဝင်စားမှုတွေပေးတာကြောင့် နှစ်တိုင်း လူတွေအများကြီးလာကြတာ ဖြစ်ပါတယ်။ မီးပုံးပျံပွဲတော်ကိုလာရင် ရှမ်းပြည်နယ်ရဲ့ တခြားအလှူတွေကိုလည်း လေ့လာခွင့်ရတာကြောင့် အလွန်ကိုပျော်ရွှင်ရပါတယ်”ဟု ရန်ကုန်မြို့မှ လာရောက်ကြည့်ရှုသူတစ်ဦးက ပြောသည်။ ယခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



ညမီးကြီး မီးပုံးပျံ လွှတ်တင်နေစဉ်

# မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည့် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့



**နေပြည်တော် အောက်တိုဘာ ၂၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းနှင့် ကဏ္ဍန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍ၊ မွေးမြူရေး ကဏ္ဍနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs)ကဏ္ဍနှင့် ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် နိုင်ငံတော်မှ ချေးငွေ ထုတ်ချေးပေးမည့် အစီအစဉ်များအား အသေးစိတ် ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအား ပြန်လည်ရှင်းလင်းသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ လပွတ္တာမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း ကြိုးစားရမည်ဖြစ်ကြောင်း၊ တက်ညီလက်ညီ ဆောင်ရွက်ပါက တိုးတက်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ လပွတ္တာမြို့ နှစ် (၁၀၀)ပြည့် အခမ်းအနားနှင့်လည်း တိုက်ဆိုင်ကြုံကြိုက်နေသဖြင့် အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြစေ လိုပါကြောင်း ဖြင့် ပြောကြားသည်။ ဆက်လက်၍ ရွှေနဒီခန်းမ၌ ကျင်းပသည့် လပွတ္တာမြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်ခဲ့ရာ အခမ်းအနားတွင် အလှူရှင် Excellent Fortune Foundation က ကွန်ပျူတာ အလုံး ၂၀ ၊ မီးသတ်ရေစုပ်စက်လေးလုံးနှင့် လပွတ္တာ ၃ မိုင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဝယ်ယူလှူဒါန်းထားသော အမှိုက်သိမ်းယာဉ် တစ်စီးနှင့် မီးသတ်ရေစုပ်စက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❍ *ကျောဖုံးမှ*

ရမှာဖြစ်ပါတယ်၊ ဒီကနေ့ ဆွေးနွေးသွားကြမယ့် စကားဝိုင်းရဲ့ ခေါင်းစဉ်နဲ့အညီ ကျွန်တော်တို့ပြည်နယ်အတွင်းမှာ လူငယ်ထုကို အမှန်တကယ်ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး အသိုင်းအဝိုင်းစုံလင်စွာနဲ့ ရှုထောင့်ပေါင်းစုံက ပါဝင်ဆွေးနွေးသွားကြမှာ ဖြစ်တဲ့အတွက် လူငယ်ထုနဲ့ ပြည်သူတို့ရဲ့အသိစိတ်မှာ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ပိုမိုစိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာမယ်လို့ ယုံကြည်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ “ပြည်နယ်ရဲ့ မှတ်တမ်းတွေအရ မူးယစ်ပြဿနာဟာ လူငယ်ထုအကြားမှာ ပိုမိုမြင့်မားလျက်ရှိတာကို တွေ့ရပြီး မိမိတို့အစိုးရအဖွဲ့အနေနဲ့ ဖမ်းဆီးအရေးယူဆောင်ရွက်မှုတွေအပြင် အသိပညာပေးလုပ်ငန်းတွေကို အစိုးရဌာနများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ သို့သော်လည်း မူးယစ်ဆေးဝါးဟာ လူငယ်ထုအတွင်း အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ တငွေ့ငွေ့လိုက်စားလောင်ကျွမ်းလာသလို ကြီးမားစွာခြိမ်းခြောက်လာနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်နွံအတွင်း နစ်ဆင်းနေတဲ့ လူငယ်လူရွယ်တွေကို ကျွန်တော်တို့ အားလုံးက ကယ်ထုတ်ဖို့ ကြိုးပမ်းကြရမှာဖြစ်သလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါးတွေကို အမြစ်ပါမကျန် တွန်းလှန်ဖယ်ရှားပေးကြဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိနေကြပါတယ်၊ ဒီလိုဆောင်ရွက်နိုင်ဖို့ အစိုးရအဖွဲ့အစည်းတစ်ခုတည်း၊ တရားဥပဒေတစ်ခုတည်းကိုသာ အားကိုးနေလို့မရဘဲ ပြည်သူအားလုံးက အသိစိတ်ကိုယ်စီနဲ့ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မှတ်ယူပြီး ကာကွယ်တွန်းလှန်သွားကြဖို့ လိုအပ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ မည်သို့အဖြေရှာဖြေရှင်းသင့်သည်ကို ပြည်နယ် ဥပဒေချုပ် ဦးဒီဆင်ရမ်က “ဒီနေ့ဆွေးနွေးပွဲဟာ လူငယ်ထုကိုခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ဆိုတဲ့ ခေါင်းစဉ်ဖြစ်သော်လည်း အမှန်ကတော့ လူငယ်ထုတွေတင်မကဘဲ လူကြီးတွေမှာပါ ဒီမူးယစ်ဆေးဝါးအန္တရာယ်ရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်ကို ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအထိ ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်တွေကိုပါ သတ်မှတ်ပေးထားတာဖြစ်ပါတယ်၊ ကချင်ပြည်နယ်အတွင်းမှာ မူးယစ်ဆေးဝါးဟာ လူငယ်ထုကိုသာမက အားလုံးကိုခြိမ်းခြောက်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုပါဝင်ပြီးတော့ ဒီအန္တရာယ်ကိုဝိုင်းဝန်းတားဆီးကာကွယ်မယ်ဆိုရင် ဒီလိုအန္တရာယ်ကြီးမားတဲ့ မူးယစ်အန္တရာယ်ကို နည်းလမ်းတစ်မျိုးမျိုးကနေ လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက်၊ ကျေးရွာတိုင်းမှာရှိတဲ့ ပြည်သူလူထု၊ ကျောင်းသား၊ အလုပ်သမားတွေ အားလုံးပါဝင်တဲ့ ယခုလို စကားဝိုင်းဆွေးနွေးပွဲတွေဆောင်ရွက်ပေးမယ်၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်တဲ့လုပ်ငန်းတွေ၊ တာဝန်တွေကို လူတိုင်း ကျေပွန်စွာထမ်းဆောင်မယ်ဆိုရင် ဒီအန္တရာယ်ကို ကျွန်တော်တို့အများကြီး လျှော့ချသွားနိုင်မှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

## မူးယစ်ဆေးဝါးဟာ သုံးစွဲသူတွေကို ကျွန်ပြုတယ်လို့ထင်တယ်၊ ကျွန်ပြုခံရပြီဆိုရင် သူ့ရဲ့စေစားရာအတိုင်း လုပ်ဆောင်ရတယ်၊ လွှမ်းမိုးမှုတွေခံရတဲ့အတွက် ဘဝတွေဟာ တည်ငြိမ်မှုမရှိတော့ပဲ ဒီအရာမရှိရင် အသက်မရှင်နိုင်တော့ဘူး ဖြစ်သွားတယ်

နေပြီး တစ်နည်းအားဖြင့် ပြောရရင်တော့ ကျွန်တော်တို့ ပန်းကောင်းအညွန့်ချိုးဆိုတဲ့အခြေအနေကို ရောက်ရှိနေပါပြီ။ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့အခြေအနေတွေကို ကျွန်တော်တို့ဘယ်လိုကြုံတွေ့နေရတယ်။ ဘယ်လိုရင်ဆိုင်နေရတယ်၊ ဘယ်လိုကာကွယ်တားဆီးကြမယ်ဆိုတာကို ဒီနေ့စကားဝိုင်းမှာ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒေသတွင်းကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက “မူးယစ်ဆေးဝါးပပျောက်ဖို့အတွက် ဆန္ဒဖော်ထုတ်ပွဲတွေ ဘယ်လောက်လုပ်လုပ် ပြည်နယ်အတွင်းက ရပ်ကွက်၊ ကျေးရွာ၊ မြို့တွေမှာ မူးယစ်ဆေးဝါးရောင်းချသူတွေဟာ လူမှုအသိုက်အဝန်းကြားမှာ ရှိနေသေးပါတယ်။ ဒီကနေ့ ခိုးဆိုးလုနှိုက်တဲ့ပြဿနာတွေရဲ့ အရင်းအမြစ်ဟာ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးများသာဖြစ်ပါတယ်၊ ယနေ့ လူငယ်တွေရဲ့စိတ်ဓာတ်တွေကို ပြောင်းလဲပေးရမှာဖြစ်တဲ့အတွက် လူငယ်တွေကို နေရာပေး ဆွေးနွေးစေရမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က “ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်ရင် မိမိတို့ရဲ့အနာဂတ်လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးသာယာလုပအောင် အနာဂတ်ရဲ့မျိုးဆက်သစ်တွေကို Social Capital လို့ခေါ်တဲ့ လူမှုအရင်းတွေ၊ Intellectual Capital လို့ခေါ်တဲ့ ဉာဏအရင်းတွေကို အပြိုင်အဆိုင်စိုက်ထုတ်ပြီးတော့မှ ပြုစုပျိုးထောင်နေတာကို အားလုံးတွေ့ကြရမှာဖြစ်ပါတယ်။

“တစ်ဖက်ကလည်း အဲဒီလိုပြုစုနေသလို တစ်ဖက်မှာလည်းပဲ လူငယ်မျိုးဆက်သစ်တွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပူးသတ်ဖျက်ဆီးနေတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကလည်းပဲ ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့နေကြရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ယနေ့အချိန်မှာ မူးယစ်ဆေးဝါးဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်၊ ကျွန်တော်တို့ရဲ့ အနာဂတ်ကို ဖျက်ဆီးဖို့အတွက် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ စနစ်တကျ ဖျက်ဆီး

လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးဖြင့် ဘဝပျက်စီးဆုံးရှုံးပုံကို မည်သို့ အသိပညာပေးဆောင်ရွက်ရန် လိုအပ်ပုံနှင့်ပတ်သက်၍ စာပေပညာရှင်စာရေးဆရာမ ပုညခင်က “ယနေ့လူငယ်တွေ မူးယစ်ဆေးဝါး ဘာကြောင့်စွဲသလဲကြည့်လိုက်တော့ အစွန်းနှစ်ဖက်ကို တွေ့ရပါတယ်၊ တစ်ဖက်က ချမ်းသာလွန်းအားကြီးတဲ့သူတွေဟာ မူးယစ်ဆေးဝါးကို အလွယ်တကူဝယ်ယူ သုံးစွဲနိုင်ကြတယ်၊ တချို့က မိဘအထိန်းအကွပ်နဲ့ ချစ်ခြင်းမေတ္တာမရတော့ စိတ်ပိုင်းဆိုင်ရာလိုအပ်မှုတွေဖြစ်လာပြီး လိုအပ်မှုတွေ၊ လစ်ဟာမှုတွေကို ပေါပေါများများသုံးစွဲနိုင်တဲ့ ငွေကြေးကိုအသုံးချပြီး ချစ်ခြင်း မေတ္တာကွက်လပ်နေရာကို အစားထိုးတဲ့အနေနဲ့ သုံးစွဲနေကြတာကို တွေ့ရတယ်၊ နောက်သိပ်ဆင်းရဲတဲ့သူတွေကျတော့လည်း သူတို့မှာ ပညာမသင်နိုင်တဲ့အတွက် အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားနည်းပါးလာပြီး စိတ်ဆင်းရဲမှုတွေ၊ ပင်ပန်းနာကျင်မှုတွေ ဖြေဖျောက်ဖို့အတွက် သုံးစွဲကြတာကိုတွေ့ရပါတယ်၊ တချို့က စမ်းသပ်ချင်တဲ့အတွက်ကြောင့် သုံးစွဲကြတာတွေ့ရပါတယ်။ နောက်တစ်ခုက အနုပညာနယ်ပယ်မှာ ဒီမူးယစ်ဆေးဝါးက စိတ်ကိုပြောင်းလဲစေတဲ့ အစွမ်းအာနိသင်ရှိတယ်ဆိုပြီး စိတ်ကူးဆန်းသစ်မှုတွေလိုအပ်တဲ့အတွက် သုံးစွဲလာကြတယ်၊ ကျွန်မကတော့ မူးယစ်ဆေးဝါးဟာ သုံးစွဲသူတွေကို ကျွန်ပြုတယ်လို့ထင်တယ်၊ ကျွန်ပြုခံရပြီဆိုရင် သူ့ရဲ့စေစားရာအတိုင်း လုပ်ဆောင်ရတယ်၊ လွှမ်းမိုးမှုတွေခံရတဲ့အတွက် ဘဝတွေဟာ တည်ငြိမ်မှုမရှိတော့ဘဲ ဒီအရာမရှိရင် အသက်မရှင်နိုင်တော့ဘူးဖြစ်သွားတယ်၊ ဒါကြောင့် မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေဟာ သူတို့ကို တစ်နည်းတစ်ဖုံ ကျွန်ပြုခံရတယ်ဆိုတာကို သူတို့သိအောင် ပညာပေးမှုတွေအများကြီးလိုအပ်တယ်လို့ ထင်ပါတယ်၊ ဘယ်လိုပညာပေးမှုတွေ လိုအပ်တယ်ဆိုတာကို ဆွေးနွေးသွားဖို့လိုအပ်ပါတယ်”ဟု ဆွေးနွေးပြောကြားသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူ မြစ်ကြီးနားတက္ကသိုလ် သမိုင်းမဟာဒုတိယနှစ် တက်နေသော မငြိမ်းငြိမ်းရွှယ်က “ဒီဆွေးနွေးပွဲကို Facebook ကနေ တစ်ဆင့်တွေ့လို့ တက်ရောက်ဖြစ်တာဖြစ်ပါတယ်၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ဟောပြောဆွေးနွေးတဲ့အပေါ်မှာ ဒီမူးယစ်ဆေးဝါးရဲ့ဆိုးကျိုးတွေကို ပိုပြီးသိလာတယ်၊ ကိုယ့်မောင်တွေ ညီမတွေကို ပြန်ဝေမျှပေးချင်တယ်၊ ကိုယ်တိုင်လည်း အသိတရားရတဲ့အပေါ် လိုက်နာနေထိုင်မယ်လို့ တွေးမိပါတယ်၊ ဒီအန္တရာယ်က ကိုယ့်ကို ခြိမ်းခြောက်နေတယ်လို့လည်း ခံစားရတယ်၊ ဆေးသုံးသူတွေရဲ့ လုယက်မှုတွေ အရင်ကထက်များလာတဲ့အတွက် လုံခြုံမှုမရှိတော့ပါဘူး၊ မူးယစ်ဆေးဝါးဟာ လူ့ခန္ဓာကိုရော စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားကိုပါ ပျက်စီးစေတယ်လို့ မြင်မိပါတယ်”ဟု မူးယစ်ဆေးဝါးကြောင့် ကြုံတွေ့နေရသည်များကို ရှင်းလင်းပြောကြားသည်။

ယနေ့ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်ပြီး ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန်၊ လျှော့ချနိုင်ရန်အတွက် ဦးဆောင်ဆွေးနွေးသူများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအသီးသီးအတွက် ရှုထောင့်ပေါင်းစုံမှ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

---

❋ *ကျောဖုံးမှ*

လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထားပြီး အာရှဘောလုံးအဖွဲ့ချုပ်က ပြန်ကစားမည့်ရက်ကို အတည်မပြုသေးပေ။ မြန်မာအသင်းသည် သုံးပွဲကစားအပြီးတွင် လေးမှတ်ရထားပြီး အုပ်စုတတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ မြန်မာအသင်းပါဝင်သောအုပ်စု(က)တွင် အိန္ဒိယအသင်းက ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်ပြီး လက်ကျန်တစ်နေရာအတွက် မြန်မာနှင့် ကာဂျစ္စတန်အသင်း အပြိုင်ဖြစ်နေသည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ**- ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**-ဂျတ်ဖရိုင်းဒရစ်၊ **လက်ထောက်နည်းပြ**-ဦးကြည်လွင်၊ ဦးမြင့်ကို၊ **ကြံ့ခိုင်ရေးနည်းပြ** ပိုပေါ့စကီး၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး**-သီဟစည်သူ(ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ဝင်းမင်းထွန်း၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်(ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ ကျော်ဇင်လွင်(မကွေး)၊ သီဟထက်အောင်(ချင်းယူနိုက်တက်)၊ **အလယ်တန်း**-စည်သူအောင်၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ သက်နိုင်(ရတနာပုံ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရန်နိုင်ဦး၊ တင်ဝင်းအောင်၊ ဇင်မင်းထွန်း(ရှမ်းယူနိုက်တက်)၊ ရန်အောင်ကျော်၊ ကြည်လင်း (ရန်ကုန်)၊ မင်းမင်းသူ (ရောဝတီ)၊ **ရှေ့တန်း**-အောင်သူ(ရတနာပုံ)၊ ကျော်ကိုကို(ရန်ကုန်) နှင့် သန်းပိုင်(ချင်းယူနိုက်တက်)တို့ပါဝင်သည်။ **သတင်း-ရဲရင့်ရှိုင်း**



**မြန်မာ့လက်ရွေးစင်အသင်း ရှေ့တန်းတိုက်စစ်မှူး ကျော်ကိုကို။** ဓာတ်ပုံ-စိုးညွှန့်

---

● *ကျောဖုံးမှ*

နေပြည်တော်အသင်းနှင့် တွေ့ဆုံနေသောကြောင့် ပွဲမကစားရဘဲ သုံးဂိုး၊ သုံးမှတ်ဖြင့် အနိုင်ရမည်ဖြစ်သည်။

ချန်ပီယံဆုအတွက် ရှမ်းယူနိုက်တက် နှင့် ရန်ကုန်အသင်းတို့ အပြိုင်ဖြစ်နေသောကြောင့် ပြိုင်ပွဲကျင်းပရေးသည် ပွဲအပြီး တွင် ဆုပေးပွဲအခမ်းအနား ကျင်းပနိုင်ရန် အခမ်းအနားအပြင် နှစ်ခုနှင့် ဆုဖလား နှစ်ခု စီစဉ်ထားကြောင်း သိရသည်။ ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် သိန်း ၁၀၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၇၅၀၊ တတိယဆု ငွေကျပ် သိန်း ၅၀၀ ချီးမြှင့်မည် ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲခဲ့ပါက ချန်ပီယံအသင်းသစ် ထွက်ပေါ်မည်ဖြစ်ပြီး ရန်ကုန်အသင်း ဗိုလ်စွဲခဲ့ပါက (၅)ကြိမ်မြောက် ဗိုလ်စွဲမှုဖြစ်လာမည်ဖြစ်သည်။ **သတင်း- ညီမြတ်သော်တာ**

---

## မြန်မာ့ရုပ်မြင်သံကြား

၂၉ -၁၀-၂၀၁၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၉း၁၀ - **ရေ၊ မြေ၊ လေထုညစ်ညမ်းမှု လူသားအားလုံးသတိပြု**
- ၁၁း၀၀ - လုံမမှတ်စု (အပိုင်း-၉)
- ၁၁း၁၅ - လှပစုံလင် အာဆီယံတစ်ခွင်
- ၁၂း၃၀ - မြန်မာဂန္ထဝင်ရုပ်ရှင် **တတိယအရွယ်၏ ဒုတိယဝေဒနာ** ညွန့်ဝင်း၊ ထွန်းဝေ၊ ခင်သီတာထွန်း၊ ထွန်းထွန်းဝင်း (ဒါရိုက်တာ-ကျော်သိုက်ထွန်း)

**ညပိုင်း**

- ၁၄း၄၅ - Myanmar National League MNL CEMENT 2017 **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်)**
- ၁၈း၂၀ - ကြယ်တွေပျော်တဲ့ည
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၁၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၀ - **ငြိမ်းချမ်းရေးဂီတပွဲတော် တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်** (Level-2) (ပွဲစဉ်-၄) (နေပြည်တော်)

# တိုင်းပြည်ဖွံ့ဖြိုးမှုမှာ စာပေလေ့လာမှုက အရေးကြီးတဲ့အခန်းကဏ္ဍမှ ပါဝင်နေ

**စာရေးဆရာကြီးဦးသိန်းသန်းထွန်း(သိန်းသန်းထွန်း)**

**စာရေးဆရာကြီးဦးသိန်းသန်းထွန်း(သိန်းသန်းထွန်း)**
**(အမျိုးသားစာပေတစ်သက်တာဆုရှင်)**

စာရေးတယ်ဆိုတာ အနုပညာဖန်တီးမှုလို့ပဲ ခံယူထားတာဆိုတော့ ပီတိကိုစား အားဖြစ်စေခဲ့တဲ့ ဆရာကြီးတို့လို စာရေးဆရာတွေရဲ့ ဘဝမှာ အခုလိုရွေးချယ်ချီးမြှင့်တဲ့ အမျိုးသားစာပေတစ်သက်တာဆုကိုရခဲ့တာ အတိုင်းမသိ ဝမ်းသာပါတယ်။ ပျော်လည်း ပျော်ပါတယ်။ စာရေးဆရာဆိုတာ ဝါသနာကိုပဲ အရင်းခံပြီး ဘာကိုမှမျှော်ကိုးပြီး ရေးခဲ့တာမဟုတ်ပါဘူး။ ဒါဟာဘယ်လို ဝမ်းသာမှုမျိုးနဲ့မှ လဲလို့မရနိုင်တဲ့ ဘဝရဲ့မှတ်တမ်းသစ်တစ်ခုပါ။ ဆရာကြီးက ကဗျာတွေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်တွေ၊ လုံးချင်းဝတ္ထုတွေ၊ ဆောင်းပါးတွေနဲ့ သမိုင်းသုတေသနတွေ စာတမ်းတွေကို ရေးသားခဲ့ပါတယ်။ ယနေ့ခေတ်လူငယ်တွေကို ပြောချင်တာကတော့ စာကောင်းပေမွန်တွေကို ရွေးချယ်ဖတ်မှတ်စေချင်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမှာ စာပေလေ့လာမှုက အရေးကြီးတဲ့ အခန်းကဏ္ဍမှ ပါဝင်နေပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့က လူတိုင်းစာဖတ်ဖို့ လိုအပ်ပါတယ်။

စာရေးဆရာကြီး ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း) သည် အသက် ၈၅ နှစ်ရှိပြီဖြစ်ပြီး ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် ကျော်ကြားခဲ့သော ဘယ်ပန်းချီရေးလို့မမီ၊ မိုးတစေ၊ မပန်ပါနဲ့ ကြွေချင်တယ်၊ အချစ်ရူးလေးရဲ့ အချစ်ဦးစသည့်ဝတ္ထုများ ရေးသားထုတ်ဝေခဲ့သည်။ ကလေးစာပေနှင့် ပတ်သက်၍လည်း တို့ပြည်ထောင်စုကလေးကဗျာများ စာအုပ်ထုတ်ဝေခဲ့ပြီး လတ်တလောကဗျာများစွာနှင့် ဆောင်းပါးများလည်း ရေးသားနေဆဲဖြစ်သည်။ ဆရာကြီးကို ပုသိမ်ခရိုင် ငသိုင်းချောင်းမြို့နယ် ချောင်းဝကျေးရွာ၌ ၁၉၃၂ ခုနှစ်တွင် ဦးငွေထွန်းနှင့် ဒေါ်စောတို့က မွေးဖွားခဲ့သည်။



စာရေးဆရာကြီး ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း) (အမျိုးသားစာပေ တစ်သက်တာဆုရှင်)

**ညီပုလေး**
**ဝတ္ထုရှည် (အမျိုးသားစာပေဆု)**

အခုအမျိုးသားစာပေဆုရခဲ့တဲ့ ထက်မြက်တဲ့ ဓားသွားပေါ်က ချိုချိုမြမြပျားရည်စက်ဝတ္ထုရှည်ဟာ မြန်မာနိုင်ငံမှာ စာဖွဲ့ရ



ညီပုလေး (ဝတ္ထုရှည်)
(အမျိုးသားစာပေဆု)

မယ့် ခွဲစိတ်ဆရာဝန်တစ်ဦးရဲ့ ဘဝဖြတ်သန်းမှုကို အခြေပြုထားတဲ့ ဝတ္ထုရှည်ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်တဲ့ နာဂတိုင်းရင်းသားတွေရဲ့ ကျန်းမာရေးကို စာနာထောက်ထားတဲ့ စိတ်နဲ့ ခက်ခက်ခဲခဲစွန့်စွန့်စားစား ကုသပေးနေတဲ့ ဆရာဝန်တစ်ဦးရဲ့ ဦးခေါင်းကို အပေါင်ထားပြီး ကုသပေးရတဲ့ နာဂနတ်အဖြစ် နာဂတိုင်းရင်းသားတွေအကြားမှာ ယုံကြည်ကိုးစားခံရသော ဒေါက်တာနာဂသိန်းနိုင်ရဲ့ခက်ခဲကြမ်းတမ်းမှုတွေ၊ စိန်ခေါ်မှုတွေအပြင် အန္တရာယ်တွေ ရောပြွမ်းနေတဲ့ ဘဝကို ရေးဖွဲ့ခဲ့တာပါ။ လမင်းရဲ့ချိုဘဝနဲ့ လက်ခုပ်သံ၊ မြေသူကြီး စတဲ့လုံးချင်းဝတ္ထုများရေးခဲ့ပြီး ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက်ဟာ ကျွန်တော့်ရဲ့ တတိယမြောက် လုံးချင်းဝတ္ထုစာအုပ်ဖြစ်ပါတယ်။ ဒီနှစ် အမျိုးသားစာပေဆုတွေဟာ စာဖတ်ပရိသတ်နှစ်သက်စွာဖတ်ရှုကြတဲ့ စာအုပ်တွေ ချီးမြှင့်တဲ့ စာပေဆုလို့ စာပေအသိုင်းအဝန်းက ချီးကျူးသံ ပြန်ကြားရတဲ့အတွက် အခုရတဲ့ အမျိုးသားစာပေဆုကို တန်ဖိုးထားမိ တယ်။ ဒီမိုကရေစီအစိုးရ သစ်လက်ထက်မှာ ချီးမြှင့်ခံရတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျေးဇူးကြီးတဲ့ မိဘနှစ်ပါးနဲ့ အနေဝေးကြရတဲ့ ဆွေမျိုးတွေကို ဆုချီးမြှင့်တဲ့ သတင်းကြားမိတဲ့အခါ လွမ်းဆွတ်သတိရ အောက်မေ့မိပါတယ်။

ထက်မြက်တဲ့ ဓားသွားပေါ်က ချိုချိုမြမြပျားရည်စက်ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သော စာရေးဆရာကြီး ညီပုလေးကို မန္တလေးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း လက်ဆည်ကန်ရပ်ကွက်နေ စာရေးဆရာ၊ သတင်းစာဆရာ လူထုဦးလှနှင့် လူထုဒေါ်အမာတို့က မွေးဖွားခဲ့သော အထွေးဆုံးသားတစ်ဦးဖြစ်သည်။ ငယ်နာမည်ရင်းမှာ မောင်ငြိမ်းချမ်းဖြစ်သည်။ စိန့်ပီတာအထက်တန်းကျောင်း ယခု အထက-၉ မန္တလေးတွင် အခြေခံပညာ အထက်တန်းကျောင်းအောင်မြင်ခဲ့ပြီး မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒသိပ္ပံဘွဲ့ကို ၁၉၈၀ ပြည့်နှစ်တွင် ရရှိခဲ့သူဖြစ်ပြီး ၁၉၈၅ ခုနှစ်တွင် စာပေလောကထဲသို့ စတင်ဝင်ရောက်ခဲ့ ကာ ယခုအမျိုးသားစာပေဆုအပြင် အခြားစာပေဆုများလည်း ရရှိထားသူတစ်ဦးဖြစ်သည်။

**မောင်တင်စိုး(သစ်ရာကောက်)**
**ကလေးစာပေ(အမျိုးသားစာပေဆု)**

ကဗျာသမား တစ်ယောက်အနေနဲ့ ကလေးစာပေတွေကို တစိုက်မတ်မတ်ရေးတဲ့ ရလဒ်အဖြစ် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံရတဲ့အတွက် အထူးပင် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကလေးကဗျာနဲ့ ကလေးပုံပြင်တွေကို ကျန်းမာရေး



မောင်တင်စိုး(သစ်ရာကောက်)
ကလေးစာပေ(အမျိုးသားစာပေဆု)

က ခွင့်ပြုသလောက် ဆက်လက်အားထုတ် ရေးသွားမှာပါ။ ကဗျာဆိုတာ လူတွေရဲ့စိတ်ထားကို နူးညံ့တက်ကြွစေပါတယ်။ ကဗျာကို ဖတ်ရုံဖတ်တာ မဟုတ်ဘဲ ရွတ်ဆိုပြီးတော့ ကျောင်းတွေမှာလည်း သင်ကြားစေချင်တယ်။ ကဗျာကို ဖတ်ရုံမဟုတ်ဘဲ ရွတ်ဆိုသင်ကြားပေးဖို့ ယနေ့ခေတ် ဆရာ၊ ဆရာမတွေကို တိုက်တွန်းပြောကြားချင်ပါတယ်။ ယနေ့ခေတ်လူငယ်တွေ အထူးမှာကြားချင်တာက စာပေမူလဇာတိကို မစွန့်လွှတ်ဘဲ ဆက်လက်ထိန်းသိမ်းသွားကြဖို့ ယနေ့ခေတ်လူငယ်တွေကို တိုက်တွန်းချင်ပါတယ်။

ကဗျာကျောင်းနှင့် ဒေါင်းမလေး ကလေးစာပေ အမျိုးသားစာပေဆု ရရှိခဲ့သော ဆရာကြီးမောင် တင်စိုး (သစ်ရာကောက်)ကို မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သစ်ရာကောက်ရွာတွင် ဦးမြနှင့် ဒေါ်သန်းတို့က ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဆရာကြီးသည် ဝိဇ္ဇာဘွဲ့နှင့် ပညာရေးဘွဲ့တို့ကို ဆည်းပူးသင်ယူတတ်မြောက်ခဲ့ပြီး အထက်တန်းကျောင်းသားဘဝကပင် စာပေလောကထဲသို့ ချည်းနင်းဝင်ရောက်လာသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ယခုရရှိသော စာအုပ်သည် ငါးအုပ်မြောက်တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေဟင်**
**ဝတ္ထုတိုပေါင်းချုပ် (အမျိုးသားစာပေဆု)**

အမျိုးသားစာပေဆုရတော့ ပထမတော့ အံ့သြမိပါတယ်။ နောက်တော့ ဝမ်းသာမှု၊ ရင်ခုန်စိတ်လှုပ်ရှားမှုတွေ ပါရှိခဲ့တယ်။ ဘာလို့လဲဆိုတော့ ဒီဆုဟာ ကျွန်တော့် အတွက် ကျွန်တော့်ပခုံးပေါ်က တင်ပေးလိုက်တဲ့ တာဝန်တစ်ရပ်လို့ ခံယူမိလို့ပါ။ ဘာတာဝန်လဲဆိုရင် စာပေတာဝန်ပါပဲ။ စာပေတာဝန်မှာ ကျွန်တော်က ဝတ္ထုတိုတွေ ရေးတဲ့သူဆိုတော့ ဝတ္ထုတိုအပေါ် ကျွန်တော်ထားရမယ့် တာဝန်ပါ။ ကျွန်တော်တတ်နိုင်တဲ့နေရာကနေ နိုင်သလောက်စောင့်ရှောက်ရမယ့် တာဝန်ပါပဲ။ အဲဒီလိုစိတ်မျိုးကို ၂၀၁၁ ခုနှစ် ကျွန်တော် ရွှေအမြုတေ စာပေဆုရတုန်းကလည်း ခံစားမိပါတယ်။ လူဆိုတာကတော့ ကိုယ်ကျင်လည်ရာလောကကို ကိုယ်တတ်နိုင်သလောက် စောင့်ရှောက်ရမှာ လူ့တာဝန်ပဲဖြစ်ပါတယ်။အဲဒီတော့ နိုင်သလောက် တာဝန်ယူချင်တဲ့ သဘောပါ။ ဒီဆုဟာ ကျွန်တော့်ရဲ့ ၁၂ နှစ်တာ စာပေဖြတ်သန်းမှုအတွက် အမှတ်တရပါပဲ။ အဲဒီအတွက် ကျွန်တော့်မိဘတွေရယ်၊ ဆရာဦးဝင်းငြိမ်းရယ်၊ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီက ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူး



မင်းဝေဟင်(ဝတ္ထုတိုပေါင်းချုပ်)
(အမျိုးသားစာပေဆု)

အထူးတင်ကြောင်းပြောပါရစေ။ လက်ရှိ ဝတ္ထုလောကကတော့ တည်ငြိမ်တယ်လို့ ပြောလို့ရပါတယ်။ တည်ငြိမ်တယ်လို့ ပြောတာဟာ မှေးမှိန်တယ်လို့ ဆိုလိုချင်တဲ့ သဘောမျိုးမဟုတ်ပါဘူး။ သူ့အရွေ့နဲ့သူ သွားနေပါတယ်။ ကျွန်တော် ထင်ပါတယ်။ ရသစာပေဝတ္ထုတိုဟာ သူ့ပုံစံနဲ့ သူ့နေရာနဲ့သူ အခိုင်အမာရှိနေပါသေးတယ်။ ဆက်ပြီးလည်း ရှိနေဦးမယ်လို့ ယုံကြည်ပါတယ်။ ဒီအတွက် ကျွန်တော့်လို ရသဝတ္ထုတိုရေးတဲ့ သူတွေဘက်ကလည်း အမြဲတစေ ကြိုးစားအားထုတ်နေဖို့ လိုအပ်သလို စာဖတ်ပရိသတ်ကလည်း ရသစာပေကို နှစ်သက်မြတ်နိုးစွာ ဖတ်ရှုနေဖို့ လိုအပ်ပါတယ်။ နှလုံးသားရော ဦးနှောက်ပါ ညီညီမျှမျှ တွေးခေါ်ဆင်ခြင်နေနိုင်ဖို့ လူတိုင်းဟာ ရသစာပေနဲ့ နီးစပ်နေမှ ဖြစ်မှာပါ။ ဒါအင်မတန်ရိုးရှင်းတဲ့ အဖြေတစ်ခုပါပဲ။ စာပေနှင့် ပတ်သက်ပြီး ရည်ရွယ်ချက်ကတော့ လမ်းပန်း ဆက်သွယ်ရေးကအစ ခေါင်လှတဲ့ ကျွန်တော်တို့ မွေးရပ်မြေလေးမှာ စာကြည့်တိုက်လေး တစ်ခု ဖွင့်ချင်တာပါ။ ဒီရွာကနေ ကျွန်တော့်ဘဘကြီးရဲဘော် သုံးကျိပ်ဝင် ဗိုလ်မှူး ဇင်ယော်ကို မွေးဖွားခဲ့ပါတယ်။ ဘဘကြီး မလုပ်ဖြစ်ခဲ့တဲ့ စာကြည့်တိုက်လေးကို ကျွန်တော် လုပ်ချင်တယ်။ ကျွန်တော်တာဝန်ကျေချင်ပါတယ်။

စာရေးဆရာ မင်းဝေဟင်ကို ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အေးရွာတွင် ၁၉၇၈ ခုနှစ်တွင် ဦးအောင်ကြည်စိန်နှင့် ဒေါ်ရင်သန်းတို့က မွေးဖွားခဲ့သည်။ ငယ်နာမည်အရင်းက လှိုင်မင်းအောင်ဖြစ်ပြီး ၁၉၉၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့ကာ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ သိပ္ပံဘာသာတွဲ (ရူပဗေဒ) အထူးပြုရရှိခဲ့ပြီး ကျူရှင်ဆရာအနေဖြင့် အသက်မွေးဝမ်းကျောင်းပြုရင်း ရွှေအမြုတေမဂ္ဂဇင်းကနေ အဖြူရောင် ကြက်ခြေခတ်များဆိုသော ဝတ္ထုတိုနှင့် စာပေလောကထဲသို့ စတင်ချည်းနင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ရွှေအမြုတေစာပေဆုရခဲ့ပြီး အခြားစာပေဆုသုံးဆုကိုလည်းရရှိခဲ့ကာ အခု အမျိုးသားစာပေဆုရသော လရိပ်အောက်က မိုးတိမ်ဝတ္ထုတိုပေါင်းချုပ်သည် တတိယစာအုပ်ဖြစ်သည်။

**တွေ့ဆုံမေးမြန်း-**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## ပင်လယ်ကမ်းစပ်ဒေသ သဘာဝဘေးဆိုင်ရာ အသိပညာပေး

**ဖျာပုံ အောက်တိုဘာ ၂၈**

ပင်လယ်ကမ်းစပ်ဒေသဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့ တယ်ပင်ဆိပ်ကျေးရွာအုပ်စု ဖိုးဦးဇံကျေးရွာ၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သဘာဝဘေးအန္တရာယ်လျှော့ချခြင်းနှင့် ပြောင်းလဲနေသော ရာသီဥတုနှင့် လိုက်လျောညီထွေစွာနေထိုင်ခြင်း အသိပညာပေးသင်တန်းကို အောက်တိုဘာ ၂၆ရက် နံနက် ၉နာရီတွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

သုံးရက်ကြာဖွင့်လှစ်မည့် အဆိုပါသင်တန်းတွင် ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီသီချိုနှင့် အကြီးတန်းစာရေး ဒေါ်ဒေလီမြင့်တို့က သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာများဆွေးနွေးပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တယ်ပင်ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးပြပွဲ ညောင်ဦးမြို့၌ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၂၈**

ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးမှု အစီအစဉ်အရ ညောင်ဦးမြို့အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းတို့ ပူးပေါင်း၍ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးပြပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က ညောင်ဦးမြို့အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့သည်။

ပြပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက ပြပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်း အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးပြပွဲကို ဆက်လက်ကျင်းပရာ ညောင်ဦးမြို့အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်းတို့မှ ကျောင်းသားကျောင်းသူလေးများက တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာသီချင်းနှင့် အကများဖြင့် တင်ဆက်ဖျော်ဖြေကြပြီး ညောင်ဦးမြို့ ဝက်ကြီးအင်းရပ်ကွက် နန္ဒာစားသောက်ဆိုင်မိသားစုမှ ရိုးရာရုပ်သေးပညာရှင်ကြီး ဦးဘဒေါင်းကလည်း သူငယ်တော်နှင့် ဦးရွှေရိုး-ဒေါ်မိုး ရုပ်သေးအကများဖြင့် ကပြဖျော်ဖြေခဲ့သည်။



**ရဲသူရအောင်(ညောင်ဦး)**

## အဆင့်မြင့်စာကြည့်တိုက်ပညာသင်တန်း (၂/၂၀၁၇) ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်စာကြည့်တိုက်ပညာသင်တန်း (၂/၂၀၁၇)ကို နိုဝင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအတွင်း ရန်ကုန်မြို့ ပြည်လမ်း စိန်ရတုခန်းမ မြေညီထပ်၌ရှိသည့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ သင်တန်းခန်းမ- ၂ ၌ ဖွင့်လှစ်မည်ဖြစ်ရာ စာကြည့်တိုက်ပညာရပ်ကို စိတ်ပါဝင်စား လေ့လာလိုသူများ မည်သူမဆိုတက်ရောက်နိုင်သည်။ သင်တန်းသား ၅၀ သာ လက်ခံနိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းကြေးငွေကျပ် ၂၀၀၀၀ မှအပ သင်တန်းကြေး မကောက်ခံပါ။

သင်တန်းဝင်ခွင့် လျှောက်လွှာများကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သင်တန်းခန်းမ ၂ စိန်ရတုခန်းမ ပြည်လမ်း ရန်ကုန်မြို့နှင့် စာပေဗိမာန်စာကြည့်တိုက် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် လျှောက်လွှာများ ရယူပြီး နိုဝင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာကြည့်တိုက်များသို့ လိပ်မူ၍ဖြစ်စေ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း Email- myanmarlibrary association.mla@gmail .com သို့ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း အလုပ်အမှုဆောင်များ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များဖြစ်သော မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၀၃၅၄၃၅၄ ၊ တွဲဖက်ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၂၅၉၃၉၅၃၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကထိန်သင်္ကန်း လှူရှင်လန်း မိုက်မှောင်လွှင့်ဖြုန်း တန်ဆောင်မုန်း

ဒေါက်တာ မောင်ဖြေ

**"သင်္ကန်းလှူရ ကျိုးရှစ်ဝ၊ ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းစုံဝ၊ ထွန်းလင်းပ၏၊ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည် ကျမ်းညီသင်္ကန်း၊ လှူကျိုးတည်း"**

ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် မြတ်ဘုရားရှင် ဟောကြားသော ဒေသနာတော်နှင့်အညီ ဖြစ်စေပြီး ပရဟိတလုပ်ငန်း၊ လူမှုရေးအကျိုးများနှင့် အကျုံးဝင်လျက်ရှိလေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အလှူအတန်းပြုခြင်းသည် ဘာသာရေးဆောင်ရွက်ချက်၏ ခွန်အားပင်ဖြစ်ချေသည်။ မြန်မာလူမျိုးများ၏ အလှူဒါနတွင် နည်းမျိုးစုံဖြင့် လှူဒါန်းနေကြသော်လည်း ကထိန်သင်္ကန်းလှူဒါန်းခြင်းငှာ တစ်လတာမျှကာလအတွင်း တစ်ကျောင်းတွင်တစ်ကြိမ်ပြုလုပ်ရသည့် အလှူပွဲတော်ဖြစ်သည်နှင့်အညီ စေတနာသုံးတန်ဖြင့်လှူဒါန်းသော ကာလဒါနဖြစ်နေသည့်အတွက် အနဝဇ္ဇာနိကမ္မာနိ အပြစ်ကင်းသော အကျိုးကျေးဇူးများရှိ၍ မွန်မြတ်လှသော သင်္ဂဟစဒါနပင်ဖြစ်သည်ဟု ဆိုနိုင်သည်။

တန်ဆောင်မုန်းလတွင် ပထမလဝက်သည် မိုးရာသီတွင် ကျရောက်၍ ဒုတိယလဝက်သည် ဆောင်းရာသီတွင် ကျရောက်သည်။ မိုးနှောင်း၊ ဆောင်းဦး သာယာကြည်နူးဖွယ်ရာကောင်းသောလဖြစ်သည်။ "မီးပန်းပွင့်တုန်းတန်ဆောင်မုန်း၊ ထစ်ချုန်းမိုးမဖွဲ့" ဟု ကဝိလက္ခဏာသတ်ပုံလင်္ကာတွင် စပ်ဆိုထားသည်နှင့်အညီ ကောင်းကင်ပြာတစ်ခွင်တွင် ကြည်လင်လျက်ရှိပြီး ဆောင်းရာသီ၏ရှေ့ပြေး မြောက်လေအေးအေးလည်း ဖြည်းညင်းစွာ တိုက်ခတ်စပြုလာပြီဖြစ်သည်။ တောင်သူလယ်သမားများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာသည့် ရွှေဝါရောင်လယ်ကွင်းပြင်ဝယ် စပါးနှံများသည် ဝတ်ဆံကလေးများ ပြည့်စုံလာသည်ကိုအကြောင်းပြု၍ **"ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်း"** ဟု စပ်ဆိုပြောစမှတ်ပြုထားကြသည်။ စာဆိုရှင် ဦးပုညက "မိုးဝဿန်ချိန်ဆုံးလို့ တန်ဆောင်မုန်း ဖြိုးဆွာ၊ ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊ ခဝဲပွင့် မာလာငယ်၊ သည်ချိန်ခါ မွှေးထုံပျံ့သင်း" ဟု ဖွဲ့ဆိုခဲ့သည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ သနပ်ခါးပန်းနှင့် နှင်းပန်းတို့လည်း ပွင့်ချိန်ဖြစ်၍ ပန်းအလှများ၏ မွှေးရနံ့တို့ကြောင့် တန်ဆောင်မုန်းလ၏အလှကို ပိုမိုတင့်တယ်စေနေသည်။

ပင်းယခေတ်စာဆိုတော် စတုရင်္ဂဗလအမတ်ကြီးက "သရဒ်ရတုကာလာနံ အချိန်အခါတို့တွင် တန်ဆောင်မုန်းလသည် သာယာလှပဆုံးအချိန်ဖြစ်သည်ပေသည်" ဟု မိန့်ဆိုထားသည်။ သာယာကြည်နူးဖွယ်ကောင်းလှသော တန်ဆောင်မုန်းလတွင် မှတ်သားဖွယ်ရာထူးခြားသော ယဉ်ကျေးမှုဓလေ့အစဉ်အလာများစွာရှိသည်။ ကထိန်အလှူကား ထင်ရှားသော သာဓကများပင် ဖြစ်ပေသည်။

တန်ဆောင်မုန်းလနက္ခတ်ပွဲသဘင်နှင့် မီးထွန်းပွဲသဘင်သည် မြတ်ဘုရားရှင်လက်ထက်တော်ကာလမတိုင်မီကပင် ရှိခဲ့သည်။ ကဏ္ဍာသနိပါတ်၊ ဥမ္မာဒန္တီဇာတ်တွင် တန်ဆောင်တိုင်နက္ခတ်ပွဲသဘင်အကြောင်းပါရှိသည်။ "သည်အချိန်ကာလ၊ သူရိယဆိုသော နေမင်းကြီးဝင်သည်ရှိသော် စန္ဒာလမင်းသည် ထွန်းလင်းတောက်ပစွာ ထွက်ပေါ်လာတတ်သည်။ ဤကာလတွင် မိမိ၏တိုင်းပြည်ကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်လျက် ခပ်သိမ်းသောအရပ်တို့၌ ဆီမီးများကို ထွန်းညှိကြကာ အရိဋ္ဌပြည့်ရှင် ဘုရားလောင်းသိဝိမင်းကြီးသည် ကြတ္တိကာနက္ခတ်ပွဲသဘင်ခံတော်မူ၍ ဆီမီးထွန်းညှိကြသည်"ဟု ရေးသားထားသည်ကို လေ့လာရပေသည်။

တန်ဆောင်မုန်းလ၏ရာသီမှာ ဗြိစ္ဆာရာသီဖြစ်သည်။ ယင်းရာသီ၏ နက္ခတ်မှာ ကင်းမလက်မည်းရုပ်ဖြစ်သည်။ ကြတ္တိကာနက္ခတ်နှင့်ယှဉ်၍ လပြည့်သည်။ ထိုကြတ္တိကာနက္ခတ်ကို ဒဟနီဆိုသော မီးနတ်စောင့်သည်ဟု ဆိုကြသည်။ ဒဟနီမီးနတ်ကို မီးထွန်းပူဇော်ရာမှ တန်ဆောင်မုန်းမီးထွန်းပွဲတော် ပေါ်ပေါက်ခဲ့သည်ဟု မှတ်သားရဖူးသည်။

တန်ဆောင်မုန်းလတွင် ဒါနကုသိုလ်နှင့် ယှက်နွယ်နေသည့် ကထိန်ပွဲ၊ မီးထွန်းပွဲ၊ မသိုးသင်္ကန်းကပ်လှူပွဲ စသည်တို့ကို နိုင်ငံအနှံ့အပြားတွင် ကျင်းပလေ့ရှိကြသည်။ ငြိမ်းချမ်းသာယာလှပပြီး တောင်သူဦးကြီးများအနေဖြင့် လုပ်ငန်းခွင်နားနေချိန်၊ အလှူအတန်းပြုချိန်ဖြစ်သည့် တောင်သူတို့၏ စိတ်နှလုံးဝယ် ပျော်ရွှင်ချမ်းမြေ့လန်းဆန်းနေကြသည့် မြန်မာလူနေမှုဘဝသရုပ်ကို ရှေးစာဆိုတို့က "တန်ဆောင်ငယ်ညီးလင့်၊ ဆီမီးပွင့်လို့၊ ချီးမြှင့်သရေ" ဟူ၍လည်းကောင်း၊ "လှူကထိန်ခါတော်ပွဲနဲ့၊ ခဝဲပွင့်ဝါစီစီ၊ သာကြည်လဲ့မြူရှင်း၊ လတန်ဆောင်မှာ၊ ကြွပြောင်ပြောင်အသရေတင့်ပါဘိ၊ ရွှေမြင့်မိုရ်ဝါထိန်ထိန်နဲ့၊ ခါအချိန်မြောက်လေသွားတယ်၊ တော့်ငွေနှင်း" ဟူ၍လည်းကောင်း၊ "လနှစ်တစ်ကြိမ်၊ သာချမ်းငြိမ်အောင်၊ ကထိန်သင်္ကန်း၊ ကပ်လှူဆွမ်းနှင့်၊ ရွှင်လန်းသာကြည်၊ ကျွတ်ဆုကိုရည်ရအောင်၊ ရွှေပြည်သူဆောင်ဘုံဦးက၊ ဖူးလိမ့်မယ်လေး" ဟူ၍လည်းကောင်း၊ ဤလတွင် မီးထွန်းပွဲတော်ဆင်ယင်ကျင်းပခြင်းကို စာဆိုကျော်ရှင်မဟာရဋ္ဌသာရဆရာတော်က "မီးပန်းပွင့်တုန်း၊ တန်ဆောင်မုန်း၌ မအုန်းဝဿ၊ မကျနှင်းဖြူ၊ တိမ်ဖြူစင်ကာ" ဟု ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် စပ်ဆိုတော်မူခဲ့လေသည်။

တန်ဆောင်မုန်းလ၏ အဓိကပွဲတော်မှာ ကထိန်ပွဲဖြစ်သည်။ ကထိန်လဟူ၍လည်း လောကဝေါဟာရအနေဖြင့် သတ်မှတ်ခေါ်ဝေါ်ကြသည်။ ကထိန်ဟူသည် "ကထိန" ဟူသော ပါဠိ



သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ ဒေသခံပြည်သူများ စုပေါင်းမဟာဘုံကထိန်လှည့်လည်နေစဉ် ဓာတ်ပုံ- ခွန် (ဝင်းပ)

ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ မြဲမြံခြင်း၊ ခိုင်ခံ့ခြင်းဖြစ်၍ ခိုင်မြဲခြင်းအကျိုးတရားငါးပါးကို ရရှိစေသောကြောင့် ကထိန်ဟုခေါ်ဆိုခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူပွဲနှင့် ပတ်သက်၍ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရားရှင်တို့ လက်ထက်ကတည်းက ကထိန်သင်္ကန်းကပ်လှူခွင့်ပြုကြောင်း၊ ပဒုမဘုရားရှင်ကိုယ်တိုင် သင်္ကန်းချုပ်ရာမှ အပ်နဖားထိုး၍ အကူအညီပေးခဲ့ကြောင်း ဗုဒ္ဓစာပေအဋ္ဌကထာများတွင် ဖွင့်ဆိုခဲ့သည်။

မြတ်ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် မြတ်ဘုရားရှင်ကို ဖူးမြော်ကြရန်အတွက် ပါဝေယျမြို့မှ ဝါကျွတ်ချိန်ကာလတွင် ကြွတော်မူလာကြသည်။ ထိုအခါ မိုးကြီးသည်းထန်စွာ ရွာသွန်းသောကြောင့် ရဟန်းတော်များ မိုးစိုကုန်လေသည်။ ထိုမိုးရေစိုနေသော သင်္ကန်းများနှင့်ပင် မြတ်ဘုရားရှင်ကို ဖူးမြော်ပူဇော်ကြရသည်။ ထိုအခြင်းအရာကို မြတ်ဘုရားရှင်တွေ့မြင်တော်မူသောအခါတွင် ယင်းသို့သော ရဟန်းများကို အကြောင်းပြု၍ ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသော ရဟန်းတော်တို့အား ကထိန်ခင်းခွင့်ပြု၍ သင်္ကန်းသုံးစွဲခွင့်ကို ပညတ်ပေးတော်မူခဲ့သည်။

ကထိန်သင်္ကန်းကို ကပ်လှူခံယူခွင့်ရှိသော ရဟန်းမှာ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းမှသာ ခံယူခွင့်ရှိလေသည်။ တစ်နည်းအားဖြင့် ကထိန်သင်္ကန်းရရှိကာ ကထိန်သင်္ကန်း ကပ်လှူပူဇော်ခံယူရသော ရဟန်းမှာ ကထိန်သင်္ကန်း၏ အကျိုးအာနိသင်ငါးပါးကို ရရှိစေသည်။ ထို့ကြောင့်လည်း အလှူခံရဟန်းတို့နှင့် အလှူရှင် ဒါယကာ၊ ဒါယိကာမတို့သည် ကထိန်ခင်းခြင်းကို အလေးအမြတ်ပြုကြခြင်းဖြစ်သည်။ "ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန်သင်္ကန်းမျိုး"ဟု ဆိုသည့်အတိုင်း ကထိန်ခင်းရန်အတွက် မြတ်ဘုရားရှင်ခွင့်ပြုတော်မူသော သင်္ကန်းတို့မှာ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် သင်းပိုင်ခေါ် ခါးဝတ်သင်္ကန်းတို့ပင်ဖြစ်သည်။

ယင်းသို့ ကထိန်ခင်းခြင်းဓလေ့မှာ ပုဂံခေတ်ကပင် ရှိခဲ့သည်။ ကုန်းဘောင်ခေတ် စာဆိုတော်ဖိုးသူတော်ဦးမင်းက "လှူကထိန် သင်္ကန်းနဲ့၊ မင်္ဂလမ်းတဲ့ ဆုပန်ရွယ်၊ သည်ချိန်ကို ဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညှာရင်းမှာ၊ သင်းရနံ့ကြွယ်၊ ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး၊ ရွှေလစန္ဒာနဲ့၊ ကြတ္တိကာကြယ်ရောင်ရွှန်းတယ်၊ ထွန်းထိန်လို့မြူး" ဟု တန်ဆောင်မုန်းလ၏ ဝိသေသနှင့် ဝန်းကျင်ပသာဒကို စာဖွဲ့ထားသည်။

ထို့ပြင် ကထိန်အလှူပွဲနှင့်ပတ်သက်၍ အင်းဝခေတ် စာဆိုကျော် ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီလူးတားတန်ဆောင်မုန်းလဘွဲ့တွင် "ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းကား၊ မချုန်းမိုးသား၊ တိုင်ထွတ်ဖျားတွင်၊ ငါးပါးကျိုးရှိ၊ မီးပွင့်ညှိ၍၊ ပြည်ကြီးဖွယ်ရာ၊ သဒ္ဓါအားကြိုး၊ မသိုးသင်္ကန်း၊ လှူရွှင်လန်းသည်၊ ရဟန်းသံဃာ၊ အရိယာတို့၊ သစ္စာလေးစုံ၊ ရွှေစည်းခုံဝယ်၊ ကြည်ယုံလှကျင်၊ ပွဲပုံယင်လျက် အောက်ထက်ကျော်ရှိန်၊ ပြည်ဆုချိန်သည်၊ ကထိန်လှူသင်္ကန်းတည့်လေ" ဟူ၍ ကထိန်အလှူပွဲမှ ရရှိမည့် အကျိုးငါးပါးနှင့် ကထိန်သင်္ကန်းလှူပွဲနှင့် မသိုးသင်္ကန်းကပ်လှူခြင်းတို့ ဆက်စပ်ပုံကို ဖော်ညွှန်းထားသည်ကို တွေ့ရပေသည်။

ကထိန်သင်္ကန်းလှူဒါန်းမှုကြောင့် ရရှိနိုင်သော အကျိုးတရားငါးပါးတို့မှာ-

(၁) အချုပ်အချယ်အတားအဆီးမရှိ၊ မိမိလိုရာအရပ်သို့ လွတ်လပ်စွာ သွားလာနိုင်ခြင်း။

(၂) နိဗ္ဗာန်မရမီ ဘဝစပ်ကြား၌ ပြုလုပ်သော ကိစ္စအဝဝတို့တွင် လွယ်ကူစွာ ပြုလုပ်နိုင်ခြင်း။

(၃) မိမိ၌ ဝတ်ဆင်၍ မကုန်နိုင်လောက်အောင် အဝတ်တန်ဆာ စည်းစိမ်ဥစ္စာတို့ပေါများပြီး မိမိကိုယ်တိုင် ချမ်းသာစွာ သုံးစွဲနိုင်ခြင်း။

(၄) မိမိစားသုံးသော အစားအစာများမှာ ပေါများ၍ အဆိပ်အတောက်အန္တရာယ်မရှိခြင်း။

(၅) မိမိ၏ စည်းစိမ်ဥစ္စာများ ရန်သူမျိုးငါးပါးဘေးကြောင့် ပျက်စီးမှုမကြုံတွေ့ရခြင်း တို့ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးသင်္ကန်းရက်လုပ်ကာ လှူဒါန်းကြသည်။ မသိုးသင်္ကန်းဆိုသည်မှာ အဖိတ်နေ့ညဦးမှ စတင်ရက်လုပ်ပြီး လပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် အပြီးသတ်အောင်ရက်လုပ်ရသော သင်္ကန်းဖြစ်၍ အမွန်အမြတ်ရက်ထားသောသင်္ကန်းကို မြတ်ဘုရားရှင်အား ရည်စူးလှူဒါန်းကြသည်မှာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ထို့ပြင် မြတ်နိုးဖွယ်ရာ အစဉ်အလာတစ်ခုမှာ ပံ့သကူပစ်အလှူဖြစ်သည်။ လှူဒါန်းလိုသူက အလှူခံပုဂ္ဂိုလ် မည်သူမည်ဝါ ပုဂ္ဂိုလ်အစွဲမထားဘဲ ထိုက်သူရစေဟူသော စေတနာဖြင့် လူ့အသုံးအဆောင်ပစ္စည်း၊ စားသောက်ဖွယ်၊ မုန့်ပဲသရေစာတို့ကို ပစ်ချထားသော ဓလေ့ပင်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့သည် နေ့ထူးနေ့မြတ်ဖြစ်သည်မှာ အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်၏ အေးချမ်းသာယာသော ကြည်လင်မှုကိုမြင်သောအခါ ဖခင်သတ်မိသော ခံစားနေသည့်စိတ်ဝေဒနာပျောက်ကာ အဘယ်သို့သော ရဟန်းသာမဏော၊ အဘယ်သို့သော ဗြဟ္မဏတို့ထံ ဆည်းကပ်ရလျှင် ကောင်းမည်နည်းဟု တွေးတောမိသည်။ တပည့်အပေါင်းတို့က မိမိတို့ကိုးကွယ်ရာ မိစ္ဆာဒိဋ္ဌိဆရာကြီး ခြောက်ဦးကို ညွှန်ပြကြသည်။ ဗုဒ္ဓဘာသာဝင် ဆရာဇီဝကကမူ မည်သို့မျှ မလျှောက်တင်ဘဲ ဆိတ်ဆိတ်နေသည့်အခါ အဇာတသတ်ဘုရင်က "ငါနှင့်ရွယ်တူ ဇီဝက အဘယ်ကြောင့် ဆိတ်ဆိတ်နေပါသနည်း" ဟု မေးတော်မူ၏။

ထိုအခါ ဇီဝကသည် မြတ်ဘုရားရှင်၏ ဂုဏ်တော်များကို ချီးကျူးကာ အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် ကျွန်တော်မျိုး၏ သရက်ဥယျာဉ်၌ များစွာသော ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံးနေတော်မူပါကြောင်း၊ ထိုဘုရားရှင်အား အရှင်မင်းကြီး ဆည်းကပ်ရပါမူ အရှင်မင်းမြတ်၏ စိတ်တော်ကြည်လင်လာပါလိမ့်မည်ဟု လျှောက်တင်လေသည်။ ဆရာဇီဝက လျှောက်တင်သော အရဟံဟူသော စကားကြားရသောအခါ အဇာတသတ်ဘုရင်ကြီး ဝမ်းသာအားရတော်မူ၍ ဆင်၊ မြင်း ဗိုလ်ပါခြံရံလျက် မီးရှူးမီးတိုင်တို့ဖြင့်ထွန်းညှိပြီး ဆရာဇီဝက၏ ဥယျာဉ်တော်သို့ သွားရောက်ကြသည်။ ရဟန်းအပေါင်းခြံရံလျက်ရှိသော မြတ်ဘုရားရှင်ကို ဖူးတွေ့ရာ အဇာတသတ်မင်းကြီးက မေးမြန်းလျှောက်ထားသဖြင့် မြတ်ဘုရားရှင်၏ ဟောကြားသော သာမညဖလသုတ်ကို နာယူကြရသော အဇာတသတ်မင်းသည် အမိုက်မှောင်များလွှင့်စဉ်ကာ ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သည်။ ယင်းနေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် လောကဓမ္မ၌ အထူးခြားဆုံးဖြစ်၍ သာယာလှပသော တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့သည်ကား ဘာသာယဉ်ကျေးမှုကို ဖော်ညွှန်းနေပေသည်။ ဘာသာယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်းကို ပြုပြင်ထိန်းသိမ်းပေး၍ သာယာဝပြောစေလျက် သောကအမောများကို ပြေပျောက်စေသည်။ ထိုမျှသာမက အေးငြိမ်းအေးချမ်းသာယာသော လူ့ဘောင်အဖြစ်သို့ ရောက်ရှိစေရန်လည်း စွမ်းဆောင်ပေးနိုင်သည်သာ ဖြစ်ပေသည်။

တန်ဆောင်မုန်းလသည် သဘာဝပတ်ဝန်းကျင်၊ ရေမြေတောတောင်၊ လျှိုမြောင်၊ မြစ်ချောင်းများကလည်း ပဝါအစုံနှင့် လွှကြာ မှုံဝင့်ပေပြီ။ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် လောကဓမ္မ၌ အထူးခြားဆုံးဖြစ်၍ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ကျင်းပကြခြင်း၊ ကထိန်သင်္ကန်းကပ်လှူပူဇော်ခြင်း၊ လပြည့်နေ့အရုဏ်မတက်မီ မသိုးသင်္ကန်းရက်လုပ်ကပ်လှူခြင်း၊ ကြတ္တိကာနက္ခတ်ပွဲဆင်နွှဲခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းများဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုသည့် အကုသိုလ်စရိုက်တရားတို့လည်း လျှော့ပေါ့ကင်းရှင်းစေမည်ဖြစ်သည်။ ထို့နည်းတူ မြန်မာလူမျိုးတို့၏ စေတနာအလှ၊ သဒ္ဓါအလှများကို ပြသော ကုသိုလ်ပြုပွဲများလည်း ဖြစ်ချေသည်။ မြန်မာ့လူ့အဖွဲ့အစည်းအား ယဉ်ကျေးမှုအစဉ်အလာများဖြင့် ဂုဏ်မြင့်စေသော ထူးခြားသည့် တန်ဆောင်မုန်းလအခါသမယ ဖြစ်သည်။ ။

**တန်ဆောင်မုန်းလ၏ အဓိကပွဲတော်မှာ ကထိန်ပွဲဖြစ်သည်။ ကထိန်လဟူ၍လည်း လောကဝေါဟာရအနေဖြင့် သတ်မှတ်ခေါ်ဝေါ်ကြသည်။ ကထိန်ဟူသည် "ကထိန" ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ မြဲမြံခြင်း၊ ခိုင်ခံ့ခြင်းဖြစ်၍ ခိုင်မြဲခြင်းအကျိုးတရားငါးပါးကို ရရှိစေသောကြောင့် ကထိန်ဟုခေါ်ဆိုခြင်းဖြစ်**

# ရန်ကုန်တိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း

**----- ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် -----/----**

**------- ခုနှစ်၊ -------- လ --------- ရက်**

**( ----- ခုနှစ်၊ -------- လ --------- ရက် )**

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရန်ကုန်တိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး ကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးကို ဆိုသည်၊

(င) **မီးဘေးနှင့် သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ မီးဘေးအန္တရာယ်နှင့် ရာသီဥတုဖောက်ပြန်ခြင်း၊ ရေဘေး၊ လေဘေး၊ ပထဝီအနေအထား ပြောင်းလဲခြင်း၊ ကပ်ရောဂါများ၊ ဓာတု၊ စက်မှု၊ အဏုမြူ အန္တရာယ်၊ အခြားဘေးအန္တရာယ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသောဥပဒေအရ သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ်များလည်းပါဝင်သည်၊

(စ) **ကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီကို ဆိုသည်၊

(ဆ) **ကယ်ဆယ်ရေးအဖွဲ့** ဆိုသည်မှာ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ကယ်ဆယ်ရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသော စေတနာရှင် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်၊

(ဇ) **အရန်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောစေတနာ့ဝန်ထမ်းများပါဝင်သည့် မီးသတ်တပ်ဖွဲ့ ကိုဆိုသည်၊

(ဈ) **သီးသန့်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်အရဖြစ်စေ၊ ခွင့်ပြုချက်အရဖြစ်စေ၊ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးနှင့် ကြိုတင်ကာကွယ်၍ရသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ကျရောက်ခြင်း မရှိစေရေး ကာကွယ်မှုများဆောင်ရွက်ရန်၊

(ခ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက် အိုးအိမ်၊ စည်းစိမ်၊ လယ်ယာ၊ ကိုင်းကျွန်း၊ သီးနှံ၊ ကျွဲ နွားတိရစ္ဆာန်များ၊ နိုင်ငံပိုင်ပစ္စည်းနှင့် စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် ပစ္စည်းနှင့် စီးပွားရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး သို့မဟုတ် နည်းနိုင်သမျှ နည်းပါးစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်၊

(ဂ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊

(ဃ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်။

### အခန်း ( ၃ )
### မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် -

(က) တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

### အခန်း (၄)
### ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ကော်မတီသည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

၆။ ကော်မတီသည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက လိုအပ်ချက်အရ ကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၇။ ကော်မတီသည် ကယ်ဆယ်ရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

၈။ ကော်မတီသည် ကယ်ဆယ်ရေးအဖွဲ့ဝင်များ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုရှိရေးနှင့် နည်းပညာရရှိရေးတို့ကို အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၉။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ် ကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရန် တိကျသေချာသော ဆက်သွယ်ရေးလမ်းကြောင်းများထားရှိ၍ ပြည်သူလူထုသို့ အသိပေးကြေညာခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေး အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ကူညီဆောင်ရွက်ရမည့် အစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ အဆင့်ဆင့်တို့၏ လုပ်ငန်းများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ လုပ်ငန်းတို့ကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ် ညှိနှိုင်းခြင်း၊

(င) အစိုးရဌာန အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း ၊

(စ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့် မဆန့်ကျင်စေဘဲ တိုင်းဒေသကြီးအစိုးရထောက်ပံ့ငွေ၊ စေတနာရှင်များမှ လှူဒါန်းငွေများ၊ ပစ္စည်းများကို လက်ခံရယူခြင်း၊ ၎င်းလှူဒါန်းငွေများ၊ ပစ္စည်းများကို မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျ အသုံးပြုခြင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများ၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်များကို ဒေသနှင့်ကိုက်ညီအောင် ရေးဆွဲဆောင်ရွက်ခြင်း၊

(ဇ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက် များကို ကြိုတင်လေ့ကျင့်ခြင်း၊ ကွပ်ကဲကြပ်မတ်ခြင်း၊

(ဈ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်၌ ကယ်ဆယ် ရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြပ်မတ်ခြင်း၊

(ည) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ပြည်သူများပါဝင်လာစေရေးအတွက် စည်းရုံး ဆောင်ရွက်ခြင်း၊

(ဋ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အချိန်၌ သက်ဆိုင်ရာနယ်မြေတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စ များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ခြင်း။

### အခန်း (၅)
### မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၀။ ကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ကော်မတီကချမှတ်ထားသော လုပ်ငန်းစဉ်များနှင့် အညီ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း များအတွက် လိုအပ်မည့် ရေ၊ စက်ယန္တရားများ၊ လုပ်ငန်းသုံးပစ္စည်း ကိရိယာများကို လုံလောက်စွာ စနစ်တကျ ပြင်ဆင်စုဆောင်းထားရှိခြင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များအတွက် အကာအကွယ် ပစ္စည်းများရရှိအောင် ဆောင်ရွက်ပေးခြင်း၊

(ဂ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းများ၊မီးသတ်ရေတိုင်များ၊ မီးသတ်ရေလှောင်ကန်များ သတ်မှတ်စီစဉ်ထားနိုင်ရန် အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဃ) အဆောက်အအုံများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့် သတ်မှတ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ရပ်ကွက်၊ ကျေးရွာအတွင်းနေထိုင်သူများ လိုက်နာရမည့် မီးဘေး နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြား ချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ မီးဘေးနှင့် သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုရရှိစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(စ) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်ထုတ်ပြန် ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်ထုတ်ပြန်ပေးနိုင်ရန် ကြိုတင်စီစဉ်ထားရှိခြင်း၊

(ဆ) ရေလွှမ်းမိုးနိုင်သည့်နေရာများရှိ ပြည်သူများအား ဘေးအန္တရာယ် ကျရောက်လာပါက ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိပေးခြင်း၊

(ဇ) မြစ်ချောင်းကမ်းပါးအစွန်များတွင် နေထိုင်ခြင်းများအား တားမြစ် ခြင်း၊ အန္တရာယ်ကင်းလွတ်သည့် နေရာများတွင်သာ နေထိုင်စေခြင်း၊ မြေ၊ ကမ်းပါးပြိုနိုင်သည့် နေရာများတွင် မြေထိန်းနံရံများနှင့် ရေထိန်းနံရံများ ဆောက်လုပ်ခြင်းကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ဆောင်ရွက်ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသော ဒေသများတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် နယ်မြေအခြေအနေ၊ အိမ်ခြေ၊ လူဦးရေအသေးစိတ်နှင့် အခြားလိုအပ်သည့် အချက်အလက်စာရင်း များ ကောက်ယူထားရှိခြင်း၊

(ည) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသော ဒေသများတွင် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများ၊ ကျန်းမာရေး အထောက် အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေး ဝန်ထမ်းများအား ကြိုတင်ပြင်ဆင် လေ့ကျင့်သင်ကြားပေးခြင်း။

၁၁။ ကော်မတီအဆင့်ဆင့်သည် ဘေးအန္တရာယ် သတိပေးချက်ရရှိသည်နှင့် တစ်ပြိုင်နက် ရွှေ့ပြောင်းခြင်းနှင့် ကနဦးကယ်ဆယ်ရေးလုပ်ငန်းများကို မိမိ၏ ကွပ်ကဲကြပ်မတ်မှုဖြင့် အောက်ပါအတိုင်းဆောင်ရွက်သွားရမည် -

(က) ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း ရရှိနိုင်သည့် ပြည်သူလူထု၏ လုပ်အား၊ စွမ်းအားကိုစုစည်း၍ ရေဘေးကာကွယ်ရေးအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းကိရိယာများ ယာဉ်၊ စက်ယန္တရား များကို ဘေးအန္တရာယ်ကျရောက်မည့်နေရာသို့ ပို့ဆောင်ခြင်း၊ ရေဝင်ရောက်နိုင်သည့်နေရာများ၌ လူထုအင်အားဖြင့် ကမ်းပါး မြေဖို့ခြင်း၊ သဲအိတ်စီခြင်းနှင့် ရေစီးလမ်းတစ်လျှောက် အမှိုက်ရှင်း လင်းခြင်း၊

(ခ) မြို့နယ်အဆင့်စုဖွဲ့ထားသည့် သယ်ယူပို့ဆောင်ရေးယာဉ်များအား လိုအပ်မည့်အခြေစိုက်ရာ ရပ်ကွက်၊ ကျေးရွာစုရပ်များ၌ စုစည်း ခြင်းတို့ကို တစ်ပြေးညီဆောင်ရွက်ခြင်း၊

(ဂ) ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန်နေရာများ၌ ခိုလှုံနိုင်မည့် လူဦးရေပေါ်မူတည်၍ သောက်ရေ၊ ဆန်၊ ဆီ၊ ပဲနှင့် အခြား ထောက်ပံ့ ရေးပစ္စည်းများကို ခိုလှုံရန်နေရာများသို့ ကြိုတင်ပို့ဆောင်၍ အသင့်ပြင်ဆင်ခြင်း၊

(ဃ) နယ်မြေအတွင်း သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကျန်းမာ ရေးချို့တဲ့ နေသူများ၊ မသန်စွမ်းသူများ စသည်တို့ကိုခွဲခြား၍ ဦးစားပေးအစီအစဉ်အတိုင်း ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန် နေရာ၊ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခြင်း။

၁၂။ ကော်မတီသည် သဘာဝဘေးဒဏ်ခံနိုင်မည့် အဆောက်အအုံများ ဆောက် လုပ်စေရန်နှင့် ပြိုကျနိုင်မည့်အဆောက်အအုံများအား ပြင်ဆင်စေရန် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၃။ ကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် များနှင့်စပ်လျဉ်း၍ လျော့နည်းသက်သာစေသည့် အစီအမံ များကို ကြိုတင်ဆောင် ရွက်ရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆို ပြိုင်ပွဲ Level-2 ပွဲစဉ်(၃) နေပြည်တော်၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

**နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)က တာဝန်ယူကျင်းပလျက်ရှိသည်။ ငြိမ်းချမ်းရေးဂီတပွဲတော် (Level-1)အဆင့် သီချင်းဆိုပြိုင်ပွဲများ ကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံနှင့် ကလေးမြို့တို့တွင် ကျင်းပခဲ့ပြီး ဒေသလက်ရွေးစင် ၃၆ ဦး ထွက်ပေါ်ခဲ့သည်။**





**ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-3 သို့ တက်လှမ်းသွားသည့် မေသူကျော်နှင့် ကြူကြူခိုင်တို့ကို တွေ့ရစဉ်**

ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 ပွဲစဉ်(၁) နှင့်(၂)ကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တွင် မန္တလေးမြို့ အမျိုးသား ကဇာတ်ရုံ၌ ကျင်းခဲ့ပရာ Sa Paung၊ လင်းသစ်၊ ဖုန်းဝေသွင်နှင့် ဇင်သူဇာထွန်းတို့ လေးဦးမှာ Level-3 သို့ တက်လှမ်းခွင့်ရရှိခဲ့သည်။ Level-2 ပွဲစဉ် (၃) နှင့် (၄)က နေပြည်တော်၌ အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက် တို့တွင် ကျင်းပသွား မည်ဖြစ်သည်။

ယခုတစ်ပတ်အတွက် ငြိမ်းချမ်းရေး ဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 အဆင့်ပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။**(အပေါ်ပုံ)**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ်(၃)တွင် ပြိုင်ပွဲဝင် ကိုးဦး ယှဉ်ပြိုင်ခဲ့ကြပြီး Level-3 အဆင့်သို့ မေသူကျော်နှင့် ကြူကြူခိုင်တို့က တက်လှမ်းသွားနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ် (၄) ကို အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Level-2 ပွဲစဉ်(၄)ခုမှ Level-3 သို့ တက်လှမ်းမည့် ပြိုင်ပွဲဝင် ၁၀ ဦး ထွက်ပေါ်လာမည်ဖြစ်ပြီး ပွဲစဉ်တစ်ခုစီမှ နှစ်ဦးစီ၊ ရှစ်ဦးနှင့် ဒိုင်များ၏ မှတ်ချက်အရ နှစ်ဦး စုစုပေါင်း ၁၀ ဦး Level-3 သို့ တက်လှမ်းမည်ဖြစ်သည်။

Level-3 အဆင့်ပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် ဆန်ခါတင် ၁၀ ဦး ထဲမှ သုံးဦးကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ အဖြစ်ရွေးချယ်ကာ ပထမဆု ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ဖြင့် ခုနစ်ဆုချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များ၊ ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပသည့် နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက် (Live)ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် Level-II ပွဲစဉ် (၃/၄) နေပြည်တော်အတွက် အလှူရှင်များက ပါဝင်ကူညီလှူဒါန်းမှုများ ပြုလုပ်




**နေပြည်တော် အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)က စီစဉ်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ဇူလိုင်လက စတင်ကျင်းပခဲ့ရာ မြို့ကြီး ၁၁ မြို့တွင် Level-I ပွဲစဉ် ၁၂ ခု ကျင်းပပြီးစီးခဲ့ပြီး ဖြစ်သည်။ Level-II ပွဲစဉ် (၁)နှင့် (၂) ကို မန္တလေးမြို့တွင် ကျင်းပပြီးစီးခဲ့ပြီး ယခုအခါ Level-II ပွဲစဉ် (၃/၄) ကို နေပြည်တော်တွင် အောက်တိုဘာ ၂၈၊ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ ငြိမ်းချမ်းရေးဂီတပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူရှင်၊ စေတနာရှင်များက လှူဒါန်းလျက်ရှိကြရာ အောက်တိုဘာ ၂၈ ရက် နေပြည်တော် MICC – II ၌ အလှူရှင်များဖြစ်သည့် ဦးသီဟအောင် + ဒေါ်နန်းစောထွေး (NIRVANA Hotel & Resort) မှ တည်းခိုခန်းခ ကျသင့်ငွေကျပ်သိန်း ၆၀ အား ပြန်လည်လှူဒါန်းခြင်း၊ Royal Naypyitaw Hotel မှ တည်းခိုခန်းခ ကျသင့်ငွေကျပ် ၂၄ သိန်းအား ပြန်လည်လှူဒါန်းခြင်းနှင့် ဒေါ်မော်မော်သိန်း (Managing Director) သုံးထပ်စက်ဝိုင်းစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့ပြင် Designer Water သောက်ရေသန့် (နေပြည်တော်ရုံးခွဲ) မှလည်း ရေသန့်ဘူး ၁၀၈၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးရွာနိုင်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**ရွာရန်ရာနှုန်း ၆၀**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နှစ်ပေမှ လေးပေခန့်ရှိနိုင်သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကွမ်းခြံကုန်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ရန်ကုန်(မြို့လယ်) နှင့် ချောင်းဆုံမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ ဖျာပုံမြို့နှင့် သထုံမြို့တို့တွင် ၀ ဒသမ ၄၇ လက်မစီတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# UEHRD လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်အတွက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ ရှေ့ပြေးလုပ်ငန်းများကို ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ် ဝန်ကြီးများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်နှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ပါဝင်သောအဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရှိ ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များ လတ်တလော အသုံးပြုရန်အတွက် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန AHA စင်တာမှ ထောက်ပံ့သော မိသားစုသုံးပစ္စည်းများ၊ Yangon Lions Club Aid မှ လှူဒါန်းသော အဝတ်အထည်များနှင့် CSR လှူမှုရေးရန်ပုံငွေအဖွဲ့က လှူဒါန်းသော ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ယာပုံ)**




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးရံ့ချောင်းကျေးရွာသို့ ရောက်ရှိပြီး ငါးရံ့ချောင်း၊ ကျွန်းပေါက်၊ ဂုပ္ပီးကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံရာတွင် ဒေသခံများက မိမိတို့၏ ကျေးရွာသို့ ပြန်လာရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားရာတွင် ဩဂုတ်လ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီးနောက် ရွာသူရွာသားအများစုသည် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသဖြင့် မိမိတို့လည်း ဆက်လက် မနေထိုင်ရဲတော့သည့်အတွက် တောင်ဘဒကားရွာသို့ သွားရောက် ပူးပေါင်းနေထိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုအခါ နယ်မြေအေးချမ်းလာခြင်း၊ မိမိတို့ နေရင်းဒေသမှလွဲ၍ အခြားဒေသသို့ သွားရောက်နေထိုင်လိုခြင်း မရှိခြင်းတို့ကြောင့် ကိုယ့်ရွာကိုယ့်ဒေသသို့ ပြန်လာခြင်း ဖြစ်ပါကြောင်း၊ လောလောဆယ်တွင် အခက်အခဲ အနည်းငယ်ရှိသော်လည်း မကြာမီ အဆင်ပြေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ အခက်အခဲများကို ကူညီပေးပါရန် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးဖြေရှင်းပေးကြပြီး လတ်တလော အသုံးပြုရန်အတွက် အမျိုးသားလုံချည် ၅၇ ထည်၊ အမျိုးသမီးလုံချည် ၆၂ ထည်၊ တီရှပ်အင်္ကျီ ၁၁၉ ထည်နှင့် မိသားစုသုံးပစ္စည်းစုံများ၊ လိုအပ်သည်များ သုံးစွဲရန်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၂၀ စုအတွက် စုစုပေါင်း ငွေကျပ် ၂၀ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။ အဆိုပါတွေ့ဆုံပွဲသို့ ငါးရံ့ချောင်း၊ ကျွန်းပေါက်နှင့် ဂုပ္ပီးကျေးရွာများမှ ပြည်သူ ၁၀၃ ဦး တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲသို့ ရောက်ရှိကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ တောင်ပြိုတံတားနှင့် နယ်စပ်ဂိတ်တို့ကို ကြည့်ရှုလေ့လာပြီး ကြိုဆိုလက်ခံရေးစခန်း ဖွင့်လှစ်မည့်နေရာ၊ ခေတ္တတည်းခို နေထိုင်မည့်နေရာနှင့် အဆောက်အအုံများပြင်ဆင်မည့်အခြေအနေများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် မောင်တောမြို့နယ် ရွှေဇားကျေးရွာတွင် အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသား ဦးစီးဌာနက ကျေးရွာသူ ကျေးရွာသားများကို National Verification Card (NVC) ကတ်ထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ကညင်ချောင်းစီးပွားရေးဇုန်တွင် ပါဝင်သည့် ကညင်ချောင်းဆိပ်ခံဖောတံတားတွင် ကုန်တင်သင်္ဘောကြီးများဆိုက်ကပ်၍ ကုန်ပစ္စည်းများ တင်ချပြုလုပ်နေမှု အခြေအနေများကို လေ့လာကြည့်ရှု၍ ဇုန်အတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ အခြေခံအဆောက်အအုံများ အမြန်ဆုံးဆောက်လုပ်နိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးသည်။

ခရီးစဉ်အတွင်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများကို ပြန်လည်နေရာချထားရန် လျာထားသည့် ဒါးကြီးဇားကျေးရွာနှင့် အလယ်သံကျော်အပန်းဖြေကမ်းခြေတည်ဆောက်နိုင်သည့် နေရာများကိုလည်း ရဟတ်ယာဉ်ဖြင့်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ပထမခြေလှမ်း

**အထောက်အထားတစ်စုံတစ်ရာမရှိဘဲ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်ကြသူများအနေဖြင့် National Verification Card(NVC)ကတ်သည် မဖြစ်မနေ ထုတ်ယူကိုင်ဆောင်ရန်လိုအပ်သည်။ အဆိုပါ ကတ်ထုတ်ယူကိုင်ဆောင်ခြင်းသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ပထမခြေလှမ်းဖြစ်သည်။**

ပထမခြေလှမ်းကို လှမ်းမှသာလျှင် နောက်ဆုံးခရီးပန်းတိုင်ဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိခြင်း၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် ရောက်ရှိခြင်းဆိုသည့် ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ပထမခြေလှမ်းဖြစ်သည့် NVC ကတ် ထုတ်ယူကိုင်ဆောင်ခြင်း လုပ်ငန်းကို အရေးကြီးသောလုပ်ငန်းစဉ်အဖြစ် သတ်မှတ်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရခိုင်ပြည်နယ်ဦးစီးရုံးက ကွင်းဆင်း၍ အခမဲ့ လိုက်လံထုတ်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(အောက်ယာပုံ)**

ထိုသို့ ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရခိုင်ပြည်နယ်ဦးစီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းက "မောင်တောမှာ နိုင်ငံသားစိစစ်ခံရမယ့်သူရဲ့သက်သေခံကတ် (National Verification Card-NVC) ထုတ်ပေးရေးကို အောက်တိုဘာလ ဒုတိယပတ်မှာ ဒီမှာအကောင်အထည်ဖော်ဖို့အတွက် စပြီးလုပ်ပါတယ်။ အောက်တိုဘာ ၁၂ ရက်မှာ မောင်တောမြို့မှာ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါတယ်။ မောင်တောမြို့နဲ့ ကပ်လျက်ရှိတဲ့ ရွှေဇားအနောက်၊ ရွှေဇားအလယ်နဲ့ ရွှေဇားမြောက်ရွာ ဒီရွာသုံးရွာမှာစပြီး NVC ကတ်တွေ ကွင်းဆင်းပြီး ထုတ်ပေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ရွှေဇားရွာမှာကွင်းဆင်းဆောင်ရွက်ခါစမှာ လာလုပ်တဲ့သူနည်းပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီမှာနေထိုင်တဲ့ ကျေးရွာကပြည်သူတွေ နားလည်သဘောပေါက်အောင် ရှင်းပြဆောင်ရွက်နေပါတယ်။ ဒီနိုင်ငံမှာ နေထိုင်သူတစ်ယောက်အနေနဲ့ ဘာသာမရွေး၊ လူမျိုးမရွေး သက်သေခံကတ်ပြား အထောက်အထားတစ်ခုခုကို ကိုင်ဆောင်ရမှာဖြစ်တယ်ဆိုတာကို ပြောဆိုရှင်းပြလျက်ရှိပါတယ်" ဟု ပြောပြသည်။

"ဒီကတ်ပြားနဲ့ပတ်သက်ပြီး ၁၉၄၉ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ဒီဥပဒေနှစ်ရပ်မှာ ပါရှိတဲ့အတိုင်း နေထိုင်ဖို့ နားလည်အောင် ရှင်းပြ ပါတယ်။

"ဒီဥပဒေမှာ ဒီနိုင်ငံမှာ နေထိုင်သူတစ်ဦးတစ်ယောက်ဟာ သူတို့ရဲ့အချက်အလက်ကိုပေးဖို့ တောင်းဆိုတဲ့အခါ ဒီအချက်အလက်တွေကို ပေးရမှာဖြစ်ပါတယ်။ တကယ်လို့များ အချက်အလက်ကို မပေးခဲ့ဘူးဆိုရင် ဒီဥပဒေနှစ်ရပ်နဲ့ အရေးယူဆောင်ရွက်နိုင်ပါတယ်။ ဒီလို အရေးယူဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းကိုလည်း သူတို့ကိုရှင်းပြပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပိုင်းမှာတော့ ဒါတွေကို သူတို့နားလည်



ဦးအောင်မင်း

သဘောပေါက်ပြီး လာလုပ်တဲ့သူတွေများလာမယ်လို့ ယူဆပါတယ်။

"ဒါမှသာ ကိုဖီအာနန်ရဲ့ အကြံပြုချက်အစီရင်ခံစာပါ အချက်အလက်နဲ့လည်း အညီ၊ ရခိုင်ပြည်သူလူထုရဲ့ဆန္ဒနဲ့လည်းအညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးအောင်မင်းက သတင်းအဖွဲ့ကို ပြောသည်။

"တစ်ဖက်ကလည်း သက်ဆိုင်ရာ နေထိုင်တဲ့သူတွေအနေနဲ့ သက်သေခံကတ်ပြားတစ်မျိုးမျိုးကို ကိုင်ဆောင်ခြင်းအားဖြင့် သူတို့ရဲ့ နိုင်ငံသားအဖြစ်ရပ်တည်မှုက ပိုပြီးခိုင်မာလာမှာဖြစ်ပါတယ်။ ဒါကတော့ သူတို့အနေနဲ့ ကိုင်ဆောင်သင့်တဲ့ အကြောင်းတရားဖြစ်ပါတယ်။ တကယ်လို့များ ကိုင်ဆောင်ဖို့ နည်းမျိုးစုံနဲ့ ငြင်းပယ်ခဲ့မယ်ဆိုရင် ကျွန်တော်တို့မှာရှိတဲ့ တည်ဆဲဥပဒေတွေနဲ့ အရေးယူသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေနှစ်ရပ်နဲ့ တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထိုဥပဒေနှစ်ရပ်တွင် ပါရှိသည့် အဓိက အချက်အလက်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူတိုင်းသည် မှတ်ပုံတင်ရန်အတွက် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအရဖြစ်စေ တောင်းဆိုသည့် အကြောင်းအရာများကို ပေးရမည်ဟု ဖော်ပြထားသည်။ ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူ မည်သူမဆို မှတ်ပုံတင်ရန်ကိစ္စအလို့ငှာ လိုအပ်သည့် အချက်အလက်များနှင့် ပတ်သက်၍ မှန်ကန်သော အကြောင်းအရာကို မှတ်ပုံတင်အာဏာပိုင်ထံပေးရမည်ဟု ဖော်ပြထားသည်။

ဥပဒေအရဆိုလျှင် လိုက်နာရန်ပျက်ကွက်ပါက ၁၉၄၉ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ တရားစွဲဆိုပြီး အက်ဥပဒေအရ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သောအခါ နှစ်နှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေ ၅၀၀ ထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ထောင်ဒဏ်ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ရမည်ဟု ပါရှိကြောင်း သိရှိရသည်။

ဦးအောင်မင်းက "ကျွန်တော်တို့ NVC ကတ်တွေကို အောက်တိုဘာလ ၁၂ ရက်နေ့က စပြီးထုတ်ပေးနေတာပါ။ ဒီနေ့အထိ ၁၀၀ ကျော် ရှိသွားပါပြီ။ NVC ကတ်ထုတ်ပေးတဲ့ လုပ်ငန်းကို ဆောင်ရွက်နေတာကြာပါပြီ။ ရခိုင်ပြည်နယ် တစ်ခုလုံးမှာ NVC ကတ် စုစုပေါင်း ၇၀၀၀ ကျော် ထုတ်ပေးပြီးဖြစ်ပါတယ်။ ဒီလိုထုတ်ယူကိုင်ဆောင်ခြင်းအားဖြင့် လက်ရှိဒေသတွင်း ခရီးသွားလာခြင်း လွယ်ကူအဆင်ပြေသွားမှာဖြစ်ပါတယ်။

"နောက်ပိုင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ပြီးသွားတဲ့အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် ရုံးချုပ်ဗဟိုဘုတ်အဖွဲ့ကနေပြီး သတ်မှတ်ကိုင်ဆောင်ခွင့် ရရှိတဲ့အခါမှာ လူတစ်ဦးတစ်ယောက်က နိုင်ငံသားစိစစ်ရေးကတ်ပြားသော် လည်းကောင်း၊ နိုင်ငံသားပြုခွင့်ရကတ်ပြားသော် လည်းကောင်း ရရှိပြီးပြီဆိုရင် မြန်မာနိုင်ငံ မည်သည့်နေရာဒေသမဆို သွားလာခွင့်၊ အခြေချနေထိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။

"အကျိုးကျေးဇူးအနေနဲ့ကတော့ လွတ်လွတ်လပ်လပ် သွားလာခွင့်ရမယ်၊ လွတ်လွတ်လပ်လပ် အခြေချနေထိုင်ခွင့်ရမယ်ဆိုတဲ့ အကျိုးကျေးဇူးတွေရရှိသွားမှာ ဖြစ်ပါတယ်။

"ကတ်ပြားထုတ်ယူကိုင်ဆောင်ဖို့ လဝကရုံးကို လာရောက်ထုတ်ယူရမှာဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်အရ ကွင်းဆင်းပြီး အခမဲ့ ဆောင်ရွက်ပေးနေတဲ့အခါမှာ ပျက်ကွက်မှုမရှိဘဲ လူတိုင်းလူတိုင်း ထုတ်ယူကိုင်ဆောင်ကြပါလို့ ကွင်းဆင်းဒေသမှာရှိတဲ့ ပြည်သူလူထုကို အသိပေးချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မော်စီ**



# ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအတွက် ဆန်အိတ်များနှင့် အလှူငွေများ လှူဒါန်း



**မန္တလေး အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များတွင် ခံစားခဲ့ရသည့် ပြည်သူများအား စာနာထောက်ထားကူညီထောက်ပံ့မှုများအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း သီတင်းသုံးတော်မူကြသော သီလရှင်ဆရာကြီး ဆရာလေးများ ဦးဆောင်၍ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်စာသင်တိုက်ကျောင်းဆောင်ကြီး၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သီလရှင်ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ပညာဝတီနှင့် သီလရှင်ဆရာကြီး ဆရာလေးများက ဆန်အိတ် ၂၀၈ အိတ် အပါအဝင် အလှူငွေစုစုပေါင်းငွေကျပ် ၂၂၂၃၉၀၀၀၊ ဆပ်ပြာမှုန့် ၁၆ အိတ်နှင့် အသုံးအဆောင်များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၏ဇနီးနှင့် အလှူရှင်မိသားစုများက သီလရှင်ဆရာကြီး ဆရာလေးများအား လှူဖွယ်ပစ္စည်းဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စစ်တွေဆေးရုံကြီးသို့ ဒေါ်လာ ၃၆၀၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**စစ်တွေ အောက်တိုဘာ ၂၈**

အမေရိကန်နိုင်ငံအခြေစိုက် လူသားချင်းစာနာထောက်ထားမှု ကူညီပေးရေးအဖွဲ့မှ စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လှူဒါန်းပွဲအခမ်းအနားတွင် ဆေးတက္ကသိုလ်(၁) အရိုးခွဲစိတ်အထူးကုဆရာကြီး ပါမောက္ခဒေါက်တာအောင်သိန်းဌေးက ယခုလှူဒါန်းသည့် ပစ္စည်းများမှာ ဆေးရုံများအတွက် လိုအပ်သည့်ပစ္စည်းများဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိ၍ အရိုးကျိုးလူနာများ ခွဲစိတ်ကုသရာတွင် များစွာအထောက်အကူပြုကြောင်း၊ အမေရိကန်နိုင်ငံအခြေစိုက် လူသားချင်းစာနာထောက်ထားမှုကူညီပေးရေးအဖွဲ့မှ မိမိအား စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးသို့ လှူဒါန်းပေးရန် အကူအညီတောင်းခံသည့်အတွက် ရခိုင်ပြည်နယ် မောင်တောဒေသသို့ မိမိကျွမ်းကျင်သည့် ဆေးပညာဖြင့် ဆေးကုသသွားရောက်ချိန်တွင် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ရခိုင်ပြည်နယ်အတွက် လိုအပ်သည့် ဆေးရုံသုံး ခွဲစိတ်ကိရိယာပစ္စည်းများ လာရောက်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ခွဲစိတ်ခန်းသုံးပစ္စည်းများကို ပါမောက္ခဒေါက်တာအောင်သိန်းဌေးက လှူဒါန်းရာ ပြည်နယ်ကုသရေးဦးစီးမှူး ဒေါက်တာဦးရွှေသိန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ (ဓါတ်ပုံ)

**တင်ထွန်း(ပြန်/ဆက်)**

# စစ်တွေမြို့နယ် ပြည်တော်သာတွင် ဆင်းသွယ်လတ် မိုးစပါးစံကွက် ရိတ်သိမ်း

**နေပြည်တော် အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် GIZ အဖွဲ့တို့ ပူးပေါင်းကျင်းပသော Post-harvest technology and organic agriculture training သင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက အမှာစကားပြောကြားကာ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်ဥမ္မာဝင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ဉယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာ ဖွံ့ဖြိုးရေးဌာနခွဲမှ ဒေါက်တာဝဏ္ဏထွန်းတို့က ဘာသာရပ်အလိုက် သင်တန်းပို့ချသည်။ အဆိုပါ သင်တန်းသို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ခရိုင်မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်သည်။

စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် ခရိုင်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် မြို့နယ်ကွင်းဝန်ထမ်းများ စုပေါင်း၍ စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက်တွင် စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ စံကွက်အထွက်နှုန်း အစိုအထွက် ၈၂ တင်း၊ အခြောက်အထွက် ၇၃ ဒသမ ၈၀ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် မြို့သူကြီးကျေးရွာနှင့် အလယ်သံကျော်ကျေးရွာအုပ်စုရှိ ရင့်မှည့်မိုးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စတင်ရိတ်သိမ်း

**မောင်တော အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာရှိ စံပြမျိုးစပါးစိုက်ကွက် ၁၀ ဧကကို လေးမိုင်ရှေ့တန်းစခန်းအခြေပြု စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်တွင် ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကြီး သုံးစီးဖြင့် စတင်ရိတ်သိမ်းလျက်ရှိသည်။

အလားတူ မွန်းလွဲပိုင်းတွင် အလယ်သံကျော်ကျေးရွာအုပ်စုရှိ ဒေသခံများ၏ မိုးစပါးစိုက်ဧက ၁၂၀၀ ကို မောရဝတီရှေ့တန်းစခန်းအခြေပြု စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်း များက ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကြီး သုံးစီးဖြင့် ဆက်လက်ရိတ်သိမ်းပေးလျက်ရှိသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မိုးစပါးစိုက်ဧက ၇၀၀၀၀ ကျော်အနက် ရိတ်သိမ်းရန် အခက်အခဲဖြစ်ပေါ်နေ သည့် ရင့်မှည့်မိုးစပါးလျာထားဧက ၄၅၁၈၆ ဧကကို စက်မှုလယ်ယာဦးစီးဌာနက ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ယနေ့စတင် ရိတ်သိမ်းနေပြီဖြစ်သည်။

ထိုသို့ ရိတ်သိမ်းရာတွင် စက်မှုလယ်ယာဦးစီးဌာနက ကူဘိုတာ DC 70 G ခေါ် မြင်းကောင်ရေ ၇၀ အားရှိ ရိတ်သိမ်းခြွေလှေ့စက်ကြီး ၃၂ စီးဖြင့် ရိတ်သိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ လတ်တလော ရိတ်သိမ်းခြွေလှေ့စက်ကြီး ၁၄ စီးဖြင့် စတင်ရိတ်သိမ်းလျက်ရှိသည်။ ကျန်ရိတ်သိမ်းခြွေ လှေ့စက် ၁၈ စီးမှာ စစ်တွေမြို့သို့ ရောက်ရှိလျက်ရှိပြီး လိုအပ်သည့် နေရာများကို ဇက်ရေယာဉ်များဖြင့် ရွှေ့ပြောင်းကာ ဆက်လက်ရိတ်သိမ်းခြွေလှေ့ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"နိုဝင်ဘာလနဲ့ ဒီဇင်ဘာလနှစ်လလုံး စက်ကြီးတွေနဲ့ ရိတ်သိမ်းပေးသွားပါမယ်။ လိုအပ်ရင် ဇန်နဝါရီလအထိ ရိတ်သိမ်းပေးဖို့ ကြိုတင်စီစဉ် ဆောင်ရွက်နေပါတယ်။ ဒီစက်ကြီးတွေက မြေအနေအထား၊ အကွက်အနေအထား အကျဉ်းအကျယ်ပေါ် မူတည်ပြီး တစ်ရက်ကို ငါးဧက ကနေ ၁၀ ဧကအတွင်း ပြီးစီးနိုင်ပါတယ်။ လက်ရှိ မြို့သူကြီးကျေးရွာအုပ်စု အပါအဝင် ဒီအနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာအုပ်စုတွေကို လေးမိုင် ရှေ့တန်းစခန်းမှာ အခြေပြုပြီး စက်ကြီး လေးစီးနဲ့ စပြီးရိတ်သိမ်းနေပါပြီ"ဟု ရခိုင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ကြည်က ပြောသည်။



မြို့သူကြီးကျေးရွာရှိ စံပြမျိုးစပါး စိုက်ကွက်၌ ရိတ်သိမ်းခြွေလှေ့စက်ကြီးများအသုံးပြု၍ စပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်



အလယ်သံကျော်ကျေးရွာအုပ်စု၌ ဒေသခံများ၏ မိုးစပါးကို ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးခြွေနေမှုကို တွေ့ရစဉ်

မောင်တောမြို့နယ်တွင် ကြိမ်ချောင်း၊ ခြံပြင်၊ လေးမိုင်၊ မောရဝတီ၊ အင်းဒင်၊ ခမောင်းဆိပ်၊ တောင်ပြိုတို့တွင် ရှေ့တန်းစခန်း ခုနစ်ခုဖွင့်လှစ်၍ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများစုဖွဲ့ကာ ဆက်လက်ရိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အချို့ကျေးရွာများတွင်မူ ဒေသခံများကိုယ်တိုင် ၎င်းတို့၏ ရင့်မှည့်မိုးစပါးများကို တစ်ပိုင်တစ်နိုင် မိရိုးဖလာ ရိတ်သိမ်းမှုများလည်း ရှိကြောင်း သိရသည်။

"မိုးစပါးရိတ်သိမ်းဖို့ လိုအပ်တဲ့ စာရင်းဇယားပြုစုပေးတာတို့၊ လိုအပ်တဲ့ လယ်ယာလုပ်သားတွေ ရှာဖွေပေးရတာတွေကို စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့နဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ကူညီဆောင်ရွက်ပေးပါတယ်"ဟု မောင်တောမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးဖြူလုက ပြောသည်။

ထို့ပြင် မိုးစပါးများ အလေအလွင့်မရှိ အချိန်မီ ရိတ်သိမ်းနိုင်ရန် ဝန်ကြီးဌာန အစီအစဉ်ဖြင့် နေပြည်တော် အပါအဝင် မန္တလေး၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ထမ်းများက မောင်တောဒေသတွင် ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းနိုင်ရန် လာရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီစုဖွဲ့ထားတဲ့အဖွဲ့က ပိုင်ရှင်မဲ့လိုဖြစ်နေတဲ့ လယ်တွေကို ရိတ်သိမ်းတဲ့အခါ တောင်သူအမည်၊ ဦးပိုင်အမှတ်၊ ထွက်ရှိတဲ့ စပါးတင်းအရေအတွက်ကို တတ်နိုင်သမျှ စာရင်းပြုစုထားမယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရနဲ့ အဖွဲ့အစည်းတွေရဲ့ ညွှန်ကြားချက်နဲ့အညီ စာရင်းအတိအကျနဲ့ ရိတ်သိမ်းပြီး စနစ်တကျ သိုလှောင်ထားရှိမှာဖြစ်ပါတယ်"ဟု ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူးက ပြောသည်။

စက်မှုလယ်ယာက ရိတ်သိမ်းပြီး စပါးများကို နေလှန်းမည့်နေရာအထိ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက အစိုဓာတ် ၁၃ ရာခိုင်နှုန်းရောက်ရှိရန် အိတ်သွတ်ကာ အမိုးအကာအောက်သို့ စုဆောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထွေး၊ မော်စီ**

# ရခိုင်ပြည်နယ်သတင်းများ

## ဘူးသီးတောင်မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန် ကျင်းပ



**ဘူးသီးတောင် အောက်တိုဘာ ၂၈**

ဘူးသီးတောင်မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာများ၊ အမြန်ယာဉ်လုပ်ငန်းရှင်များ၊ ဆန်စပါးပွဲရုံ လုပ်ငန်းရှင်များ၊ ဝါး၊ ဓနိလုပ်ငန်းရှင်များ၊ မြို့သူ မြို့သားများစုပေါင်း၍ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ပြီးနောက် နံနက် ၉ နာရီတွင် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ဘူးသီးတောင်မြို့ အေးစေတီကျောင်းတိုက်ပဓာန နာယက ဆရာတော်ဘဒ္ဒန္တသောဘ မထေရ်မြတ် ထံမှငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် သံဃာတော်အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်းနှင့်အတူ လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘူးသီးတောင်မြို့ လမ်းမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ တေဇောဘာသမထေရ်မြတ်ထံမှ ကထိန် အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံတွင် အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်း ပထမအကြိမ်ကောက်ယူမည်

**စစ်တွေ အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံတွင် အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေး စစ်တမ်းပထမအကြိမ် ကောက်ယူသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေး စစ်တမ်း ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲ အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြား သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အာဟာရ ချို့တဲ့ခြင်းနှင့် အာဟာရလွန်ကဲခြင်း ပြဿနာများကို ထိရောက်စွာကာကွယ်ကုသနိုင်မည့်စီမံချက်များကို မွမ်းမံပြင်ဆင်ရေးဆွဲနိုင်ရန်၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်စေခြင်းအားဖြင့် ပြည်သူလူထု၏ အာဟာရအခြေအနေကို ထိရောက်စွာမြှင့်တင်နိုင်ရန်၊ လက်ရှိဆောင်ရွက်နေသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို ဆန်းစစ်သုံးသပ်နိုင်ရန်နှင့် ပြည်သူများ၏ အာဟာရအခြေအနေ၊ အစာစားသုံးမှုအခြေအနေများကို သိရှိနိုင်ရန် ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်းအား ပထမအကြိမ် ကောက်ယူသွားမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန(ရုံးချုပ်) အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလွင်မာလှိုင်က မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေး စစ်တမ်း ကောက်ခံသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက စစ်တမ်းကောက်ယူမည့် မြို့နယ်များနှင့် ကျေးရွာများ၏ အခြေအနေများ၊ ဌာနအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အစီအစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒေါက်တာလွင်မာလှိုင်က ပြန်လည်ဆွေးနွေး ဖြေကြားသည်။

"အာဟာရနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံကို နိုင်ငံတကာမှာ မျက်နှာပျက်အောင် ပုံရိပ်ကျအောင် လုပ်နေတာတွေကို ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေ ပြည်သူတွေအားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကို သိရတဲ့အတွက် လူကြီးတွေလည်း စိတ်ပျက်မိကြပါတယ်။ ဒီအချက်တွေဟာ ကျွန်တော်တို့ ပြည်နယ်မှာရောက်နေတဲ့ အဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်မှုတွေကြောင့်လည်းဖြစ်ပါတယ်။ အဖွဲ့အစည်းတွေက စာရင်းကောက်မယ်ဆိုပြီးလုပ်တယ်။ အဲဒီမှာစာရင်းကောက်တာ မဟုတ်ဘဲနဲ့ ဆန်းစစ်တယ်ဆိုပြီး လုပ်တယ်၊ ပြီးရင် နိုင်ငံတကာကို ကျွန်တော်တို့ရဲ့နိုင်ငံဟာ အာဟာရနဲ့ ပတ်သက်ပြီး အလွန်ဆိုးရွားနေတယ်ဆိုပြီး လုပ်တယ်။ ဒါပေမယ့်သူတို့ ဖော်ပြတဲ့ဓာတ်ပုံတွေဟာ ကျွန်တော်တို့ နိုင်ငံက ပုံတွေမဟုတ်ဘဲ တခြားနိုင်ငံက ပုံတွေဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောကို သွားရောက်ပြီး လေ့လာပါတယ်။ ကျွန်တော်တို့ဆီမှာ အာဟာရချို့တဲ့တဲ့ ကလေးတွေမရှိပါဘူး။ သာမန်ကလေးတွေလိုပဲ ကျန်းမာသန်စွမ်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့တွေကပြောလာရင် ပြန်လည်တုံ့ပြန်နိုင်ဖို့အတွက် အခုစစ်တမ်းကိုကောက်ယူဖို့ လုပ်ဆောင်တာ ဖြစ်တယ် " ဟု လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။



"ကျွန်မတို့နိုင်ငံမှာ ပထမဆုံးအနေနဲ့မြန်မာနိုင်ငံ အဏုအာဟာရနဲ့ အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်းကို တစ်နိုင်ငံလုံးမှာ ကောက်ယူသွားဖို့ရှိပါတယ်။ ကောက်ယူတဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ကောက်ယူဖို့ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်မှာလည်း နှီးနွှယ်တဲ့ သက်ဆိုင်ရာဌာနတွေကို ချပြချင်တဲ့အတွက် ဒီနေ့အခမ်းအနားကိုလုပ်တာဖြစ်တယ်။ ကျွန်မတို့ကောက်ယူမယ့် စစ်တမ်းမှာကဏ္ဍပေါင်းစုံပါတယ်။ အိမ်တိုင်ရာရောက် မေးမြန်းတာ၊ သွေးဖောက်တာ၊ ကိုယ်အလေးချိန်တိုင်းတာ၊ အရပ်အမြင့်တိုင်းတာတွေပါတဲ့အတွက် စာရင်းကောက်အဖွဲ့တွေရဲ့ လုံခြုံရေး၊ သွားလာရေးတွေပါတဲ့အတွက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ ဒီအသိပေးဆွေးနွေးပွဲကို ကျင်းပရတာဖြစ်တယ်။ ဒီစစ်တမ်းကို လာမယ့် နိုဝင်ဘာလ ဒုတိယပတ် သို့မဟုတ် တတိယပတ်လောက်မှာ စပြီးကောက်ပါမယ်။ ပြည်နယ်တွေမှာတော့ ကောက်ကွက်ပေါင်း ၃၀ ရှိပါမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုမှာ စစ်တမ်းကောက်ချိန် ခန့်မှန်းအားဖြင့် လေးလလောက်ကြာနိုင်တယ်"ဟု ဒေါက်တာလွင်မာလှိုင်က ပြောသည်။

အဆိုပါအသိပေးဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရုံးချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများ၌ H1N1ရောဂါကာကွယ်ဆေးများထိုးနှံပေး

**စစ်တွေ အောက်တိုဘာ ၂၈**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် ရခိုင်ပြည်နယ် မြို့နယ်အချို့ရှိ ကယ်ဆယ်ရေးစခန်းများကို ရောက်ရှိနေသော ဒုက္ခသည်များအား ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ယင်းအစီအစဉ်အရ စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းငါးခုတွင် ယာယီရောက်ရှိနေသော ရခိုင်၊ မရမာကြီး၊ မြို၊ သက်နှင့် ဟိန္ဒူလူမျိုးဒုက္ခသည် ၁၆၀၀ ခန့်အား စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက စခန်းများအထိ သွားရောက်ပြီး H1N1 ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြသည်။

"ကျွန်မတို့အနေနဲ့ နေရပ်စွန့်ခွာပြီးရောက်ရှိလာတဲ့ ဒုက္ခသည်တွေကို ခုလို H1N1 ရောဂါကာကွယ်ဆေးတွေကို ထိုးပေးရတဲ့အတွက် ပီတိဖြစ်မိပါတယ်။ ဒီဆေးက တန်ဖိုးလည်းကြီးတယ်ဆိုတော့ သူတို့အနေနဲ့လွယ်လွယ်နဲ့ ထိုးနိုင်မှာမဟုတ်ပါဘူး။ ဒီကိုရောက်နေတုန်း ကာကွယ်ဆေးထိုးပေးလိုက်တော့ သူတို့နေရပ်ကို ပြန်သွားရင်လည်း ကာကွယ်ပြီးသား ဖြစ်သွားတာပေါ့။ ခုလို ဒုက္ခရောက်နေတဲ့သူတွေကို စောင့်ရှောက်ပေးရတာကိုက ကျွန်မတို့အတွက် ပင်ပန်းရကျိုးနပ်ပါပြီ" ဟု စစ်တွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနမှ သားဖွားဆရာမ ဒေါ်သန်းကြည်က ပြောသည်။

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) ရောဂါသည် ယခုနှစ်တွင် ဇူလိုင်လမှစ၍ ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့၌ ဖြစ်ပွားခဲ့ပြီး လူများသေဆုံးမှုရှိခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ကိုကြီးစော**



**စစ်တွေမြို့ရှိ ဧည့ဝတီဘောလုံးကွင်း ကယ်ဆယ်ရေးစခန်း၌ H1N1 ရောဂါကာကွယ်ဆေးထိုးပေးနေစဉ်**

## အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာကောင်စစ်ဝန်ချုပ် ဦးပြည်စိုး ရှုတ်တရက်ကွယ်လွန်

**နေပြည်တော် အောက်တိုဘာ ၂၈**

အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည်စိုးသည် အောက်တိုဘာ ၂၇ ရက်တွင် တာဝန်ထမ်းဆောင်စဉ် ယာဉ်မတော်တဆမှုဖြစ်ပွား၍ ရှုတ်တရက်ကွယ်လွန်သွားကြောင်း သိရသည်။

ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည်စိုး သည် အောက်တိုဘာ ၂၇ ရက်က အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂါယာမြို့ရှိ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နံနက် ၉ နာရီခန့်တွင် သံရုံးမော်တော်ယာဉ်ဖြင့် ဂါယာမြို့မှ ကော်လ်ကတ္တားမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် ရှေ့မှလာသော မော်တော်ဆိုင်ကယ်အား ရှတ်တရက်ရှောင်ခဲ့ရာမှ မျက်နှာချင်းဆိုင်မှယာဉ်ဖြင့် တိုက်ခိုက်မှု မတော်တဆဖြစ်ပွားခဲ့သည်။

ထိုသို့ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ကောင်စစ်ဝန်ချုပ် ဦးပြည်စိုးသည် ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာတွင် ပင် ကွယ်လွန်သွားခဲ့ပြီး ယာဉ်ပေါ်ပါရှိသူ ကောင်စစ်ဝန်ချုပ်၏ ဇနီး ဒေါ်ညိုညိုအောင်၊ သံရုံးအုပ် ဦးတင်ထွန်းအောင်နှင့် ယာဉ်မောင်းဖြစ်သူ ဒေသခံနှင့် Mr. Vipin Singh တို့လည်း ဒဏ်ရာများ ပြင်းထန်စွာရရှိ၍ Jharkhand ပြည်နယ် Ranchi မြို့ရှိ Medica Hospital တွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွက် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေသည် ကော်လ်ကတ္တားမြို့သို့ ချက်ချင်းသွားရောက်ခဲ့ပြီး မြန်မာသံရုံးနှင့် ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းများနှင့်အတူ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မူခင်းကျဆင်းရေးပညာပေးဟောပြော

**သီပေါ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ရဲတပ်ဖွဲ့၏စီစဉ်ဆောင်ရွက်မှုဖြင့် မူခင်းအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့မရဲစခန်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မြင့်ကျော်က မူခင်းဖြစ်စဉ်များနှင့်ပတ်သက်သည့် အကြောင်းခြင်းရာများ၊ စခန်းမှူး ဒုရဲမှူးဝင်းတင်က မူခင်းကြိုတင်ကာကွယ်မှုများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ကြပ်ကြီး ဝင်းဇော်လတ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# သုံးနိုင်ငံ ချစ်ကြည်ရေးစားပွဲတင်တင်းနစ် ယှဉ်ပြိုင်ကစား

**ရန်ကုန်  အောက်တိုဘာ ၂၈**

တရုတ်-မြန်မာ-ထိုင်း ချစ်ကြည်ရေးစားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်စားပွဲတင်တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်လင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မင်းထွဋ်၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ တရုတ်၊ ထိုင်းနိုင်ငံမှ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများကို နှုတ်ဆက်ပြီး ယှဉ်ပြိုင်ကစားနေမှုများ ကြည့်ရှုအားပေးကြသည်။

"ကျွန်တော်တို့ မြန်မာ့လက်ရွေးစင်အသင်းမှာရှိတဲ့ ကစားသမားတွေကို တရုတ်၊ ထိုင်းအသင်းတို့ စားပွဲတင်တင်းနစ်ရဲ့ လက်ရှိပြောင်းလဲနေတဲ့ ကစားနည်းတွေကို သိစေချင်တယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသင်းက လက်ရည်ကောင်းတဲ့ ကစားသမားတွေကိုခေါ်ပြီး ချစ်ကြည်ရေးအသင်းတွေနဲ့ တစ်ဦးချင်းယှဉ်ပြိုင်ကစားစေကာ အတွေ့အကြုံရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်ခိုင်က ပြောသည်။



ယနေ့ ပြိုင်ပွဲတွင် တရုတ်အသင်းမှ JLTG၊ Yinhe လူငယ်လက်ရွေးစင် ကစားသမားများ၊ ထိုင်းအသင်းမှ လူငယ်လက်ရွေးစင်များ၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရ ကစားသမားများ၊ မြန်မာအသင်းမှ လက်ရွေးစင်ကစားသမားများ ပတ်လည်စနစ်ဖြင့် အသင်းလိုက်ယှဉ်ပြိုင်ကစားကြပြီး အောက်တိုဘာ ၂၉ ရက်တွင် တစ်ဦးချင်းပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ဖိလစ်ပိုင်ကို ဂိုးပြတ်အနိုင်ယူ

**ဟိုချီမင်း အောက်တိုဘာ ၂၈**

၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စု တတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးပြတ်အနိုင်ရရန် ပွဲစကတည်းက ကြိုးပမ်းခဲ့ပြီး ၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် ဂိုးကွာခြားချက်က အရေးပါနေသောကြောင့် အင်ဒိုနီးရှား၊ ဗီယက်နမ် ထက်သာစေရန် သွင်းယူနိုင်ခဲ့ပြီး ဖိလစ်ပိုင်ကို ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ဗီယက်နမ်က ၂၄ ဂိုး၊ အင်ဒိုနီးရှားက ၂၁ ဂိုးသာသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ၁၄ ဂိုး၊ ဒုတိယပိုင်းတွင် ၁၁ ဂိုး သွင်းယူခဲ့သည်။ မြန်မာအသင်းသည် တတိယပွဲအဖြစ် အောက်တိုဘာ ၂၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# အာရှ ယူ-၁၉ ခြေစစ်ပွဲတွင် မြန်မာအသင်းရှုံးနိမ့်

**ဖနွမ်းပင် အောက်တိုဘာ ၂၈**

၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲအုပ်စု (ဆ) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ ကျင်းပရာ မြန်မာအသင်းသည် တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

မြန်မာအသင်းသည် တရုတ်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းအမှားများကြောင့် အခွင့်အရေးများ ပေးခဲ့ရသည်။ မြန်မာအသင်း၏ အဝေးကန်ချက်များမှာ တရုတ်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သော်လည်း ဂိုးမရခဲ့ပေ။ တရုတ်အသင်းအတွက် အနိုင်ဂိုးကို လီယူ ဖန်က ၃၇ မိနစ်တွင် သွင်းယူခဲ့သည်။

အုပ်စု(ဆ) ပွဲစဉ်များ အပြီးတွင် တရုတ်အသင်းက သုံးပွဲစလုံးအနိုင်ရပြီး ကိုးမှတ်ဖြင့် အုပ်စုပထမရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ကာ မြန်မာအသင်းသည် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ သုံးမှတ်သာရခဲ့၍ အုပ်စုတတိယရပြီး ခြေစစ်ပွဲမအောင်ခဲ့ပေ။

**ဖိုးသော်ဇင်**

# ပရီမီယာလိဂ်ပွဲစဉ် (၁၀)
# မန်ယူတို့ စပါးကို အိမ်ကွင်း၌ အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၁၀) စနေနေ့ အစောဆုံးပွဲစဉ်အဖြစ် မန်ယူနှင့်စပါးတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် အိမ်ရှင်မန်ယူသည် ၃-၄-၁-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ်နှင့် လူကာကူတို့အတွဲ ပွဲထွက်လာခဲ့ပြီး နည်းပြမော်ရင်ညို၏ ကွင်းလယ်အားထားရသည့် ပေါ့ဂ်ဘာနှင့်ဖယ်လိုင်နီတို့ ဒဏ်ရာပြဿနာကြောင့် မပါဝင်ခဲ့ပေ။ နည်းပြပိုချက်တီနို၏ စပါးအသင်းသည် ဟယ်ရီကိန်းနှင့် လာမယ်လာတို့ မပါဝင်ခဲ့ဘဲ ၃-၄-၂-၁ ပုံစံဖြင့် ဆွန်ဟောင်မင်ကို အထောင်ထားပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၈၁ မိနစ်တွင် အိမ်ရှင် မန်ယူသည် လူကျွဲ ပြစ်ဒဏ်ဘောမှတစ်ဆင့် တန်ပြန်တိုက်စစ်ဆင်ကာ လူကာကူ၏ ခေါင်းတိုက်ဖန်တီးမှုကို မာရှယ်က အဆုံးသတ်ဂိုးသွင်းပေးခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံးဘောလုံးပိုင်ဆိုင်မှု အသာစီးမရရှိခဲ့ဘဲ ဂိုးကန်သွင်းခွင့် ကိုးကြိမ်စီရရှိကာ လေးကြိမ်စီဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ယင်းနှစ်သင်းသည် သုံးနှစ်အတွင်း ခြောက်ကြိမ်တွေ့ဆုံခဲ့ရာ အိမ်ရှင်အသင်းသာ နိုင်ပွဲ ရရှိခဲ့သည်။ မန်ယူနှင့်စပါးသည် အဆင့်(၂)နှင့် (၃)တွင် ဆက်လက်ရပ်တည်နေပြီး မန်ယူသည် ရမှတ် ၂၃ မှတ်ဖြင့် စပါးကို သုံးမှတ်ဖြတ်ထားနိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် အာဆင်နယ်က ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုး၊ လီဗာပူးက ဟက်ဒါဖီးလ်ကို သုံးဂိုး- ဂိုးမရှိ၊ မန်စီးတီးက ဝက်စ်ဘရွန်းကို သုံးဂိုး-နှစ်ဂိုး၊ စတုတ်စီးတီးက ဝက်ဖို့ဒ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ပဲလေ့စ်နှင့် ဝက်စ်ဟမ်းတို့ပွဲမှာ နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ **သီဟ**




## အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
မိမိသွားလိုသည့် ရက်ကို ရရှိနိုင်ရန် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါပြီ။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘုရားဖူး ရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ "အောင်ချမ်းသာမှ သင့်ဆန္ဒပြည့်ဝစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ တစ်ပတ်ခြား ဗုဒ္ဓဟူးနေ့တိုင်း ထွက်ခွာပြီး ဗုဒ္ဓဂယာမှရန်ကုန်သို့ တစ်ပတ်ခြား တနင်္ဂနွေ နေ့တိုင်းတိုက်ရိုက်ပြန်လာသည့် (၁၁)ညအိပ် (၁၂)ရက် ခရီးဖြစ်ပါသည်။

(၁၇)နှစ်တိုင် ခရီးစဉ်တိုင်း ဒေါ်သဇင်မြင့်အောင် လိုက်ပါဆောင်ရွက်၍ နွေးထွေးသော ဝန်ဆောင်မှုများ ပေးခဲ့ ပါသည်။ အထူးခရီးစဉ်အဖြစ် ကျန်းမာရေးကြောင့် ခရီးရှည်မသွားနိုင်သူများနှင့် အချိန်မပေးနိုင်သောဘုရားဖူးများအတွက် (၄)ညအိပ်၊ (၅)ရက်ခရီးစဉ်ကို စီစဉ်ထားရှိပါသည်။ ခရီးစဉ်မှာ ဗုဒ္ဓဂယာ(၂)ည၊ ဗာရာဏသီ(မိဂဒါဝုန်)(၁)ည၊ အပြန် ဗုဒ္ဓဂယာ (၁) ည ဖြစ်ပါသည်။ (၄)ညအိပ်၊ (၅)ရက်အထူးခရီးစဉ်-(၁) ၃-၁-၂၀၁၈၊ အထူးခရီးစဉ်-(၂) ၁၇-၁-၂၀၁၈။ ပုံမှန်(၁၁)ညအိပ် (၁၂)ရက် ခရီးစဉ်များမှာ -

(၁) ၂၇-၉-၂၀၁၇ (ရောက်ရှိ) (၅) ၂၂-၁၁-၂၀၁၇ (ပြည့်ပြီး) (၉) ၁၇-၁-၂၀၁၈ (၃၀)ဦးလို (၁၃) ၁၄-၃-၂၀၁၈ (၂၀)ဦးလို
(၂) ၁၁-၁၀-၂၀၁၇ (ရောက်ရှိ) (၆) ၆-၁၂-၂၀၁၇ (ပြည့်ပြီး) (၁၀) ၃၁-၁-၂၀၁၈ (၂၀)ဦးလို (၁၄) ၂၈-၃-၂၀၁၈ (၂၅)ဦးလို
(၃) ၂၅-၁၀-၂၀၁၇ (ထွက်ခွာ) (၇) ၂၀-၁၂-၂၀၁၇ (၂၀) ဦးလို (၁၁) ၁၄-၂-၂၀၁၈ (ပြည့်ပြီး) (၁၅) ၁၁-၄-၂၀၁၈ (၁၀)ဦးလို
(၄) ၈-၁၁-၂၀၁၇ (ပြည့်ပြီး) (၈) ၃-၁-၂၀၁၈ (၂၅) ဦးလို (၁၂) ၂၈-၂-၂၀၁၈ (၁၅)ဦးလို (သင်္ကြန်ဗိတ်ရက်)

အထက်ပါခရီးစဉ်များ ပြောင်းလဲခြင်းမရှိပါ။ မိမိသွားလိုသော ခရီးစဉ်များကို ရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၁၊ ၀၉-၅၁၂၈၆၂၁ သို့ အမြန်ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။ သဇင်မြင့်အောင်



## AUTHENTIC MYANMAR
အချိန်ကောင်းရောက်ပြီမို့ Authentic နှင့် ခရီးသွားစို့ ....

ဗီယက်နမ်နိုင်ငံခရီးစဉ်များ

| | | | |
|---|---|---|---|
| ၁၁ နိုဝင်ဘာ ၂၀၁၇ | ဗီယက်နမ်(ဟန္နိုင်း-ဟာလောင်း) | (၀၄ ရက်/၀၃ ည) | ၄၇၀ ဒေါ်လာ/၁၅ ယောက် |
| ၁၂ ဒီဇင်ဘာ ၂၀၁၇ | ဗီယက်နမ်(ဟန္နိုင်း-ဟာလောင်း) | (၀၄ ရက်/၀၃ ည) | ၄၈၀ ဒေါ်လာ/၁၅ ယောက် |
| ၁၁ ဇန်နဝါရီ ၂၀၁၈ | ဗီယက်နမ်(ဟန္နိုင်း-ဟာလောင်း) | (၀၄ ရက်/၀၃ ည) | ၄၈၀ ဒေါ်လာ/၁၅ ယောက် |
| ၁၁ ဖေဖော်ဝါရီ ၂၀၁၈ | ဗီယက်နမ်(ဟန္နိုင်း-ဟာလောင်း) | (၀၄ ရက်/၀၃ ည) | ၄၈၀ ဒေါ်လာ/၁၅ ယောက် |

Call Us +959 768 40 59 50 ~ 53 , +195 99 99 05 81, +959 96 51 20 Viber






**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၃၄၇၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးရဲကိုဟိန်း ၉/ကပတ(နိုင်)၂၀၈၄၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7J/2453 , Mitsubishi Canter FG 730C,Light Truck(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီမြင့် ၁၀/ကထန (နိုင်)၀၅၈၄၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းရုံးခွဲ (ရွှာသာကြီး)**



**ကန့်ကွက်နိုင်ပါကြောင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ အကွက်အမှတ် ၄/ပဒေသာရပ်၊ ဦးပိုင်အမှတ် ၁၉၉၊ မြေယာအမှတ်199၊ ဧရိယာ၀ဒသမ ၁၄၇ ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်စန်းတို့မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်း - ဒေါ်မြင့်မြင့်စန်း**
**၉/မခန(နိုင်)၀၅၉၅၅၄ ၉/မခန(နိုင်)၀၅၉၄၉၈**
**အမှတ် ၃၊ လမ်း ၇၀၊ ၃၁-၃၂လမ်းအတွင်း၊ ပတ်ကုန်းပျော်ဘွယ်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အောင်မြေလမ်း၊ အမှတ် ၃၁/က မြေညီထပ်ကို လက်ရှိ ပိုင်ဆိုင်သူ ဒေါ်ခင်သန်းဝင်း မှတ်ပုံတင်-အမှတ် ၁၂/မဂတ(နိုင်) ၀၇၀၄၃၇ ထံမှ ဝယ်ယူရန် စရန်ငွေတစိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမှုရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဒေါ်တင်မေ
၅/စကန(နိုင်)၀၄၈၈၈၁
ဖုန်း - ၀၉၅၃၆၀၇၁၇



**အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၉၉)ရှိ နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ ခေါင်းရင်းခြမ်း(၄-လွှာ)တတိယထပ်ရှိ မြေရှင်ဒေါ်ခင်အေးနွယ် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | | |
|---|---|---|---|
| ဦးသော်ဇင် | ဦးငြိမ်းချမ်းထွေး | ဦးစွမ်းထက်ပိုင် | ဦးသန့်ညွန့်အောင် |
| LL.B (၃၁၈၅၄) | LL.B (၂၉၃၃၉) | LL.B (၄၀၇၉၅) | LL.B (၄၇၂၆၁) |
| ဖုန်း-၀၉-၄၃၀၆၄၂၈၁ | ဖုန်း-၀၉-၄၂၁၀၁၆၆၇၉ | ဖုန်း-၀၉-၄၃၀၉၄၆၇၂ | ဖုန်း-၀၉-၄၅၀၀၂၅၇၀၂ |

(အထက်တန်းရှေ့နေများ)
တိုက်(၂၁)၊ အခန်း(A-4)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

# ဗဟိုအစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို တားမြစ်



**မက်ဒရစ် အောက်တိုဘာ ၂၈**

ဗဟိုအစိုးရသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို တားမြစ်လိုက်သောကြောင့် စပိန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင်ရှိသော ကက်တလိုနီးယားဒေသ စပိန်နိုင်ငံမှ လွတ်လပ်ရေးရယူရေး ပဋိပက္ခများမှာလည်း ယမန်နေ့က ပိုမိုပြင်းထန်လာခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၈ ခုနှစ်က အတည်ပြုပြဋ္ဌာန်းပြီးနောက် ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်း များတွင် ဖော်ပြခဲ့သည်။

ကက်တလန်ပါလီမန်က ခွဲထွက်ခြင်းကို ကြေညာသည့်ဥပဒေတစ်ခုကို တညီတညွတ်တည်း ထောက်ခံမဲပေးပြီးနောက် ယခုကဲ့သို့ ဗဟိုအစိုးရအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို တားမြစ်လိုက်သောကိစ္စဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးကိုထောက်ခံသည့် လူအုပ်ကြီးသည် ဘာစီလိုနာရှိ ကက်တလန်ဒေသရုံးချုပ်ရှေ့တွင် ယမန်နေ့ညသန်းခေါင်အထိ စုရုံးရောက်ရှိနေခဲ့ကြောင်း **(ဓာတ်ပုံ)** သတင်းများတွင် ဖော်ပြခဲ့သည်။

အဆိုပါကိစ္စကို တုံ့ပြန်သောအားဖြင့် ဗဟိုအစိုးရက ကားလ်ပူဒီမောင့်နှင့် အခြားကက်တလန်ခေါင်းဆောင်များကို ဒေသအစိုးရတာဝန်မှ ထုတ်ပယ်လိုက်သကဲ့သို့ ကက်တလန်ရဲအရာရှိများကိုလည်း အနားပေးခဲ့ကြောင်း သိရသည်။

ကက်တလန်ပါလီမန်ဖျက်သိမ်းခြင်းကို ကြေညာခဲ့ပြီး ဒေသတွင်းရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၁ ရက်တွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကက်တလိုနီးယားရဲဌာန အကြီးအကဲလည်း နုတ်ထွက်ရန်စီစဉ်နေကြောင်း ဒေသတွင်းမီဒီယာများ၌ ဖော်ပြခဲ့သည်။ သို့သော်လည်း ပူဒီမောင့်နှင့်လွတ်လပ်ရေး ထောက်ခံသောခေါင်းဆောင်များမှာ ဗဟိုအစိုးရ၏ဆုံးဖြတ်ချက်အပေါ် လိုက်နာလိမ့်မည် မဟုတ်ကြောင်း ပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ၊ ရိုက်တာ)**

# တရုတ်နိုင်ငံ၌ 4G အသုံးပြုသူ သန်း ၉၅၀ ရှိ

**ပေကျင်း အောက်တိုဘာ ၂၈**

တရုတ်နိုင်ငံတွင် လက်ရှိအချိန်အထိ 4G အင်တာနက်ကွန်ရက်အသုံးပြုသူ စုစုပေါင်း သန်း ၉၅၀ ခန့်ရှိကြောင်း စီးပွားရေးလုပ်ငန်းနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ မကြာသေးမီက ထုတ်ပြန်ခဲ့သောစာရင်းများအရ သိရသည်။ တရုတ်နိုင်ငံတွင် မိုဘိုင်းဖုန်းအင်တာနက်အသုံးပြုသူမြင့်တက်လာသောကြောင့် တစ်လလျှင် အင်တာနက်အသုံးပြုသူတစ်ဦးသည် ပျမ်းမျှအားဖြင့် အင်တာနက် ပမာဏ ၂ ဂယ်ဂါဗိုက် အသုံးပြုလျက်ရှိသောကြောင့် ယခင်နှစ်ထက် အလားတူကာလထက် ၁၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး 4G ကွန်ရက်ရှိပြီး 4G အခြေစိုက်စခန်း နှစ်သန်းကျော်ကို အရေးကြီးသောမြို့နယ်များနှင့် ကျေးရွာများတွင် ၂၀၁၈ ခုနှစ်မတိုင်မီ ဖြန့်ကြက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစကာ ပြည်တွင်းအင်တာနက်ကွန်ရက် ချိတ်ဆက်အသုံးပြုခနှင့် ရပ်ဝေးခေါ်ဆိုခနှုန်းထားများကို ဒေတာဝန်ဆောင်မှုအဖြစ်သာ လျှော့ပေါ့ကောက်ခံပေးခဲ့သည်။ အဆိုပါဆောင်ရွက်မှုသည် မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းတွင် အဓိကဝင်ငွေဖြစ်လာခဲ့သည်။ **(ဆင်ဟွာ)**

# ဟီရိုရှီးမား အဏုမြူဗုံးကြဲခံရမှုအသက်ရှင်ကျန်ရစ်သူ နိုဘယ်ဆုပေးပွဲအခမ်းအနား၌ မိန့်ခွန်းပြောမည်

**တိုကျို အောက်တိုဘာ ၂၈**

၁၉၄၅ ခုနှစ် ဟီရိုရှီးမားအဏုမြူဗုံးကြဲခံရမှု သမိုင်းတွင် အသက်ရှင်ကျန်ရစ်သူတစ်ဦးသည် နော်ဝေနိုင်ငံရှိ နိုဘယ်ဆုပေးပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၂၀၁၇ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုကို အပြည်ပြည်ဆိုင်ရာ နျူကလီးယား လက်နက်ဖျက်သိမ်းရေး လှုပ်ရှားမှုအဖွဲ့သို့ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါအဖွဲ့သည် အလုံးစုံသော နျူကလီးယား လက်နက်တားဆီးရန်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော ကုလသမဂ္ဂစာချုပ်ကိုချမှတ်ရန် ဦးဆောင်ကြိုးစားခဲ့သောကြောင့် ယခုကဲ့သို့ ၂၀၁၇ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် ကနေဒါနိုင်ငံ၌ နေထိုင်သူဆက်ဆုကို သာလိုသည် ဒီဇင်ဘာ ၁၀ ရက်တွင် အော်စလိုဆုပေးပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ နျူကလီးယားလက်နက်ဖျက်သိမ်းရေးလှုပ်ရှားမှုအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဘဲထရေ့စ် ဖင်နှင့်အတူ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ဆုတံဆိပ်နှင့် အသိအမှတ်ပြုလက်မှတ်ကို လက်ခံရယူပြီး နောက်မိန့်ခွန်းပြောကြားမည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ နျူကလီးယား လက်နက်ဖျက်သိမ်းရေးလှုပ်ရှားမှုအဖွဲ့က သာလိုသည် နိုဘယ်ဆုပေးပွဲတွင် မိန့်ခွန်းပြောကြားမည့် ပထမဆုံးနျူကလီးယားဗုံးအကြဲခံရစဉ် အသက်ရှင်ကျန်ရစ်သူတစ်ဦးဖြစ်ကြောင်း ပြောခဲ့သည်။

၎င်းအနေဖြင့် အတွေ့အကြုံများနှင့်ဆန္ဒများကို ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ကာ ပြောပြမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံများအားလုံးကို အလုံးစုံသော နျူကလီးယားလက်နက် တားဆီးရန်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော ကုလသမဂ္ဂစာချုပ်တွင် ပါဝင်ရန် တိုက်တွန်း လိမ့်မည်ဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**



# အကြမ်းဖက်မှုများ အချိန်မရွေးပေါ်ပေါက်လာနိုင်သောကြောင့် ကင်ညာရွေးကောက်ပွဲရလဒ် သေချာမှုမရှိသေး



**ကီဆူမူ အောက်တိုဘာ ၂၈**

အကြမ်းဖက်မှုဖြစ်ပွားနိုင်သည့်အလားအလာများကြောင့် အချို့အတိုက်အခံဧရိယာများတွင် မဲပေးရန်ကြိုးစားမှုသည် အချိန်ကန့်သတ်ချက်မရှိ နှောင့်နှေးကြန့်ကြာနိုင်ကြောင်း အာဏာပိုင်များက ပြောကြားပြီးနောက် နောက်တစ်ကြိမ် ထပ်မံပြုလုပ်ခဲ့သော သမ္မတရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသော ကင်ညာနိုင်ငံသားများ စိတ်သက်သာရာရခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ရွေးကောက်ပွဲဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်က ပဋိပက္ခဖြစ်ပွားမှုများကို တားမြစ်နိုင်သည့် အလားအလာရှိပါက မေးခွန်းတစ်ခုကို မဖြစ်မနေမေးရမည်ဖြစ်သည်။

အဆိုပါမေးခွန်းမှာ သမ္မတယူဟူရူကန်ယက်တာအနေဖြင့် ကင်ညာမဲဆန္ဒနယ် ၂၉၀ တွင် ၂၀ ကျော်က ဆန္ဒမဲမပေးဘူးဆိုပါက ရွေးကောက်ပွဲအနိုင်ရသူကို ကြေညာမှာလားဆိုသည့် မေးခွန်းပင်ဖြစ်သည်။

ကင်ညာနိုင်ငံ၏ အခြားဒေသများတွင် မဲပေးပြီးနှစ်ရက်ကြာသွားသော်လည်း အချို့စီရင်စုနယ်မြေများတွင် ဒေသခံများမှာ လမ်းများပိတ်ဆို့မှု၊ အတိုက်အခံများက သပိတ်မှောက်မှုကြောင့် ရဲများနှင့်ပဋိပက္ခများဖြစ်ပွားနေသည်ဆိုကာ မဲများကို သတ်မှတ်ရက်ထက်နောက်ကျပြီးမှ ဆက်ပေးနေရကြောင်းသိရသည်။ ထို့ကြောင့် ဘုတ်အဖွဲ့က ယမန်နေ့နှောင်းပိုင်းက အရေးပေါ် အစီအစဉ်တစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းမှုကိုလိုအပ်ကြောင်း၊ ရဲများ၏နိုင်ထက်စီးနင်းဆက်ဆံမှုများကြောင့် စိတ်ပန်းလူပန်းဖြစ်ရကြောင်း ကင်ညာအနောက်ပိုင်းမြို့တော် ကီဆူမူမှ ကလေးသုံးယောက်အဖေဖြစ်သူ ဟင်နရီ ခါဟန်ဂိုကပြောခဲ့သည်။

ရဲများက နိုင်ငံရေးမတည်ငြိမ်မှုများအပေါ်လိုက်ကာ ထိုသို့လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ထပ်ကာထပ်ကာ ပြောခဲ့သည်။ မဲများရေတွက်ပြီးသလောက် ကန်ယက်တာအနေဖြင့် မဲများကို ၉၇ ရာခိုင်နှုန်းလောက်အထိ နိုင်နေကြောင်း ဒေသတွင်းမီဒီယာများက ပြောသည်။

အတိုက်အခံခေါင်းဆောင် ရယ်လာအိုဒင်ဂါက ယှဉ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း၊ ယှဉ်ပြိုင်ပွဲမှာ တရားမျှတမှုမရှိကြောင်း ၎င်းက ပြောခဲ့သည်။

**(ရိုက်တာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### သက်ကျားအိုတစ်ဦးကို သက်ငယ်မုဒိမ်းမှုဖြင့် ထောင်ဒဏ် နှစ်ပေါင်း ၃၃၀ ချမှတ်

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၈**
အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ နေထိုင်သော သက်ကျားအိုတစ်ဦးကို သက်ငယ်မုဒိမ်းမှုဖြင့် ထောင်ဒဏ်နှစ်ပေါင်း ၃၃၀ ချမှတ်လိုက်ကြောင်း တူလာခရိုင် အစိုးရရှေ့နေရုံးက မကြာသေးမီတွင် ဖော်ပြခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့မှ မြောက်ဘက် ၃၄၀ ကီလိုမီတာအကွာတွင်ရှိသော ဗီဆလီယာ၌နေထိုင်သည့် အသက် ၇၅နှစ်ရှိ အဲလက်လိုပက်ဇ်ဆိုသူသည် အသက် ၁၄ နှစ်အောက် ကလေးငယ်တစ်ဦးကို အဓမ္မပြုကျင့်ခဲ့ခြင်းအပါအဝင် စွဲချက်ပေါင်း ၂၂ မှု စစ်ဆေးပေါ်ပေါက်ခဲ့သည်ဟု အစိုးရရှေ့နေရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လိုပက်ဇ်သည် ၁၉၉၃ ခုနှစ် ဇူလိုင်လမှ ၂၀၀၉ ခုနှစ် မေလအထိ ၁၆နှစ်နီးပါးကာလအတွင်း အသက် ၁၀ နှစ် သို့မဟုတ် ၁၀ နှစ်အောက်အရွယ်ရှိ အမျိုးသမီးငယ် လေးဦးနှင့် အမျိုးသားတစ်ဦးကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သောကြောင့် ထိုသို့ အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

(ဆင်ဟွာ)

### တရုတ်နိုင်ငံက ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်သုံး ဓာတ်ရထားထုတ်လုပ်

**ရှီကျားချွမ် အောက်တိုဘာ ၂၈**
တရုတ်နိုင်ငံက ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်သုံး ဓာတ်ရထားတစ်စင်းကို တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ် တန်ရှန်ဒေသ၌ တပ်ဆင်ထုတ်လုပ်နေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အဆိုပါ ဟိုက်ဒရိုဂျင်သုံး ဓာတ်ရထားကို တရုတ်နိုင်ငံ Railway Rolling Corporation တန်ရှန်ကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

ဟိုက်ဒရိုဂျင်သုံး ဓာတ်ရထားသည် လေထုညစ်ညမ်းမှုကိုလည်း မဖြစ်စေကြောင်း သိရသည်။ ဟိုက်ဒရိုဂျင်သုံး ဆဲလ်များထဲတွင် အပူချိန်တုံ့ပြန်နိုင်စွမ်းကို ၁၀၀ ဒီဂရီ ဆဲလ်စီးယက်စ်အောက် ထိန်းသိမ်းထားနိုင်သောကြောင့် နိုက်ထရိုဂျင်အောက်ဆိုဒ်ထုတ်လွှတ်မှုလည်း မရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်ရထားကို ခရီးသည်များ တက်ရဆင်းရလွယ်ကူစေရန် ပုံစံထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ၁၅မိနစ်တိုင်း ဟိုက်ထရိုဂျင်ပြန်လည်ဖြည့်နိုင်ပြီး အများဆုံး တစ်နာရီ ကီလိုမီတာ ၇၀ နှုန်းဖြင့် ၄၀ ကီလိုမီတာအထိ ပြေးဆွဲနိုင်ကြောင်း သိရသည်။

(ဆင်ဟွာ)

# ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်

အောက်တိုဘာ ၁၄။ ထိုနေ့သည် ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့အတွက် ဝမ်းနည်းပူဆွေးဖွယ်ကောင်းသော နေ့တစ်နေ့ဖြစ်ပေသည်။ လက်လုပ်ဖောက်ခွဲရေးပစ္စည်းနှစ်တန်ခန့် တင်ဆောင်လာသော ထရပ်ကားတစ်စီးသည် မိုဂါဒစ်ရှူးမြို့၏ လူစည်ကားရာလမ်းတစ်လမ်းရှိ ဇူဘီးဂျန်ရှင်းအနီး၌ ပေါက်ကွဲခဲ့ရာ လူ ၄၀၀ ကျော် သေဆုံးခဲ့သည့်အနက် ၁၅၀ကျော်မှာ မည်သူမည်ဝါမှန်းမသိအောင်ပင် မီးများလောင်ကျွမ်းကာ ရုပ်ပျက် ဆင်းပျက်



ဖြစ်ခဲ့ရသည်။ ထို့အတူ လူရာပေါင်းများစွာလည်း ဒဏ်ရာရရှိခဲ့သည်။ မိသားစုဝင်များက အပျက်အစီးများကြား၌ သူတို့အချစ်ရဆုံးသူများကို ရှာဖွေနေသည့် မြင်ကွင်းမှာ မချိတင်ကဲ တကယ့်ဝမ်းနည်းပူဆွေးဖွယ်ကောင်းနေသည်။

အဆိုပါ ပေါက်ကွဲမှုသတင်းက တောမီးပမာ မိုင်ပေါင်းများစွာပျံ့နှံ့သွားခဲ့ရာ ကူညီလိုသူနိုင်ငံသူ၊ နိုင်ငံသားရာပေါင်းများစွာလည်း ဆေးရုံတွင် သွေးလှူရန် နာရီပေါင်းများစွာ စောင့်ဆိုင်းနေခဲ့ကြသည်။ ဆရာဝန်များ၊ သူနာပြုများ၊ အရေးပေါ်လူနာတင်ယာဉ်မောင်းများကလည်း ဒဏ်ရာရရှိသူများကို ကယ်တင်နိုင်ရန် အကောင်းဆုံး လုပ်ဆောင်နေကြသည်။

လူမဆန်သည့် ရက်စက်မှုအတွက် အစွလာမ့်စ်အစွန်းရောက် ရှာဘတ်စစ်သွေးကြွများကို အပြစ်တင်ရန် ဝမ်းနည်းပူဆွေးပြီး ဒေါသထွက်နေသည့် ဆိုမာလီလူအုပ်ကြီးသည် ပေါက်ကွဲမှုဖြစ်ပွားရာ ဇူဘီးဂျန်ရှင်းသို့ ရောက်လာခဲ့သည်။ တူရကီ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်နှင့်ကုလသမဂ္ဂတို့မှ ခေါင်းဆောင်များလည်း အဆိုပါတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

ထိုသို့ ကမ္ဘာ့ခေါင်းဆောင်များက လူမဆန်သည့် လုပ်ရပ်များကို အပြင်းအထန်ဝေဖန်ရှုတ်ချခဲ့သော်လည်း အဆိုပါရှုတ်ချမှုများသည် ဆိုမာလီယာတွင် ဖြစ်ပွားနေသော ရှာဘတ်စစ်သွေးကြွတို့၏ လုပ်ရပ်များကို လျော့နည်းသွားစေမည် မဟုတ်သလို ရပ်တန့်အောင်စွမ်းဆောင်နိုင်မည်မဟုတ်ပေ။

ရှာဘတ်အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရန်မှာ ဆိုမာလီယာနိုင်ငံအတွက် ခက်ခဲကောင်း ခက်ခဲနိုင်သော်လည်း နည်းလမ်းမရှိခြင်းတော့ မဟုတ်ပေ။ လိုလျှင် ကြံဆနည်းလမ်းရပင်ဖြစ်သည်။ ထိုနည်းလမ်းက အခြားမဟုတ်။

နည်းလမ်းကောင်းများ အကြံဉာဏ်ကောင်းများနှင့် ပစ္စည်းအစုံအလင်ရှိခြင်းပင် ဖြစ်သည်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေး။ ဆိုမာလီလုံခြုံရေးတပ်ဖွဲ့များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်မှုပင် ဖြစ်သည်။ စည်းလုံးညီညာ အောင်ကြောင်းဖြာဆိုသော ဆိုရိုးစကားရှိသည်နှင့်အညီ စည်းလုံးခြင်းဖြင့် မအောင်မြင်နိုင်သောအရာမရှိနိုင်ပေ။

ယခုကဲ့သို့ လူမဆန်သည့် လုပ်ရပ်မျိုးလုပ်ဆောင်ခဲ့သည့် ရှာဘတ်စစ်သွေးကြွအဖွဲ့သည် မကောင်းမှုဒုစရိုက်များကို လုပ်လေ့ရှိသည့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်သွယ်မှုရှိနိုင်သည်ဆိုသည်မှာ ယုံမှားသံသယမရှိပေ။ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲမှုများပြုလုပ်ခြင်းသည် အစိုးရကို အံတုရန် စစ်သွေးကြွတို့၏ သုံးလေ့ရှိသော နည်းဗျူဟာပင်ဖြစ်သည်။ အောက်တိုဘာ ၁၄ က ဗုံးပေါက်ကွဲမှုဖြစ်စဉ်၌ သေဆုံးသူအရေအတွက်မှာ မြင့်မားလှသော်လည်း ရှာဘတ်စစ်သွေးကြွတို့က ၎င်းတို့၏ လက်ချက်ဟု ထုတ်ဖော်မပြောခဲ့ချေ။

လွန်ခဲ့သော နှစ်အနည်းငယ်က ရှာဘတ် စစ်သွေးကြွများသည် နိုင်ငံထက်ဝက်ပမာဏခန့် ရှိမည်ထင်ရသော ဆိုမာလီယာတောင်ပိုင်းတစ်ခွင်ရှိ ဒေသအများစုကို သိမ်းပိုက်ထားခဲ့သည်။ ထိုအချိန်မှစကာ ဆိုမာလီနှင့် အာဖရိကသမဂ္ဂအဖွဲ့တို့က ရှာဘတ်စစ်သွေးကြွများကို အဓိကအရေးပါသော မြို့များမှမောင်းထုတ်ခဲ့ကြသည်။ ထို့အတူ အမေရိကန်လေကြောင်းတိုက်ခိုက်မှုများနှင့် ဆိုမာလီနှင့် အမေရိကန်ပြည်ထောင်စု အထူးတပ်ဖွဲ့တို့၏ ပူးတွဲစစ်ဆင်ရေးများကလည်း စစ်သွေးကြွခေါင်းဆောင်အတော်များများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။

သို့သော်လည်း ရှာဘတ်စစ်သွေးကြွအုပ်စုမှာ ၎င်းတို့၏ အဆင့်အလိုက် တိုက်ခိုက်ရေးသမား ၈၀၀၀ နီးပါးရှိရာ ယခုအချိန်ထိ ဆိုမာလီယာကျေးလက်များတွင် မင်းမှုဗိုလ်ကျစိုးမိုးလျက်ရှိသည်။ ထို့အပြင် ၎င်းတို့သည် ဆိုမာလီယာမြို့ အတော်များများကိုလည်း သိမ်းပိုက်ရန် ကြိုးစားလျက်ရှိပြီး အဓိကလမ်းမကြီးများ တစ်လျှောက်ကိုလည်း ပိတ်ဆို့ဟန့်တားလျက်ရှိသည်။

ရှာဘတ်စစ်သွေးကြွတို့ သုံးလေ့ရှိသော ပစ္စည်းမှာ လက်လုပ်ဗုံးများဖြစ်ပြီး ၂၀၁၆ ခုနှစ်က လက်လုပ်ဗုံးသုံးတိုက်ခိုက်မှု ၃၉၅ ခုရှိခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၇၂၃ ဦး သေဆုံးခဲ့ပြီး လူ ၁၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်တာကာလ ၂၀၁၅ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် တိုက်ခိုက်မှုပမာဏတိုးလာခဲ့သလို သေဆုံးဒဏ်ရာရရှိသူ ဦးရေလည်းတိုးလာခဲ့သည်။ ထို့အတူ ၎င်းတို့အသုံးပြုလေ့ရှိသော လက်လုပ်ဗုံး၏ ပြင်းအားနှင့် အရွယ်အစားသာမက အသုံးပြုသည့်အရေအတွက်မှာလည်း တိုးသထက်တိုးလာသည်။ ထို့အပြင် ၎င်းတို့၏ လက်လုပ်မိုင်းများသည် ပြင်းအားနှင့် ထိရောက်မှုအတိုင်းအတာ၌ စစ်သုံးဖောက်ခွဲရေး ပစ္စည်းအဆင့်ထိ တဖြည်းဖြည်းတုပလုပ်လာခဲ့ကြသည်။ ဆိုလိုသည်မှာ ရှာဘတ်စစ်သွေးကြွတို့သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုကြောက်စရာကောင်းလာကြောင်း ဖော်ပြလိုခြင်းပင်ဖြစ်သည်။

ထိုသို့ ဗုံးတုပထုတ်လုပ်သူများကို ဖမ်းဆီးနှိမ်နင်းရန် ဆိုမာလီယာအနေဖြင့် ဗုံးအပျက်အစီးအပိုင်းအစများ၊ ဗုံးဖောက်ခွဲသည့် ကိရိယာများ၊ အစိတ်အပိုင်းများ၊ ဆင်းမ်ကတ်များ၊ လက်ဗွေရာများ၊ ဒီအင်န်အေတို့ကဲ့သို့သော ပြစ်မှုဆိုင်ရာ သဲလွန်စများမှတစ်ဆင့် စုံစမ်းထောက်လှမ်းဖော်ထုတ်နိုင်ရမည်ဖြစ်သည်။ ထို့အတူ ပြစ်မှုဆိုင်ရာ စစ်ဆေးမှုများလုပ်ဆောင်ရန် ဥပဒေရေးရာ ဆေးပညာဆိုင်ရာ အတည်ပြုချက်ရယူနိုင်မည့် ဓာတ်ခွဲခန်းမျိုးလည်း မရှိသေးပေ။ ထို့အပြင် နုနယ်သော တက်သစ်စအစိုးရအနေဖြင့် ရဲအရာရှိလစာများနှင့် စစ်ဘက်ဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၏ လစာများကို မှန်မှန်ပေးနိုင်ရေး အတော်ကြိုးစားရန်းကန်နေရသလို တစ်ဖက်တွင်လည်း အစိုးရ၏ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် အထူးဗုံးစစ်ဆေးရှာဖွေရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် သင်တန်းများပေးနိုင်ရေးတို့ကိုလည်း ထိရောက်အောင် စွမ်းဆောင်နိုင်ခြင်းငှာတတ်နိုင်ဟန်မတူသေးပေ။

ထိုသို့သော နိုင်ငံ၏အခြေအနေများက တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသလို ရှာဘတ်စစ်သွေးကြွများအတွက် ရက်စက်ကြမ်းကြုတ်မှုများ လုပ်ဆောင်ရန်အခွင့်သာသလို ဖြစ်နေတော့သည်။ သို့သော်လည်း မကောင်းမှုက အမြဲတမ်းမင်းမူနိုင်မည်တော့ မဟုတ်ပေ။

မေလတွင် ဆိုမာလီယာ ပြည်ထဲရေးဝန်ကြီးက ဗုံးထုတ်လုပ်သူများ၏ လမ်းကြောင်း ကွန်ရက်နှင့် ဗုံးထုတ်လုပ်သည့် အဖွဲ့များကို တားဆီးကာကွယ်ဟန့်တားရန် အမျိုးသားဗဟိုထောက်လှမ်းရေးနှင့် လုံခြုံရေးကောင်စီကို တာဝန်ပေးခဲ့သည်။ ၎င်းအဖွဲ့က တိုက်ခိုက်ရေးသမားများ၊ လက်နက်များနှင့် ဖောက်ခွဲရေးပစ္စည်းများ စီးဆင်းရာလမ်းကြောင်းကို ဖြတ်တောက်ရန် မိုဂါဒစ်ရှူးတစ်ဝိုက် လုံခြုံရေးစစ်ကြောင်းများ တင်းကျပ်ထားခဲ့သည်။

ထိုလုပ်ဆောင်ချက်မှ ဗုံးအစိတ်အပိုင်းများကို စီးပွားရေးအရ တင်သွင်းသော လမ်းကြောင်းများကို ရှာဖွေတွေ့ရှိခဲ့သော်လည်း တားဆီးလျှင် ကောင်းမည်လား၊ စည်းကမ်းအရ ထိန်းချုပ်လျှင် ကောင်းမည်လား ဆိုသည်ကို ဝေခွဲမရဖြစ်ခဲ့သည်။ ထိုသို့ဖြစ်ခဲ့ခြင်းမှာ ဆိုမာလီယာနိုင်ငံ၌ မှုခင်းနည်းပညာဆိုင်ရာ အားနည်းခြင်းနှင့် ပြစ်မှုဆိုင်ရာ စစ်ဆေးမှုများ လုပ်ဆောင်ရန်၊ ဥပဒေရေးရာ ဆေးပညာဆိုင်ရာအတည်ပြုချက်ရယူနိုင်မည့် ဓာတ်ခွဲခန်းမျိုးမရှိခြင်းနှင့် ပြစ်မှုဆိုင်ရာ အရေးကြီးအချက်အလက်များနှင့် သက်သေများကို နိုင်ငံခြားသို့ တင်ပို့စစ်ဆေးမှုများ ပြုလုပ်နေရခြင်းတို့ကြောင့်ဖြစ်သည်။ တစ်နည်းဆိုရသော် အစိုးရက အဆိုပါကိစ္စမျိုးတွင် ထိရောက်စွာကိုင်တွယ်နိုင်စွမ်းမရှိသောကြောင့် ဖြစ်သည်။

အောက်တိုဘာ ၁၄ ရက် တိုက်ခိုက်မှုသည် ဆိုမာလီပြည်သူများနှင့်လူသားဆန်မှုများကို ဆန့်ကျင်သော ပြစ်မှုဖြစ်သည်။ သို့သော်လည်း သက်သေရှာရန်၊ စုံစမ်းစစ်ဆေးရန်နှင့် ပြစ်မှုဆိုင်ရာတရားစွဲဆိုနိုင်ရေး သတင်းအချက်အလက်တည်ဆောက်ရန်မတတ်နိုင်သေးပေ။

အဘယ်ကြောင့်ဆိုသော် ဆိုမာလီယာမြေပေါ်၌ ကျူးလွန်ခဲ့သော ပြစ်မှုဆိုင်ရာ အရေးကြီးအချက်အလက်များနှင့် သက်သေများကို နိုင်ငံခြားသို့ တင်ပို့စစ်ဆေးမှုများ ပြုလုပ်နေရခြင်း၊ မိမိ နိုင်ငံသားများကို မိမိကိုယ်တိုင်ကာကွယ်ရန် အခွင့်အရေးများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို ဖမ်းဆီးထိန်းသိမ်းအပြစ်ပေးရေးစသည့် အခွင့်အရေးများလည်း လျစ်လျူရှုခံနေရခြင်းတို့ကြောင့် ဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုမျိုးသည် ဆိုမာလီယာနိုင်ငံတွင် သာမက ရှာဘတ်စစ်သွေးကြွများရှိရာ နိုင်ငံတိုင်းတွင် ဆက်လက်ဖြစ်ပွားနေဦးမည် ဖြစ်သည်။

အဆိုပါ ဖြစ်ရပ်မျိုးနောက်ထပ်ထပ်မဖြစ်စေရန် ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့်အတိုင်း ပြည်သူများ ပူးပေါင်းဆောင်ရွက်ကာ ကိုယ့်အားကိုယ်ကိုးကြိုးစားဖို့လိုလာပြီဖြစ်သည်။ ဆိုမာလီယာနိုင်ငံအတွင်း ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် သင်တန်းများ၊ ကောင်းမွန်သော လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများရှိရန် လိုအပ်လာပြီဖြစ်သည်။ ဆိုမာလီယာရှိ တရားရုံးများတွင် တရားစွဲဆိုနိုင်ရေး၊ သက်သေများနှင့် စုံစမ်းစစ်ဆေးခြင်းများကို မိမိတို့ကိုယ်တိုင်လုပ်ဆောင်နိုင်ရန် လိုအပ်လာပြီဖြစ်သလို ရန်သူများကိုရင်ဆိုင်ရန် ကိုယ်ပိုင်နည်းလမ်းများ အသုံးပြုရန်လည်း လိုအပ်လာပြီဖြစ်သည်။

**တင်လင်းအောင်**















# မြန်မာသဒ္ဒါသင်ကြားရေး (၂၆)

မောင်ခင်မင် (ဓနုဖြူ)

"အခုပြောနေကြတဲ့ နာမဝိသေသနပြဿနာက သဒ္ဒါအရ နာမဝိသေသနလို့ သတ်မှတ်နိုင်တဲ့ စကားလုံးအမျိုးအစား သီးသန့် ရှိ မရှိဆိုတဲ့ ပြဿနာနော်။ နာမဝိသေသနစကားလုံး စစ်စစ်သီးခြားရှိ မရှိ ပြဿနာလို့ပြောရင်လည်း ရပါတယ်။ နာမဝိသေသနဆိုတဲ့ အထူးပြုတဲ့သဘောတရားမရှိဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်။ အကြောင်းအရာတစ်ခုခုကို အထူးပြုချင်ရင် နည်းအမျိုးမျိုးနဲ့ အထူးပြုလို့ရတာပဲလေ"

"ဟုတ်ကဲ့ပါ"

"နာမ်ကို အထူးပြုသောပုဒ်ကို နာမဝိသေသနဟု ခေါ်သည်ဆိုတဲ့ ဖွင့်ဆိုချက်အရ နာမဝိသေသနရဲ့ အလုပ်ဟာ နာမ်ကိုအထူးပြုတဲ့ အလုပ်ဆိုတာ အထူးပြောစရာလိုမယ် မထင်ဘူးနော်။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီလိုဆိုရင် နာမ်တစ်ခုကို တခြားဘယ်ဝါစင်္ဂတွေကရော အထူးပြုနိုင်သလဲဆိုတာ ကြည့်ရအောင်။ ဒါဆိုရင် အထူးပြုရဲ့ သဘောပိုပြီး ထင်ရှားလာနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ၊ ဩော်... ကျွန်မသတိရလို့ပါ။ နာမ်နှစ်ခုတွဲပြီး ရှေ့နာမ်က နောက်နာမ်ကို အထူးပြုတာရယ်၊ နောက်နာမ်က ရှေ့နာမ်ကို အထူးပြုတာရယ်၊ ဒသမတန်းသဒ္ဒါမှာ သင်ရပါတယ် ဆရာ"

"ကဲ ရှေ့နာမ်က နောက်နာမ်ကို အထူးပြုတဲ့ သာဓကတွေ ပြောပြပါဦး"

"ဟုတ်ကဲ့၊ 'ရေအိုး၊ ထမင်းပန်းကန်၊ ရွှေခွက်၊ သံဘူး' ဆိုတာမျိုးတွေပါဆရာ"

"ဟုတ်ပါတယ်။ 'ရေ' က 'အိုး'ကို ဘယ်လိုအိုးလဲ ဘာထည့်ထားတဲ့အိုးလဲဆိုတဲ့အနက် ထင်ရှားအောင် အထူးပြုတာမဟုတ်လား။ အဲဒီလိုပဲ ကျန်တဲ့သာဓကတွေကို အနက်အဓိပ္ပာယ်ဖွင့်ကြည့်ရင် ထမင်းထည့်ထားတဲ့ပန်းကန်၊ ရွှေနဲ့ လုပ်တဲ့ခွက်၊ သံနဲ့လုပ်တဲ့ဘူး၊ ဒါမှမဟုတ် ရွှေထည့်ထားတဲ့ခွက်၊ သံထည့်ထားတဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ အထူးပြုတာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ကဲ... နောက်နာမ်က ရှေ့နာမ်ကို အထူးပြုတဲ့ သာဓကကလေးတွေ..."

"ဟုတ်ကဲ့၊ 'တောင်ကလပ်'ပါ ဆရာ။ ကလပ်နဲ့တူတဲ့ တောင်လို့ဆိုလိုတာမို့ ရှေ့နာမ်ဖြစ်တဲ့ 'တောင်' ကို နောက်နာမ်ဖြစ်တဲ့ 'ကလပ်'က အထူးပြုတာပါ ဆရာ"

"တခြားသာဓကတွေရော ဘာတွေ တွေ့မိသလဲ"

"နောက်နာမ်က ရှေ့နာမ်ကို အထူးပြုတဲ့ သာဓကတော့ များများမတွေ့ပါဘူး ဆရာ။ သတိထားမိသလောက် 'ကြက်ဆင်' တို့၊ 'မုန့်လက်ကောက်'တို့ပါ။ ဆင်နဲ့တူတဲ့ကြက်၊ လက်ကောက်နဲ့တူတဲ့ မုန့်လို့ အဓိပ္ပာယ်ရပါတယ်"

"ဟုတ်ပါပြီ။ ခုပြောချင်တာက နာမ်တစ်ခုကို နာမ်တစ်ခုက အထူးပြုနိုင်တဲ့ အကြောင်းပါ။ ရှေ့နာမ်က နောက်နာမ်ကို အထူးပြုပုံအကြောင်းတို့၊ နောက်နာမ်က ရှေ့နာမ်ကို အထူးပြုပုံ အကြောင်းရောတစ်ခါက ဆရာအကျယ်ပြောဖူးပါတယ်။ မင်းတို့လည်း သိမှာပါ။ ဘယ်နာမ်က ဘယ်နာမ်ကိုပဲ အထူးပြုပါစေ အဲဒီအထူးပြုတဲ့နာမ်ဟာ နာမ်အဆင့်ကနေပြီး နာမဝိသေသနအဆင့်ကို ပြောင်းသွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကဲ... နာမ်ကို ကြိယာနဲ့ အထူးပြုနိုင်တာရော တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ 'သောက်ရေ' တို့၊ 'ထိုးဆေး'တို့၊ 'ဝင်ငွေ'တို့ဆိုတဲ့ စကားပေါင်းတွေမှာ ရှေ့က ကြိယာတွေက နောက်ကနာမ်တွေကို အထူးပြုတာပါ။ ဒါကြောင့် သောက်တဲ့ရေ၊ ဝင်တဲ့ငွေ ထိုးတဲ့ဆေးလို့ အဓိပ္ပာယ်သက်ရောက်တာပါ"

"ဟုတ်ပါပြီ။ ခုပြတဲ့သာဓကတွေက ရှေ့ကြိယာက နောက်နာမ်ကို အထူးပြုတာပေါ့နော်။ ကဲ... နောက်ကြိယာက ရှေ့နာမ်ကို အထူးပြုတာရောရှိသလား"

"အရင်အပတ်က ပြောတဲ့ဂုဏ်ရည်ပြကြိယာတွေက ရှေ့နာမ်ကို အထူးပြုပါတယ်ဆရာ။ 'ရေအေး' တို့၊ 'လူငယ်'တို့၊ 'ခွေးရူး' တို့လို စကားလုံးတွေပါ"

"ဟုတ်တာပေါ့။ ရှေ့က 'ရေ၊ လူ၊ ခွေး' ဆိုတဲ့ နာမ်တွေကို နောက်က ဂုဏ်ရည်ပြကြိယာတွေဖြစ်တဲ့ 'အေး၊ ငယ်၊ ရူး'တို့က အထူးပြုတာပါ"

"ဒီလိုဆိုရင် အထူးပြုတဲ့ ကြိယာတွေဟာ ကြိယာအဆင့်ကနေပြီး နာမဝိသေသနအဆင့်ကို ပြောင်းသွားတာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ကဲ နာမ်စားတွေကရော နာမ်ကိုအထူးမပြုနိုင်ဘူးလား"

"အရင်ပတ်ကပဲ ဆရာပြောပြီးပါပြီ ဆရာ။ အညွှန်းနာမ်စားရော၊ အမေးနာမ်စားရော နောက်ကနာမ်ကို အထူးပြုနိုင်ပါတယ် ဆရာ"

"ပြန်ပြောရရင် 'ထို၊ ဤ' ဆိုတဲ့ အညွှန်းနာမ်စားတွေနဲ့ နောက်ကနာမ်ကို အထူးပြုတာက 'ထိုအိမ်၊ ဤစာအုပ်' ဆိုတာမျိုးပေါ့။ 'ဘယ်' ဆိုတဲ့ အမေးနာမ်စားနဲ့အထူးပြုရင် 'ဘယ်ကျောင်း၊ ဘယ်မြို့' ဆိုတာမျိုးဖြစ်တာပေါ့။ ဒီတော့ အဲဒီနာမ်စားတွေလည်း နာမ်စားအဆင့်က နာမဝိသေသနအဆင့်ကို ပြောင်းသွားတာပေါ့"

"ဟုတ်ကဲ့ပါ"

"အရင်အပတ်ကပြောတုန်းက ပုဂ္ဂလနာမ်စားနဲ့ အထူးပြုနိုင်တာ မပြောရသေးဘူးထင်တယ်"

"မပြောရသေးပါဘူး ဆရာ"

"ပုဂ္ဂလနာမ်စားနဲ့ အထူးပြုတာကတော့ ပိုင်ဆိုင်တဲ့အနက်နဲ့ အထူးပြုနိုင်တယ်။ တစ်ခုမှတ်ဖို့က 'ငါ၊ သူ၊ နင်၊ သင်၊ ကျွန်တော်' ဆိုတဲ့ ပုဂ္ဂလနာမ်စားတွေကို အောက်မြစ်သံပြောင်းပြီးမှ နောက်ကနာမ်ကို အထူးပြုလို့ရတယ်။ 'မင်း၊ ညည်း၊ ကျွန်မ၊ ကျွန်ုပ်၊ ကျုပ်' ဆိုတဲ့ ပုဂ္ဂလနာမ်စားတွေကတော့ အောက်မြစ်သံ၊ ဝစ္စပေါက်သံတွေပါပြီးသားမို့ အသံပြောင်းစရာ မလိုဘဲ နောက်ကနာမ်နဲ့ တိုက်ရိုက်ကပ်ပြီး အထူးပြုလို့ရတယ်"

"ဟင်... ဆရာ၊ အဲဒါဘာကိုဆိုလိုတာပါလဲ။ ကျွန်မသိပ်နားမလည်လို့ပါ"

"ကျွန်တော်လည်း သိပ်မရှင်းပါဘူးဆရာ"

"ဒီလိုလေ။ ကဲ 'ငါ' ဆိုတဲ့ ပုဂ္ဂလနာမ်စားဆိုပါတော့။ ငါပိုင်ဆိုင်တဲ့စာအုပ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ပြောရင် ဘယ်လိုပြောမလဲ"

" 'ငါ့စာအုပ်' လို့ ပြောမှာပေါ့ဆရာ"

"ဟုတ်ပြီ။ 'ငါစာအုပ်'လို့ တိုက်ရိုက်အထူးပြုလို့မရဘူး။ 'ငါ' ကို 'ငါ့' လို့ အောက်မြစ်သံပြောင်းပြီးမှ 'ငါ့စာအုပ်'လို့ အထူးပြုရတယ်မဟုတ်လား။ အဲဒါကို ဆိုလိုတာပါ"

"ဩော် နားလည်ပါပြီ ဆရာ။ ကျန်တဲ့ပုဂ္ဂလနာမ်စားတွေလည်း အဲဒီလိုပဲ 'သူ့အိမ်၊ နင့်ဦးလေး၊ သင့်ကျောင်း၊ ကျွန်တော့်ဆရာ' ဆိုပြီး အောက်မြစ်သံပြောင်းသုံးရတာပေါ့နော်"

"တကယ်တော့ စာသုံးဆိုရင် 'ငါ၏စာအုပ်'လို့ သုံးရတယ်မဟုတ်လား။ အပြောသုံးဆိုရင် 'ငါရဲ့စာအုပ်' ပေါ့။ အဲဒီ 'ငါ၏' တို့၊ 'ငါရဲ့' တို့ကနေပြီး 'ငါ့'လို့ ပြောင်းလာတဲ့သဘောပါပဲ။ ပိုင်ဆိုင်မှုအနက်ပါနေတာပေါ့"

"ဟုတ်ကဲ့ပါ"

" 'မင်း၊ ညည်း၊ ကျွန်မ၊ ကျွန်ုပ်၊ ကျုပ်' ဆိုတဲ့ ပုဂ္ဂလနာမ်စားတွေကျတော့ 'မင်းစာအုပ်၊ ညည်းအမေ၊ ကျွန်မဆရာ၊ ကျွန်ုပ်မိခင်၊ ကျုပ်သမီး' ဆိုတာမျိုးကပ်ပြီး အထူးပြုလို့ရတာပေါ့။ တချို့ကတော့ 'မင့်းစာအုပ်၊ ညည့်းအမေ'ဆိုတာမျိုး လေးနက်အောင် အောက်မြစ်သံထည့်ပြောလေ့ရှိတယ်။ ဒါပေမယ့် ထည့်ဖို့မလိုပါဘူး။ မထည့်ဘဲနဲ့ ပိုင်ဆိုင်မှုပြတဲ့ အနက်ရပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီအောက်မြစ်သံဟာ ပိုင်ဆိုင်မှုပြတဲ့ အနက်ရတယ်ဆိုတဲ့အချက်ကို စာသုံးစကားသဒ္ဒါတွေမှာ မတွေ့ရဘူး။ အပြောသုံးစကားသဒ္ဒါမှာတော့ ထင်ထင်ရှားရှား တွေ့ရတယ်လေ။ ကဲ... ဒီလောက်ဆိုရင် ရှင်းလောက်ပြီထင်ပါရဲ့"

"ရှင်းပါပြီ ဆရာ"

"ခုပြောခဲ့တာတွေကို ပြန်ကြည့်ရင် နာမ်ကို နာမ်နဲ့ရော၊ ကြိယာနဲ့ရော၊ နာမ်စားနဲ့ရော အထူးပြုနိုင်တယ်ဆိုတာ အထင်အရှားတွေ့ရမှာပေါ့။ အဲဒီလို အထူးပြုလိုက်တဲ့အခါ အထူးပြုတဲ့နာမ်တွေ၊ ကြိယာတွေ၊ နာမ်စားတွေဟာ နာမဝိသေသနအဖြစ် အဆင့်ပြောင်းသွားတယ်ဆိုတာလည်း ထင်ရှားပါတယ်"

"မှန်ပါတယ်ဆရာ"

"အဲဒီလို အဆင့်ပြောင်းသွားတာဟာ တစ်နည်းပြောရရင် မူလဝါစင်္ဂတစ်ခုကို ဝါစင်္ဂပြောင်းပြီးသုံးတာပါပဲ။ မူလအဆင့်ဖြစ်တဲ့ နာမ်၊ ကြိယာအဆင့်ကနေပြီး နာမဝိသေသနအဖြစ် အဆင့်လျှောသွားလို့'အဆင့်လျှောနာမ် အဆင့်လျှောကြိယာ'ဆိုတဲ့ အသုံးမျိုးလည်း ပညာရှင်တွေသုံးပါတယ်"

"ဟုတ်ကဲ့ပါ"

"အခုဆရာပြောတဲ့ အချက်တွေက နာမဝိသေသန ပြဿနာကို စဉ်းစားတဲ့နေရာမှာ ထည့်စဉ်းစားစရာအချက်တွေပေါ့ကွယ်"

"ဟုတ်ပါတယ်ဆရာ"

"အခုပြောခဲ့တာတွေက နာမ်၊ ကြိယာ၊ နာမ်စားတွေကို နာမဝိသေသနလိုသုံးပြီး နာမ်တွေကို တိုက်ရိုက်ကပ်ပြီး အထူးပြုပုံတွေပေါ့။ ဝါကျတွေထဲမှာ'သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့၊ နဲ့၊ က' စတဲ့နောက်ဆက်ပစ္စည်းတွေ၊ ဝိဘတ်တို့၊ သမ္ဗန္ဓတို့ပေါ့။ အဲဒါတွေနဲ့တွဲပြီး နောက်ကနာမ်ကိုအထူးပြုတာတွေကတော့ ထင်ရှားပါတယ်"

"အရင်အပတ်က ဆရာပြောတဲ့ 'စားသောထမင်းဟင်း၊ သောက်သောရေ၊ နေသောအိမ်' ဆိုတာမျိုးလားဆရာ"

"ဟုတ်တယ်လေ။ အဲဒီလို'သော'ခံပြီး 'မိုက်သောကလေး၊ လိမ္မာသောခွေး၊ ဖြူသောအဝတ်ဆိုတာမျိုးသုံးနိုင်တာပေါ့။ 'သော'မသုံးဘဲ'သည့်'သုံးပြီး'ဝသည့်လူကြီး၊ လှပသည့်မိန်းမပျို' ဆိုတာမျိုးလည်း သုံးနိုင်ပါတယ်။ 'ပြောမည့်စကား၊ ရေးမည့်စာ' ဆိုလည်း ဒီသဘောပေါ့။ အပြောစကားမှာတော့ 'တဲ့'တို့၊ 'မဲ့(မယ့်)'တို့ သုံးတာပေါ့။ 'ချစ်တဲ့ မျက်စိ၊ လာမယ့်နေ့'ဆိုတာမျိုးပေါ့"

"ဆရာပြောတဲ့အထဲမှာ 'နဲ့'တို့'က'တို့လည်းပါတယ်နော်"

"အဲဒါတွေနဲ့လည်း အထူးပြုနိုင်ပါတယ်။ 'ခေါင်းပေါင်းနဲ့ဆရာ၊ မျက်မှန်နဲ့လူကြီး၊ မော်လမြိုင်ကသူငယ်ချင်း၊ ရပ်ဝေးက ချစ်သူ'ဆိုတာမျိုးတွေပေါ့။ 'ဖတ်ပြီးသားစာအုပ်'၊ 'ပြောပြီးသား ကိစ္စ'ဆိုတာတွေလည်း အဲဒီသဘောပါပဲ။ 'ပြီးသား'ဆိုတဲ့စကားနဲ့ဆက်ပြီး အထူးပြုတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ နာမဝိသေသနသဘောသက်ရောက်တဲ့အသုံးတွေဟာ အင်မတန် ကျယ်ပြန့်တာမို့'ကောင်း၊ ညံ့၊ နီ၊ ဖြူ'ဆိုတဲ့ စကားလုံးကလေးတွေလောက် ကွက်ကွက်ကလေးမကြည့်ဘဲ ကျယ်ကျယ်ပြန့်ပြန့်ကြည့်ဖို့လိုတာပေါ့ကွယ်"

> " 'မင်း၊ ညည်း၊ ကျွန်မ၊ ကျွန်ုပ်၊ ကျုပ်'ဆိုတဲ့ ပုဂ္ဂလနာမ်စားတွေကျတော့ 'မင်းစာအုပ်၊ ညည်းအမေ၊ ကျွန်မဆရာ၊ ကျွန်ုပ်မိခင်၊ ကျုပ်သမီး' ဆိုတာမျိုးကပ်ပြီး အထူးပြုလို့ရတာပေါ့။ တချို့ကတော့ 'မင့်းစာအုပ်၊ ညည့်းအမေ'ဆိုတာမျိုး လေးနက်အောင် အောက်မြစ်သံထည့်ပြောလေ့ရှိတယ်။ ဒါပေမယ့် ထည့်ဖို့မလိုပါဘူး။ မထည့်ဘဲနဲ့ ပိုင်ဆိုင်မှုပြတဲ့ အနက်ရပါတယ်"

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာလ (၁၇) ရက်နေ့မှ အောက်တိုဘာလ (၂၄) ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ခေတ်မီအသုံးဝင်ဘာသာရပ်ဆိုင်ရာ အတိုကောက်ဝေါဟာရ | နေမင်းရာဇာ | ၁၅၀၀ | လင်းထိန် |
| ၂ | မြန်မာ IT ပညာရှင်လူငယ်များကို စောင့်မျှော်နေသောဂျပန်နှင့် အခြားဆောင်းပါးများ | ကောင်းမြတ်ထွန်း | ၂၀၀၀ | လှိုင်းသစ် |
| ၃ | ဖူးကြတူပျော်ပုဂံဘုရားများသို့သွားစို့နော်နှင့် သုတ/ရသဆောင်းပါးများ | အရှင်ဥတ္တရသာရ | ၂၅၀၀ | မျိုးဆက်သစ် |
| ၄ | ထားဝယ်ရေးရာ-မှတ်တမ်းပဒေသာ အပိုင်း(၄) | ရတနာ(ထားဝယ်) | ၃၀၀၀ | ရွှေပေ |
| ၅ | ရသနှလုံးသားရသကမ္ဘာ | ညီမင်းညို | ၂၀၀၀ | လင်းလွန်းခင် |
| ၆ | အမုန်းကိုလွှမ်းစေသောချစ်ခြင်းမေတ္တာ | အေဘုန်းခေတ် | ၂၅၀၀ | ၇၇၇၇ |
| ၇ | မီးအိမ်ရှင်မလေး နိုက်တင်ဂေးလ် | ထွဋ်ဝင်းထွဋ် | ၃၀၀၀ | စိန်မိုးယံ |
| ၈ | စက္ကူပင်လယ် | ဟာရီ၊ မောင်မောင်ထိန်လင်း | ၁၅၀၀ | ယဉ်မျိုး |
| ၉ | နွေနေအောက်မှာ...ကြွေ | မိုးငြိမ်းဧ | ၂၀၀၀ | နှစ်ကာလများ |
| ၁၀ | အသံမထွက်တဲ့စက်ရုံ | လွန်းတင် | ၂၀၀၀ | စာပေနန်းတော် |
| ၁၁ | ဖက်ဒရယ်ပြည်ထောင်စုဆိုတာဘာလဲ | ဦးမျိုး(ဥပဒေ) | ၁၅၀၀ | မိုးလုံးမှိုင်း |
| ၁၂ | ကဗျာဆရာမြန်မာပြည်တောင်ဘက်မှာနေသည် | သင်းစည် | ၂၀၀၀ | ၇၇၇၇ |
| ၁၃ | အလွမ်းတွေကိုမျှောဖို့ မျက်ရည်တွေလည်း မရှိတော့ပြီ | မင်းကျော်ဝင်း | ၃၅၀၀ | သိမ်းထိုက် |
| ၁၄ | စုတ်ချက်မတင်သောပန်းချီကားချပ်များ | နွေလေ | ၁၅၀၀ | Pica media |
| ၁၅ | မြန်မာနိုင်ငံထေရဝါဒသာသနာတော်တွင်းမှ အံ့ဖွယ်ထူးခြားဆရာတော်ကြီးများ | ရွှေဘိုစောလွင် | ၃၅၀၀ | မော်ဒန် |
| ၁၆ | ချိုးဖြူမဥဒါန်း | ဇယျသုရ် | ၁၀၀၀ | မြဝတီ |
| ၁၇ | ကရုဏာအသိနှင့်စိတ်ခံစားမှု ဖွံ့ဖြိုးရေးနည်းလမ်း | အရှင်ဓမ္မသာမိ အောက်စဖို့ဒ်ဆရာတော် | ၂၅၀၀ | စာပေ (၆) |
| ၁၈ | တစ်ကမ္ဘာခြားသော်လည်း တိုင်တည်သစ္စာမြဲလေ သောအခါ | သင်းအောင်ဆန်း | ၃၀၀၀ | အိပ်မက်သစ် |
| ၁၉ | ရန်ကုန်ရာဇဝင်သမိုင်း | ဦးသိမ်းမောင် | ၆၀၀၀ | စိတ်ကူးချိုချို |
| ၂၀ | လမ်းမဟုတ်တဲ့လမ်း | အိုရှီး | ၁၅၀၀ | ယဉ်မျိုး |
| ၂၁ | စာသင်ခန်းတွေကို စွန့်ခွာခဲ့ပြီးနောက် | ခင်ဒွေးကြူ | ၄၀၀၀ | ရန်ကုန်လမ်းမများ |
| ၂၂ | မဂ္ဂဇင်းဖြတ်သန်းမှုမောင်သစ်ကြည်ကဗျာပေါင်းချုပ် | မောင်သစ်ကြည် | ၂၅၀၀ | ကျော်မွှေး |
| ၂၃ | စာပေပုံရိပ်များ | မောင်မောင်လှမြင့် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂၄ | ကမ္ဘာကျော်တိုင်းလည်း ကမ္ဘာကြီးကအသဲမစွဲပါဘူး | အုန်းသစ် | ၂၀၀၀ | နှစ်ကာလ |

(ဆက်လက်ဖော်ပြပါမည်)

ရိုး ရာ အား ကစား ကဏ္ဍ

# မြန်မာ့လက်ခမောင်း၏ ကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲ တတိယမြောက်ခြေလှမ်း

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

လတ်တလော ရိုးရာလက်ဝှေ့လောကတွင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ စိန်ခေါ်မှုဂယက်များ ရိုက်ခတ်ထွက်ပေါ်လျက်ရှိသည်။ လောကဓံတရား၏ လှိုင်းပုတ်ခတ်သံများနှင့်အတူ အဆိုးအကောင်းဒွန်တွဲကာ ပြိုင်ဆိုင်မှုပြင်းထန်လာပြီး ရေချိန်မြင့်တက်နေသည်က ယနေ့ မြန်မာ့ရိုးရာလက်ဝှေ့လောကပင် ဖြစ်သည်။ အမြင့်သို့ ရည်ရွယ်လျှောက်လှမ်းနေသူများရှိသကဲ့သို့ အနိမ့်သို့ ရှေးရိုးစွဲ ပြန်လည်အောက်မေ့ တမ်းတနေသည်များလည်း ရှိနေသည်။ မှားသည်၊ မှန်သည် မဝေဖန်လို။ သို့သော် ယင်းသို့ပြိုင်ဆိုင်မှုများနှင့် စိန်ခေါ်မှုဂယက်များကြား ရုန်းကန်လှုပ်ရှားရင်း အဖြေထုတ်ရက်နီးလာသည်က မြန်မာလက်ခမောင်း၏ World Lethwei Championship(WLC) တတိယမြောက်ခြေလှမ်းပင်။

ယနေ့ ရိုးရာလက်ဝှေ့လောက၌ ပြိုင်ဆိုင်မှုပြင်းထန်သော မြန်မာလက်ခမောင်း၏ World Lethwei Championship(WLC) တတိယခြေလှမ်းသစ် စတော့မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကို ပုံစံသစ်၊ အသွင်သစ်များဖြင့် မှတ်တမ်းသစ်ရေးထိုးနေသော မြန်မာလက်ခမောင်း၏ တတိယအကြိမ်မြောက် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ(WLC) ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၄ ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ(၁)၌ ရိုးရာလက်ဝှေ့ဝါသနာရှင် ပရိသတ်များ ရှုမြင်ရတော့မည်ဖြစ်သည်။ တစ်စတစ်စနှင့် ပြုပြင်ပြောင်းလဲတိုးတက်လာသော ရိုးရာလက်ဝှေ့လောက၏ ပြည်တွင်း၊ ပြည်ပပွဲစဉ်များက ရိုးရာလက်ဝှေ့ ပရိသတ်များအကြား ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် အသွင်သစ်ဆန်းကာ ရသမျိုးစုံ ပေးနိုင်ခဲ့သည်မှာ ပြီးခဲ့သော ဇွန် ၁၀ ရက်က ကျင်းပခဲ့သည့် World Lethwei Championship(WLC) ဒုတိယမြောက်ခြေလှမ်းက ဖော်ညွှန်းသက်သေပြခဲ့သည်မှာ ဘယ်လိုမှမငြင်းသာပေ။

ပြည်တွင်း ပြည်ပ လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်သော မြန်မာလက်ခမောင်း၏ ပထမဦးဆုံး World Lethwel Champ ionship(WLC) ပြိုင်ပွဲကြီးကို ပြီးခဲ့သည့် မတ်လက ရန်ကုန်မြို့ မင်္ဂလာဒုံဂေါက်ကလပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ အလားတူ ဒုတိယမြောက် World Lethwei Championship (WLC) ပြိုင်ပွဲကြီးကို ဇွန် ၁၀ ရက်က ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြန်သည်။ ယင်းပြိုင်ပွဲတွင်လည်း ပြည်တွင်း၊ ပြည်ပ လက်ဝှေ့ကျော် ကစားသမား တွဲဆိုင်းအများအပြား ပါဝင်ခဲ့ပြီး ယခု တတိယအကြိမ်ပြိုင်ပွဲကြီးတွင်လည်း စုစုပေါင်း တွဲဆိုင်း ရှစ်ဆိုင်း ပါဝင်မည်ဖြစ်ကာ ပြည်ပနာမည်ကြီးလက်ဝှေ့ကျော်များ ပါဝင်သည့် တွဲဆိုင်းငါးဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရိုးရာလက်ဝှေ့ မြန်မာပြည်အလွတ်တန်းချန်ပီယံဖြစ်ရေး ကြိုးစားရုန်းကန်နေပြီး ရိုးရာလက်ဝှေ့သမားဘဝ ရှုံးပွဲမရှိစံချိန်တင်လာသည့် ယနေ့ မြန်မာ့ရိုးရာလက်ဝှေ့ ပထမတန်းလက်ဝှေ့ကျော် တူးတူးနှင့် ဩစတြေးလျနိုင်ငံသား မိုက်ကယ်ဘာဒါတို တို့က အဓိက Main Fight ပွဲစဉ်အဖြစ် မစ်ဒယ်ဝိတ် (၇၁-၇၅ ကီလို)တန်းတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဒုတိယ Main Fight ပွဲစဉ် (၇၅-၇၉) ကီလိုတန်းတွင် မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံဟောင်း တစ်ကျော့ပြန် ဝါရင့်လက်ဝှေ့ကျော် စောငမန်း(မြန်မာ)နှင့် အယ်ဒီဇာရယ်(ဩစတြေးလျ)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကာ မစ်ဒယ်ဝိတ်(၆၇-၇၁ ကီလို)တန်းတွင် စိုးလင်းဦး (မြန်မာ)နှင့် Umar Semata(ယူဂန္ဒာ)၊ လိုက်မစ်ဒယ်ဝိတ် (၆၇-၇၁ ကီလို)တန်းတွင် ပြည်ပ မွေထိုင်းလက်ဝှေ့ကျော်များ



ဩစတြေးလျနိုင်ငံသား မိုက်ကယ်ဘာဒါတိုနှင့် တူးတူး(မြန်မာ)

ဖြစ်သော Artur Sałladiak(ပိုလန်)နှင့် Alex Bublea (ရိုမေးနီးယား)၊ လိုက်မစ်ဒယ်ဝိတ်(၆၇-၇၁ ကီလို)တန်းတွင် သွေးသစ်ဝင်းလှိုင်(Adventure)နှင့် ရှမ်းကို(ဝင်းထွန်း)၊ လိုက်မစ်ဒယ်ဝိတ်(၆၇-၇၁ ကီလို)တန်းတွင် ဖိုးလပြည့် (မြန်မာ)နှင့် Rin saroth(ကမ္ဘောဒီးယား)၊ ဖယ်သာဝိတ် (၅၄-၅၇ ကီလို)တန်းတွင် မိုက်ရိုင်း(ရွှေဖူး)နှင့် ဖကျော်ဟဲ (မြဝတီ)၊ လိုက်ဝိတ်(၅၇-၆၀ ကီလို)တန်းတွင် ချစ်မောင်မောင်(တောင်ကလေး)နှင့် ဒိုးလေး(ရိုးရာပုဂံ)တို့ ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။



စောငမန်း(မြန်မာ)နှင့် အယ်ဒီဇာရယ်(ဩစတြေးလျ)

အဓိက Main Fight ပွဲစဉ်တွင် ဩစတြေးလျနိုင်ငံသား မိုက်ကယ်ဘာဒါတိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ပထမတန်းလက်ဝှေ့ကျော် တူးတူးသည် WLC-1 တွင် ဩစတြေးလျနိုင်ငံသား အယ်ဒီဇာဒီရယ်ကို အမှတ်ဖြင့် အနိုင်ရခဲ့ပြီး WLC-2 ပြိုင်ပွဲတွင်လည်း ပြင်သစ်နိုင်ငံသား လက်ဝှေ့ကျော် ဂျိမ်းဘီလ်နယ်ကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။ တူးတူးသည် ကောင်တာပိုင်းဆိုင်ရာကို အားပြုကစားသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ပြိုင်ဘက်တိုင်းကို ပါဝါထည့်ကစားတတ်သော်လည်း ခြေနုတ်လက်နုတ်လေးသဖြင့် လက်ဝှေ့ဝါသနာရှင် အများစုက စိတ်ကျေနပ်အားရမှု နည်းကြသည်။ ပြိုင်ဘက်အပေါ် နိုင်လိုစိတ်ပြင်းထန်သော်လည်း ပြိုင်ဘက်လဲပြိုရေးထက် မိမိပါဝါမကျရေး၊ ယိုင်လဲမသွားစေရေးကိုပဲ ဦးစားပေး ယှဉ်ပြိုင်ကစားမှုကြောင့် ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များက ပြိုင်ပွဲရလဒ်များအပေါ် အားရကျေနပ်မှုနည်းခဲ့သည်။ ကစားကွက်ပညာပိုင်းဆိုင်ရာအရ သတ်လုံး သတ်ကွက် စုံလင်ကာ ထုတ်သုံးကစားတတ်သော်လည်း အချိန်အခါကိုသုံးသပ်ကာ ပွဲအဆုံးသတ်မှုအပိုင်း လိုနေသေးသည်ဟု သမ္မာရင့်လက်ဝှေ့သမားဟောင်းကြီးများက ဝေဖန်သုံးသပ်ကြသည်။ ယနေ့တိုင် ရှုံးပွဲမရှိစံချိန် တင်နိုင်ခဲ့သော်လည်း ပါဝါထည့် အဆုံးသတ်ယှဉ်ပြိုင်ထိုးသတ်ကာ အနုတ်အသိမ်း ဒီထက်ပိုမိုလျင်မြန်သပ်ရပ်လျှင် သူမျှော်မှန်းထားသော မြန်မာနိုင်ငံအလွတ်တန်းချန်ပီယံနေရာသို့ အချိန်တိုအတွင်း ရောက်မည်မှာ မြေကြီးလက်ခတ်မလွဲပေ။

တူးတူးသည် အထက်မြန်မာပြည် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဖူးကျွန်းကျေးရွာဇာတိဖွားဖြစ်ကာ ရိုးရာလက်ဝှေ့သမားဘဝ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၄၈ ပွဲတွင် ၃၅ ပွဲနိုင်၊ ၁၃ ပွဲသရေ ရှုံးပွဲမရှိစံချိန်ဖြင့် ရပ်တည်နေပြီး ကီလိုဝိတ်တန်း ၇၅ ကီလို၊ အရပ် ၅ပေ ၈ လက်မရှိကာ လက်ရှိ နဂါးမာန် ရိုးရာလက်ဝှေ့ကလပ်၌ လေ့ကျင့်သင်ကြားနေသော ကစားသမားတစ်ဦးဖြစ်သည်။ ရိုးရာလက်ဝှေ့လောက အောင်မြင်မှုမှတ်တမ်းအနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်၊ အာရှ မွေထိုင်းပြိုင်ပွဲတွင် ရွှေနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဒင်္ဂါးရွှေအောင်လံတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသည့် ပထမတန်း လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

တူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မိုက်ကယ်ဘာဒါတိုသည် မွေးဖွားရာ ဇာတိချက်ကြွေမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ပြီး လတ်တလော ဩစတြေးလျနိုင်ငံသားအဖြစ် ခံယူထားကာ အသက် ၃၁ နှစ်၊ အရပ် ၆ပေရှိသည့် လက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။ ပြိုင်ဘက်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာတွင် ကောင်တာ၊ ဖိုက်တာ ဘက်မျိုးစုံ ပြောင်းလဲကစားတတ်သော လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ဒူး၊ တံတောင်တိုက်ကွက်တို့ကို အများဆုံး အသုံးပြု ယှဉ်ပြိုင်ထိုးသတ်လေ့ရှိသော ကစ်ဘောက်ဆင် ကစားသမားတစ်ဦးဖြစ်သည်။ လက်ဝှေ့သမားဘဝတစ်လျှောက် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပြိုင်ပွဲ ၅၄ ပွဲတွင် နိုင်ပွဲ ၄၂ ပွဲ၊ ရှုံးပွဲ ၁၂ ပွဲရရှိထားပြီး အောင်မြင်မှုမှတ်တမ်းများမှာ Undefeated 4× CMT Champion၊ WKBF World Champion၊ IKBF World Champion နှင့် 2× WBC Champion ဆုတံဆိပ်များကို ပိုင်ဆိုင်ထားပြီး လက်ရှိ Full force gym တွင် လေ့ကျင့်သင်ကြားလျက်ရှိသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

ယခုကျင်းပမည့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲကြီးတွင် ဒုတိယ Main Fight ပွဲစဉ်အဖြစ် ဩစတြေးလျနိုင်ငံသား အယ်ဒီဇာရယ်နှင့် ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်လာသော မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံဟောင်း စောငမန်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အလွတ်တန်းချန်ပီယံဟောင်း စောငမန်းသည် ကီလိုဝိတ်တန်း ၇၅ ရှိပြီး အရပ် ၅ပေ ၇ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်း ၁၉၀ တွင် နိုင်ပွဲ ၉၀၊ သရေ ၉၆ ပွဲနှင့် ရှုံးပွဲလေးပွဲ ရလဒ်ပိုင်ဆိုင်ထားကာ အောင်မြင်မှုမှတ်တမ်းများအနေဖြင့် ဒင်္ဂါးရွှေအောင်လံ လေးခုနှင့် အကောင်းဆုံးလက်ဝှေ့သမားဆုကို ပိုင်ဆိုင်ထားသူဖြစ်သည်။

စောငမန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် အယ်ဒီဇာရယ်သည် အရပ် ၆ ပေ၊ ကီလိုဝိတ်တန်း ၇၅ ကီလို၊ အသက် ၂၇ နှစ်ရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်း ၂၅ ပွဲတွင် နိုင်ပွဲ ၁၉ ပွဲ၊ ရှုံးပွဲ ခြောက်ပွဲ ပိုင်ဆိုင်ထားသော မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ဒူး၊ တံတောင် အကွက်ဆန်း တိုက်ကွက်များကို အသုံးပြုကာ ပြိုင်ဘက်ကို အခက်တွေ့စေသည့် မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ပြီးခဲ့သော WLC-1 ပြိုင်ပွဲတွင် ပထမတန်းလက်ဝှေ့ကျော် တူးတူးကို အမှတ်ဖြင့် ရှုံးနိမ့်ထားသူဖြစ်သည်။

တတိယမြောက် Main Fight ပွဲစဉ်တွင် စိုးလင်းဦးနှင့် အူမာဆီမာတာ(ယူဂန်ဒါ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ စိုးလင်းဦးသည် အသက် ၂၆ နှစ်၊ အရပ် ၅ ပေ ၈ လက်မရှိပြီး သထုံမြို့နယ် အင်းရှည်ရွာဇာတိဖြစ်ကာ အစ်ကိုဖြစ်သူ နည်းပြ သတ္တိအောင်နှင့် လေ့ကျင့်နေသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၈၄ ပွဲတွင် နိုင်ပွဲ ၅၀၊ သရေ ၃၂ ပွဲနှင့် ရှုံးပွဲ နှစ်ပွဲ ရလဒ် ပိုင်ဆိုင်ထားသော မာဂုဏ်မြင့် လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ၂၀၁၀၊ ၂၀၁၁ ခုနှစ်တို့တွင် ဒင်္ဂါးအောင်လံရွှေခါးပတ်ကို နှစ်နှစ်ဆက် ပိုင်ဆိုင်ခဲ့သော အသည်းမာ ဇွဲပါလှသည့် မာဂုဏ်မြင့် လက်ဝှေ့ကျော် သံမဏိလူသားတစ်ဦး ဖြစ်သည်။

သူနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ယူဂန္ဒာနိုင်ငံသား အူမာဆီမာတာသည် အရပ် ၅ ပေ ၇ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သောပွဲပေါင်း ၆၄ ပွဲတွင် နိုင်ပွဲ ၄၀၊ ရှုံးပွဲ ၂၀ နှင့် သရေလေးပွဲရလဒ် ပိုင်ဆိုင်ကာ WBC Super Middle 2013 ချန်ပီယံဆုကို ပိုင်ဆိုင်ထားသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အူမာသည် လက်ရှိ မြန်မာပြည်အလွတ်တန်းချန်ပီယံ ဒေ့လက်ဒက်ပ်(ကနေဒါ)နှင့် ထိုင်းနိုင်ငံအခြေစိုက် Tiger Muaythai လက်ဝှေ့ကလပ်တွင် လေ့ကျင့်လျက်ရှိပြီး ပြိုင်ဘက် စိုးလင်းဦးကဲ့သို့ မာဂုဏ်မြင့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ လျင်မြန်သွက်လက်မှုရှိပြီး ကောင်တာ၊ ဖိုက်တာ နှစ်မျိုးစလုံးကို လိုသလို ပြောင်းလဲကစားတတ်သော လက်ဝှေ့ကျော်တစ်ဦးဖြစ်သောကြောင့် သံမဏိအသည်းပိုင်ရှင် စိုးလင်းဦးနှင့် အူမာ ဘယ်သူက မာဂုဏ်ပိုမြင့်သည်ကို အဖြေထုတ်မည့် ပြိုင်ပွဲတစ်ရပ်ကို ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ စောင့်ကြည့်ရတော့မည်ဖြစ်ပါကြောင်း။ ။



စိုးလင်းဦး (မြန်မာ)နှင့် Umar Semata (ယူဂန္ဒာ)

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့်အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ပြည်တွင်းအိမ်အကူအလုပ်သမားတွေ အခွင့်အရေးအပြည့်အဝရကြပြီလား

ခင်ရတနာ

"ကျွန်မတို့ရဲ့အလုပ်က အခြားအလုပ်သမားတွေ သူတို့ရဲ့အလုပ်ကို နောက်ဆံမတင်းလုပ်နိုင်ဖို့ ကူညီပေးရတဲ့အလုပ်ပါ" လို့ အိမ်အကူအလုပ်သမားတစ်ဦးက သူ့ရဲ့ အလုပ်အကိုင်နဲ့ပတ်သက်ပြီး ဂုဏ်ယူစွာနဲ့ပြောပြဖူးပါတယ်။ အမှန်ပါပဲ။ ခေတ်သစ်လူနေထိုင်မှုမှာ လူသားအများစုဟာ ရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းကြတဲ့အခါ မိသားစုကို နောက်ဆံတင်းမှုလျော့ပါးအောင်၊ ကိုယ်လုပ်ဆောင်ရမယ့် အိမ်မှုကိစ္စအဝဝကို လွှဲအပ်ကြဖို့ အိမ်အကူတွေကို အားကိုးကြရပါတယ်။ အိမ်အကူတိုင်း အားကိုးရလောက်တဲ့ အနေအထားမဟုတ်ပေမယ့် လတ်တလောမိသားစုရဲ့ လိုအပ်ချက်အချို့ကိုတော့ အိမ်အကူတွေက ကူညီဖြေရှင်းပေးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်သမားကာကွယ်စောင့်ရှောက်ရေး ဥပဒေပြုပြင်ရေးဆွဲတာက အလုံးစုံသော စီးပွားရေး၊ ဥပဒေရေးရာနဲ့ လူမှုရေးကဏ္ဍပြုပြင်ပြောင်းလဲတဲ့ လုပ်ငန်းစဉ်ကြီး တစ်ရပ်လုံးမှာ အစိတ်အပိုင်းအနေနဲ့ ပါဝင်နေပါတယ်။ အိမ်အကူလုပ်ငန်းတွေအတွက်တော့ ထူးထူးခြားခြား ဥပဒေဆိုတာ မတွေ့ရပါဘူး။ လစာအခကြေးငွေ၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်များနဲ့ စပ်လျဉ်းတဲ့ အမျိုးသားဥပဒေပြဋ္ဌာန်းချက်မှာတော့ အိမ်အကူအလုပ်သမားတွေလည်း ပါဝင်ပါတယ်။ အဓမ္မအလုပ်စေခိုင်းတာ၊ ကြွေးနဲ့နှောင်ဖွဲ့တာနဲ့ ကလေးလုပ်သားအဖြစ် ခိုင်းတာတွေကို ဥပဒေအရကာကွယ်ပေးထားတာရှိပြီး လူမှုဖူလုံရေး၊ အန္တရာယ်ရှိတဲ့ အလုပ်အကိုင်တွေနဲ့ပတ်သက်ပြီး အိမ်အကူတွေလည်း ဥပဒေရဲ့ကာကွယ်စောင့်ရှောက်မှုကို ရရှိပါတယ်။

ပြည်တွင်းမှာလုပ်ကိုင်တဲ့ အိမ်အကူတွေကို အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းတွေကနေ ခေါ်နေတာမျိုး တွေ့နေရပါတယ်။ သူတို့ပေးတဲ့လစာဟာ တစ်လကို ငွေကျပ်တစ်သိန်းဝန်းကျင် ပေးနေတယ်လို့ သိရပါတယ်။ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အိမ်အကူတွေရဲ့လစာကတော့ တစ်လကို ငွေကျပ်နှစ်သောင်းကနေ တစ်သိန်းကြားပဲရှိတာကို သိရပါတယ်။

**အနည်းဆုံးအခကြေးငွေနဲ့ အိမ်အကူ**

အနည်းဆုံးအခကြေးငွေကို လက်ရှိမှာ ငွေကျပ် ၃၆၀၀ သတ်မှတ်ထားပါတယ်။ ဒါပေမယ့် အများစုက လုပ်ငန်းခွင်အတွင်း အိမ်အကူတွေဟာ ဒီခံစားခွင့်ကို ရရှိကြဖို့ မလွယ်ကူပါဘူး။ အဓိကပြဿနာကတော့ သူတို့ဟာ အတတ်ပညာအားနည်းတာ၊ ပညာအရည်အချင်းအားနည်းတာနဲ့ ဗဟုသုတပိုင်းဆိုင်ရာ အားနည်းတာတွေကြောင့် သူတို့လစာက အခုလိုနည်းပါးနေရတယ်လို့ ILO မြန်မာက တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပေးပါတယ်။ ဆိုးရွားတဲ့အချက်ကတော့ မြန်မာနိုင်ငံက အိမ်အကူငှားရမ်းတဲ့ အိမ်ရှင်အများစုဟာ အိမ်အကူနဲ့ အိမ်ရှင်ဆက်ဆံရေးမှာ အလုပ်ရှင်အလုပ်သမားဆက်ဆံရေးအဖြစ် အသိအမှတ်ပြုထားမှုလည်း မရှိဘူးလို့ ILO မြန်မာက တာဝန်ရှိသူတစ်ဦးက သုံးသပ်ထားပါတယ်။

**အိမ်အကူရဲ့လစာ**

၂၀၁၆ ခုနှစ် ဇန်နဝါရီလကစတင်ပြီး အခကြေးငွေပေးချေရေးဥပဒေမှာ အိမ်အကူအလုပ်သမားတွေကို ထည့်သွင်းထားပြီးဖြစ်ပေမယ့် သိရှိသူနည်းပါးနေပါတယ်။ ဥပဒေရဲ့အခန်း (၃)၊ ပုဒ်မ (၉) မှာ အလုပ်ရှင်အနေနဲ့ နေရာထိုင်ခင်းအတွက် အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့် အခြေအနေတွင် အနည်းဆုံးအားဖြင့် အလုပ်သမားအားပေးချေရမည့် အနည်းဆုံးအခကြေးငွေ၏ ထက်ဝက်ကို ငွေသားဖြင့် ပေးချေရမည်ဆိုပြီး ထည့်သွင်းထားပါတယ်။ လက်ရှိမှာ အိမ်အကူအလုပ်သမားတွေအနေနဲ့ အနည်းဆုံးအခကြေးငွေရဲ့ထက်ဝက် ငွေကျပ် ၁၈၀၀ ကို တစ်နေ့လုပ်အားခအဖြစ် ငွေသားရရှိရမှာဖြစ်တယ်လို့ သတ်မှတ်နိုင်ပါတယ်။ ဒါတင်မကသေးပါဘူး။ အသက် ၁၆ နှစ်အောက် အိမ်အကူတွေကို ကလေးအလုပ်သမားတွေအနေနဲ့ သတ်မှတ်ရမှာဖြစ်တဲ့အတွက် ဥပဒေပါ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (c) မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း တစ်ရက်အနည်းဆုံးလုပ်အားခမှာ ငွေကျပ် ၃၆၀၀ ရရှိသင့်ပါတယ်။ ကလေးအလုပ်သမားတွေရဲ့လစာကို ဘယ်လိုအကြောင်းနဲ့မှ နုတ်ယူလို့မရနိုင်အောင် ဥပဒေကပြဋ္ဌာန်းထားတာမို့ အိမ်အကူခေါ်ယူသူတွေ သတိပြုသင့်ပါတယ်။

**လူမှုဖူလုံရေးနဲ့ အိမ်အကူများ**

အိမ်အကူလုပ်သားတွေအနေနဲ့ လူမှုဖူလုံရေးနဲ့ပတ်သက်ပြီး မသက်ဆိုင်ဘူးလို့ မှတ်ယူလို့မရပါဘူး။ လူမှုဖူလုံရေးဥပဒေရဲ့



ပုဒ်မ ၂၀ မှာ လူမှုဖူလုံရေးအကျိုးခံစားခွင့်တွေကို အိမ်အကူတွေအနေနဲ့ ရယူချင်တယ်ဆိုရင် မိမိဆန္ဒအလျောက် ထည့်ဝင်စုဆောင်းနိုင်ပြီး အကျိုးခံစားခွင့်တွေကိုလည်း သတ်မှတ်ချက်နဲ့အညီ ရနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အိမ်အကူတွေအနေနဲ့ လူမှုဖူလုံရေးမှာ အခြားအလုပ်သမားတွေလို မဖြစ်မနေမှတ်ပုံတင်ဖို့မလိုပေမယ့် မိမိဆန္ဒအလျောက် မှတ်ပုံတင်နိုင်တာကို သိထားသင့်ပါတယ်။

လူမှုဖူလုံရေးမှတ်ပုံတင်မရှိကြပေမယ့် ပြည်တွင်းအိမ်အကူအများစုဟာ နာမကျန်းဖြစ်တဲ့အခါ အိမ်ရှင်တွေက တတ်စွမ်းသလောက် ပြုစုကုသပေးဖို့ရာ တာဝန်ရှိပြီး အများစုသော အိမ်ရှင်တွေဟာလည်း အိမ်အကူရဲ့ ကျန်းမာရေး၊ လူမှုရေးနဲ့ အခြားလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။

**လူကူးတားနဲ့ အိမ်အကူတွေ**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှာ လူကြီးနဲ့ကလေးတွေအားလုံးကို အဓမ္မအလုပ်စေခိုင်းခြင်းမပြုဖို့ တားမြစ်ထားပါတယ်။ ဥပဒေမှာ ခေါင်းပုံဖြတ်တာတွေနဲ့ ပတ်သက်ပြီး သတ်မှတ်ချက်တွေထားရှိပါတယ်။ အိမ်အကူတွေကို ကြွေးအဖြစ် သိမ်းပိုက်တာတွေနဲ့ သင့်လျော်တဲ့ လုပ်အားတန်ဖိုးကို ကန့်သတ်ချက်မရှိဘဲ အလုပ်လုပ်ကိုင်စေတာဟာ လူကုန်ကူးမှုဥပဒေနဲ့ ငြိစွန်းပြီး အိမ်ရှင်ကို တရားစွဲဆိုနိုင်ပါသေးတယ်။

**လက်ရှိမှာ ပြည်တွင်းအိမ်အကူအများစုဟာ နံနက်နေထွက်တဲ့အချိန်ကနေ ညမိုးချုပ်တဲ့အချိန်အထိ အိမ်မှုကိစ္စကြီးငယ်တွေနဲ့ အချိန်ကုန်နေကြတာကြောင့် သူတို့အလုပ်ချိန်ဟာ အခြားသူတွေထက် မြင့်မားနေတယ်လို့ ခန့်မှန်းရပါတယ်။ နားရက်ဆိုတာ အိမ်အကူလုပ်ငန်းမှာ မရှိသလောက် နည်းပါးနေတာကိုလည်း တွေ့ရှိရ**

**အသက်အရွယ်နဲ့ ကျွမ်းကျင်မှု**

အိမ်အကူအတွက်ဆိုပြီး သီးသန့်သတ်မှတ်ထားတဲ့ အသက်အရွယ်ဆိုတာ မြန်မာနိုင်ငံမှာ မရှိပါဘူး။ သို့ပေမယ့် အများစုကတော့ အသက် ၁၆ နှစ်ကနေ ၄၀ အကြား အိမ်အကူတွေကို အလုပ်ခန့်ထားကြတာ တွေ့ရပါတယ်။ ဥပဒေသတ်မှတ်ချက်တွေမှာတော့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလကစပြီး ကလေးငယ်တစ်ဦးအတွက် တရားဝင် အနည်းဆုံးရှိရမယ့် အလုပ်လုပ်နိုင်တဲ့အသက်မှာ ၁၃ နှစ်ကနေ ၁၄ နှစ်ကို ပြောင်းလဲထားတဲ့အတွက် ၁၄ နှစ်အောက် ကလေးသူငယ်တွေကို အိမ်အကူအဖြစ် အသုံးပြုလို့ရမှာမဟုတ်ပါဘူး။ အိမ်အကူအတွက် အခြေခံသတ်မှတ်ချက်တွေဟာ အိမ်ထောင်မှုကိစ္စနိုင်နင်းတာ၊ စိတ်ရှည်သည်းခံတတ်တာနဲ့ ချစ်ခင်ကူညီတတ်တာတွေ ဖြစ်ပါတယ်။ လုပ်ငန်းကျွမ်းကျင်မှုဆိုတာ အိမ်အကူတွေအတွက် အဓိကကြုံနေရတဲ့ အခက်အခဲဖြစ်ပါတယ်။ အိမ်အကူအများစုဟာ အောက်ခြေလူတန်းစားတွေကနေ ဆင်းသက်လာတာမို့ စည်းစနစ်ကျတဲ့ အိမ်ထောင်ထိန်းသိမ်းမှုလုပ်ငန်းတွေ၊ အီလက်ထရွန်နစ်ပစ္စည်းတွေ၊ နည်းပညာမြင့်ပစ္စည်းတွေကို ကိုင်တွယ်အသုံးပြုမှုတွေနဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေထိုင်မှုအခြေအနေတွေကို သိနားလည်ဖို့ အိမ်ရှင်တွေက အချိန်ပေး သင်ကြားကြရတာကို တွေ့ရပါတယ်။ အိမ်ထောင်မှုနိုင်နင်းပြီး အထိုက်အလျောက် အရည်အချင်းရှိလာပြီဆိုရင်လည်း အိမ်ရှင်တွေရဲ့ မျက်နှာသာပေးမှုနဲ့ လစာတိုးမြှင့်ပေးတဲ့အခွင့်အရေးတွေ ရလာမှာပါ။ သို့သော် အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှာတော့ စီးပွားရေးလုပ်ငန်းအမျိုးအစားတွေကို အလေးထားပြီး အိမ်အကူအလုပ်သမားတွေအတွက် သတ်မှတ်ချက်တွေ ထည့်သွင်းမထားတာကို စိတ်မကောင်းဖွယ် တွေ့ရှိရပါတယ်။

**ပုံမှန်စစ်ဆေးပေးတာ မရှိသေး**

မြန်မာနိုင်ငံမှာ အလုပ်သမားရေးရာစစ်ဆေးတာတွေကို အစိုးရက ပုံမှန်ဆောင်ရွက်နေတာတွေ့ရပါတယ်။ အမျိုးသားအလုပ်သမားရေးရာမူဘောင်မှာ ပါဝင်တဲ့ကဏ္ဍတွေကဲ့သို့ ကဏ္ဍအမျိုးမျိုးမှာ လုပ်ငန်းခွင်စစ်ဆေးတာတွေကို လုပ်ဆောင်နေတာတွေ့ရပါတယ်။ ဒါပေမယ့် ဥပဒေမှာ ကွာဟချက်တွေလည်း ရှိနေတယ်လို့ အလုပ်သမားအရေးကျွမ်းကျင်သူတွေက ဆိုထားပါတယ်။ အလုပ်သမားငါးဦးအောက်ခန့်ထားတဲ့ အလုပ်ရုံတွေ၊ လုပ်ငန်းတွေ၊ အိမ်အကူအလုပ်သမားတွေကို ခန့်ထားတဲ့ ဖျော်ဖြေရေးနေရာတွေ၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေနဲ့ အိမ်ထောင်စုတွေ ချန်လှပ်ထားတာကို မြင်တွေ့ရပါတယ်။ အမှန်တကယ်က အလုပ်သမားတွေနဲ့ လုပ်ငန်းခွင်တွေအတွက် ဥပဒေတွေရှိနေပေမယ့် လက်တွေ့မှာ စစ်ဆေးတာတွေနဲ့ ဥပဒေထိရောက်စွာအကောင်အထည်ဖော်တာတွေ အားနည်းနေပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေ၊ ဆိုင်တွေနဲ့ အိမ်အကူငှားရမ်းတဲ့အိမ်ထောင်စုက တာဝန်ရှိတဲ့သူတွေဟာ အိမ်အကူတွေကို လစာပေးအပ်တဲ့အပိုင်းမှာရော၊ အလုပ်ချိန်သတ်မှတ်တဲ့အပိုင်းမှာပါ ဥပဒေချိုးဖောက်နေတာတွေကို ရှိနိုင်တယ်လို့ သုံးသပ်ရပါတယ်။

**အန္တရာယ်မရှိတဲ့ အလုပ်အကိုင်လား**

အလုပ်သမားတွေအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်ဖို့ နိုင်ငံတော်က ဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ မူကြမ်းရေးဆွဲနေပြီး ဥပဒေမှာပါဝင်တဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေဟာ အိမ်အကူအလုပ်သမားတွေအတွက် သီးသန့်ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။ ဒါပေမယ့် ကလေးသူငယ်ဥပဒေရဲ့ ပုဒ်မ ၆၅ မှာတော့ ကလေးသူငယ်တွေအတွက် အန္တရာယ်ရှိတဲ့ အလုပ်အကိုင်ကနေ ကာကွယ်စောင့်ရှောက်ပေးဖို့ဆိုတာ ပါရှိပါတယ်။ အိမ်အကူကလေးလုပ်သားတွေဟာ မိသားစုနဲ့ခွဲခွာရတာ၊ အချိန်ကြာမြင့်စွာ အလုပ်လုပ်ရတာ၊ အနားယူချိန်နည်းပါးတာနဲ့ စိတ်လွတ်ကိုယ်လွတ်နေထိုင်ခွင့်မရတာတွေအတွက် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေတယ်လို့ နိုင်ငံတကာ ကလေးအိမ်အကူအလုပ်သမားရေးရာ သုတေသနစာတမ်းတွေအရ သိရပါတယ်။ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်က အိမ်အကူလုပ်ငန်းမှာ များပြားတဲ့တာဝန်ဝတ္တရားတွေဖြစ်တဲ့ ကလေးထိန်း၊ အဝတ်လျှော်၊ မီးပူတိုက်၊ သန့်ရှင်းရေးစတာတွေအပြင် မီး၊ မီးဖိုတွေနဲ့ နီးနီးကပ်ကပ်နေချိန်များတာ၊ အိမ်သန့်ရှင်းရေးသုံး ဓာတုဗေဒပစ္စည်းတွေကို အမြဲကိုင်တွယ်နေရတာ၊ ချွန်ထက်တဲ့ဓားတွေ မကြာခဏအသုံးပြုရလို့ ထိခိုက်ဒဏ်ရာရတာတွေ၊ မတော်တဆဖြစ်တာတွေ၊ ဖျားနာတာနဲ့ အာဟာရချို့ယွင်းတာတွေကြောင့် ကျန်းမာရေးထိခိုက်နိုင်တာကိုလည်း သတိပြုသင့်ပါတယ်။

**အလုပ်ချိန်နဲ့ နားရက်**

လက်ရှိမှာ ပြည်တွင်းအိမ်အကူအများစုဟာ နံနက်နေထွက်တဲ့အချိန်ကနေ ညမိုးချုပ်တဲ့အချိန်အထိ အိမ်မှုကိစ္စကြီးငယ်တွေနဲ့ အချိန်ကုန်နေကြတာကြောင့် သူတို့အလုပ်ချိန်ဟာ အခြားသူတွေထက် မြင့်မားနေတယ်လို့ ခန့်မှန်းရပါတယ်။ နားရက်ဆိုတာ အိမ်အကူလုပ်ငန်းမှာ မရှိသလောက် နည်းပါးနေတာကိုလည်း တွေ့ရှိရပါတယ်။ အိမ်အကူအလုပ်သမားအများစုဟာ ခွင့်ရက်နဲ့အလုပ်ပိတ်ရက် အက်ဥပဒေ ၁၉၅၁ အမှတ် ၅၈ ပုဒ်မ ၂(၄)(က) နဲ့ (ဂ) တို့နဲ့ အကျုံးမဝင်သူတွေအဖြစ် မြင်တွေ့နေရတာဖြစ်ပါတယ်။ ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်တိုင်းဟာ ဥပဒေအရ သတ်မှတ်ထားတဲ့ အလုပ်လုပ်ချိန်၊ အားလပ်ခွင့်နဲ့ အခြားသက်သာခွင့်တွေကို ရပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် အဲဒီကန့်သတ်ချက်ဟာ ဘယ်လိုဖြစ်သင့်လဲ ဆိုတာကို သီးသန့်သတ်မှတ်ပြဋ္ဌာန်းထားတာ မတွေ့ရပါဘူး။ ပုံမှန်ကလေးလုပ်သားတွေအတွက် အလုပ်သမားဥပဒေမှာ အသက် ၁၄ နှစ်ကနေ ၁၅ နှစ်ရှိတဲ့ ကလေးတွေကို မနက် ၆ နာရီကနေ ညနေ ၆ နာရီအတွင်း၊ တစ်ရက်ကို ၄ နာရီထက် ပိုခိုင်းခွင့် မပြုဘူးလို့ တားမြစ်ထားတာပါ။ အသက် ၁၆ နှစ်ကနေ ၁၇ နှစ်ရှိသူတွေအတွက်ကတော့ အလုပ်ချိန်ကို တစ်ပတ်ကို ၁၆ နာရီ ခွင့်ပြုထားပါတယ်။ လူတစ်ယောက်ရဲ့ပုံမှန်အလုပ်ချိန်ကိုလည်း တစ်နေ့ကို ရှစ်နာရီသတ်မှတ်ထားပါတယ်။ လက်ရှိအိမ်အကူတွေရဲ့အလုပ်လုပ်ချိန်ဟာ တစ်ရက်ကို ၁၂ နာရီကနေ ၁၅ နာရီကြား လုပ်ကိုင်နေကြရတာကို တွေ့ရပါတယ်။

**အိမ်အကူကို ကူညီပါ**

၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေတွင် အသင်းအဖွဲ့တစ်ခု၏ စောင့်ရှောက်မှုအောက်တွင်ရှိပြီး မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူများရဲ့အဝေးမှာ နေထိုင်တဲ့ကလေးသူငယ်များကို လူမှုကာကွယ်စောင့်ရှောက်မှုပေးရန် ပြဋ္ဌာန်းထားပါတယ်။ အလုပ်ရှင်တွေဟာ သူတို့ရဲ့အိမ်ထောင်စုဝင်စာရင်းမှာ အိမ်အကူအလုပ်သမားတွေကို ထည့်သွင်းလေ့မရှိပါဘူး။ ဒါကြောင့် လက်ရှိမှာ အိမ်အကူအလုပ်သမားတွေရဲ့စာရင်းကို တိတိကျကျ မသိရှိနိုင်တဲ့အတွက် ကာကွယ်စောင့်ရှောက်မှုတွေကိုလည်း တိတိကျကျလုပ်နိုင်ဖို့ အားနည်းနေပါသေးတယ်။

အိမ်အကူအလုပ်သမားတွေလည်း အလုပ်အကိုင်အမျိုးအစားတစ်ရပ်အဖြစ် အကျုံးဝင်ဖို့အတွက် အမျိုးသားဥပဒေရေးဆွဲပြဋ္ဌာန်းတာတွေ၊ လူမှုဖူလုံရေးတွေ လုပ်ပေးတာ၊ သူတို့ရသင့် ရထိုက်တဲ့ လုပ်ခလစာနဲ့ အခွင့်အရေးတွေရဖို့၊ အခြားအလုပ်သမားတွေလို အခွင့်အရေးတွေရရှိလာဖို့ လိုအပ်နေပါသေးတယ်။ အိမ်အကူလုပ်ငန်းကဏ္ဍနဲ့ပတ်သက်ပြီး အများပြည်သူတွေကို အသိပညာပေးတာနဲ့ ဥပဒေတွေ ထိထိရောက်ရောက်ဖြစ်ဖို့ အိမ်အကူလုပ်ကိုင်ကြသူတွေကို ပညာပေးလုပ်ဖို့တွေ လိုအပ်သလို အိမ်ရှင်မိသားစုဝင်တွေကိုလည်း သိရှိအောင် ပညာပေးဖို့လိုပါတယ်။ ။

# စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

## အခန်း(၁၁)
## ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း

၂၃။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းချသည့် ကုန်စည်တွင် သာမန်အားဖြင့် မမြင်နိုင်သော သဘာဝပြောင်းလဲနိုင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူကို အသိပေးရမည်။

၂၄။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့် အာမခံချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်စေရမည်-

(က) စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေးရှိခြင်း၊

(ခ) ကုန်စည်၏အရည်အသွေးနှင့် အလေးချိန်မှန်ကန်မှုရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊

(ဃ) သုံးစွဲသူ၏ လိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊

(င) နမူနာပစ္စည်းတွင် ဖော်ပြထားသည့်အတိုင်း တူညီစွာပါရှိခြင်း၊

(စ) အာမခံချက်ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်း အပိုပစ္စည်းရရှိနိုင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ခြင်း သို့မဟုတ် လဲလှယ်နိုင်ခြင်း၊

(ဆ) ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်၊ ကြော်ငြာ၊ ကမ်းလှမ်းချက် သို့မဟုတ် အရောင်းမြှင့်တင်ခြင်းတွင် ပါဝင်သော ဖော်ပြချက်နှင့် ကိုက်ညီမှုရှိခြင်း။

## အခန်း(၁၂)
## ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး

၂၅။ စားသုံးသူသည် ပုဒ်မ ၂၄ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားသည့် ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်းအသုံးပြုနိုင်ရန် ကုန်စည်ကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ခြင်း မပြုလျှင်ဖြစ်စေ၊ သတင်းအချက်အလက်ပြည့်စုံစွာ ဖော်ပြခြင်းမရှိလျှင် ဖြစ်စေ စားသုံးသူမှ အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) အာမခံချက်ပေးထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ပေးရန် သို့မဟုတ်

(ခ) အပိုပစ္စည်း မရရှိနိုင်လျှင် ထုတ်လုပ်သူထံမှ ကုန်စည်တန်ဖိုး သို့မဟုတ် ဝယ်ယူသုံးစွဲသည့်ကုန်စည် သို့မဟုတ် မူလအရည်အသွေးထက်မနိမ့်သောကုန်စည်ကို ပြန်လည်ရရှိရန် သို့မဟုတ်

(ဂ) စီးပွားရေးလုပ်ငန်းရှင်ဘက်မှချို့ယွင်းချက်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ယင်းကုန်စည်တန်ဖိုးနှင့်ညီမျှသော ကုန်စည်ကို အစားထိုးလဲလှယ်ပေးရန် သို့မဟုတ်

(ဃ) ကုန်စည်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ဖော်ပြရန်ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုရှိခဲ့လျှင် ယင်းအတွက် လျော်ကြေးတောင်းခံခွင့်ရှိရန်။

၂၆။ စားသုံးသူသည် ပုဒ်မ ၂၄ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားပြီး ရောင်းချသည့်ကုန်စည်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) အာမခံချက်နှင့်ညီသော ကုန်စည် ရရှိရန်၊

(ခ) ရောင်းချသူမှ ငွေပြန်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ပြန်လည်လဲလှယ်ပေးရန်၊

(ဂ) အာမခံချက်ထားသည့်အတိုင်း အမှန်တကယ်မရရှိပါက လျော်ကြေးရရှိရန်။

## အခန်း(၁၃)
## ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း

၂၇။ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူအပေါ် ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်းသည့် ဖော်ပြရမည့် အာမခံချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) မိမိဝန်ဆောင်မှုနှင့်စပ်လျဉ်း၍အချက်အလက်များကိုစားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း၊

(ခ) သတင်းအချက်အလက်နှင့်ပြည့်စုံသော ဝန်ဆောင်မှုအဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊

(ဂ) လိုအပ်သည့်ရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိခြင်း၊

(ဃ) အာမခံထားသောအချိန်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်ပေးခြင်း၊

(င) စားသုံးသူနှင့်သဘောတူညီထားသည့် ဝန်ဆောင်မှုအဖိုးစားနား အတိုင်း ပေးအပ်စေခြင်း။

## အခန်း(၁၄)
## ဝန်ဆောင်မှုလုပ်ငန်းများ၏အာမခံချက်နှင့်စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး

၂၈။ စားသုံးသူသည် ပုဒ်မ ၂၇ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားသည့် ကာလအတိုင်း ဝန်ဆောင်မှုမပေးနိုင်လျှင် သို့မဟုတ် ဝန်ဆောင်မှုပေးရန် ပျက်ကွက်လျှင် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခဲ့မှုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးပေးရန်၊

(ခ) အာမခံထားသော အချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကို မရရှိခဲ့လျှင် စားသုံးသူ၏နစ်နာမှုအတွက်ကုစားခွင့်ပေးရန်။

## အခန်း(၁၅)
## ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှု

၂၉။ ဦးစီးဌာနသည် စားသုံးသူများအသုံးပြုမည့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှုရှိစေရန် ကော်မရှင်၏ သဘောတူညီချက်နှင့်အညီ ဦးစားပေးကဏ္ဍများ သတ်မှတ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၃၀။ ဦးစီးဌာနသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှုနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်သော အစီအမံများပြုလုပ်ခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက်လိုအပ်ပါက သက်ဆိုင်ရာစားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူများ အသုံးပြုမည့် ကုန်စည်များ ထုတ်လုပ်ခြင်းအပေါ် ဘေးအန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) စစ်ဆေးရေးအရာရှိက တင်ပြလာသော ဘေးအန္တရာယ်ရှိသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အချက်အလက်များကို အများပြည်သူ သိရှိစေရန် အသိပေးကြေညာခြင်း၊

(စ) စားသုံးသူများအသုံးပြုမည့်ကုန်စည်များအတွက် ဦးစားပေး ကုန်စည်အမျိုးအစားအလိုက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြန်မာနိုင်ငံစံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) စံသတ်မှတ်ချက်များ အတည်ပြုသတ်မှတ်ထားခြင်း မရှိသေးသော စားသုံးသူများအသုံးပြုမည့် ကုန်စည်များအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်း၍ အနည်းဆုံးရှိရမည့် စံသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၁၆)
## ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်း

၃၁။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းနိုင်စေရန် သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်နိုင်ရန်နှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်နိုင်ရန် ဆောင်ရွက်ရမည်။ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

၃၂။ ဦးစီးဌာနသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-

(က) စစ်ဆေးရေးအရာရှိ၏ စောင့်ကြည့်လေ့လာချက်နှင့်သက်ဆိုင်ရာ အစိုးရဌာနများ၏ စစ်ဆေးတွေ့ရှိချက်များအရ ဘေးအန္တရာယ်ရှိသည်ဟု ဦးစီးမှူးရုံးက တင်ပြလာသည့်ကိစ္စ၊

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများမှ အစီရင်ခံတင်ပြသည့် ဘေးအန္တရာယ်ရှိသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟု သက်ဆိုင်ရာကော်မတီက အကြောင်းကြားလာသည့်ကိစ္စ။

၃၃။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်များအား မိမိသဘောဆန္ဒအလျောက် ပြန်လည်သိမ်းဆည်းလိုပါက ပြန်လည်သိမ်းဆည်းခြင်းနှင့် သိမ်းဆည်းမည့် အစီအမံအား သက်ဆိုင်ရာဦးစီးမှူးရုံးသို့ အသိပေးတင်ပြခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရမည်။

၃၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပုံအဆင့်ဆင့်ကို သတ်မှတ်ထုတ်ပြန်ရမည်။

၃၅။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုကို စားသုံးသူထံ သတင်းအချက်အလက်များ သတ်မှတ်ထုတ်ပြန်ရမည်။

## အခန်း(၁၇)
## ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ်တာဝန်ရှိမှု

၃၆။ စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုအသုံးပြုခြင်းကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါ ပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -

(က) ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဂ) ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည် ရောင်းချဖြန့်ဖြူးသူ၊

(ဃ) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ။

၃၇။ စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် အာမခံပေးထားသည့် ကာလအတွင်း နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါ ပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -

(က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ထုတ်လုပ်သူ၊

(ဂ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဃ) ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(င) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ။

၃၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ယင်း၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အခြားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးသို့ လွှဲပြောင်းရောင်းချရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ လွှဲပြောင်းရောင်းချသူစီးပွားရေးလုပ်ငန်းရှင်က ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရမည်-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံခြင်းမပြုလုပ်ဘဲ မူလအတိုင်းရောင်းချခြင်း၊

(ခ) ကုန်သွယ်ရောင်းဝယ်မှု ပြုလုပ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ပြုပြင်မွမ်းမံခြင်း သို့မဟုတ် နမူနာပုံစံ၊ အရည်အသွေး၊ ဖွဲ့စည်းပုံတို့နှင့် ကိုက်ညီမှုမရှိခြင်းများကို မသိဘဲ ကုန်သွယ်ရောင်းဝယ်မှုပြုခြင်း။

၃၉။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ စားသုံးသူသို့ရောင်းချခြင်းပြုလျှင် ယင်းကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းရန် တာဝန်ရှိသည်။

၄၀။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုနိုင်သည့်ကာလ သို့မဟုတ် အာမခံပေးထားသည့်ကာလ သက်တမ်းအတွင်း အပိုပစ္စည်းများရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ရောင်းချပြီးနောက် လိုအပ်သော ဝန်ဆောင်မှုများထပ်မံပေးခြင်းနှင့် သဘောတူညီချက်တွင်ပါရှိသည့် အာမခံချက်နှင့်အညီ ဆောင်ရွက်ခြင်းပြုရမည်။

၄၁။ ဤအခန်းအရ နစ်နာဆုံးရှုံးမှုအတွက် စီးပွားရေးလုပ်ငန်းရှင်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များတွင် တာဝန်ရှိပါက ပူးတွဲ၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တာဝန်ယူဆောင်ရွက်ပေးရမည်။

## အခန်း (၁၈)
## ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း

၄၂။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်တွင်ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို သိသာထင်ရှားစွာ ဖော်ပြရမည်-

(က) ကုန်စည်၏ တံဆိပ်အမှတ်အသား၊

(ခ) ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ထုတ်လုပ်မှုအမှတ်စဉ်၊

(ဂ) ပြည်တွင်းသို့ တင်သွင်းလာသော ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်းအမည်နှင့် လိပ်စာ၊

(ဃ) ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှ ကုန်စည်များတင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊

(င) ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့်ပစ္စည်းများ၏ပမာဏ၊

(စ) ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ခါတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊

(ဆ) သက်ဆိုင်ရာအစိုးရဌာနများမှဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များ။

၄၃။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သိပ္ပံနည်းကျသုတေသနပြုဆောင်ရွက်ချက်နှင့် ကျန်းမာရေးအာဟာရဆိုင်ရာ အာမခံချက်များ ဖော်ပြနိုင်သည်။

၄၄။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၂ ၏ ပုဒ်မခွဲ(က) မှတစ်ပါး ကျန်ပုဒ်မခွဲများကို ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်။

## အခန်း(၁၉)
## တိုင်ကြားခြင်းနှင့် စိစစ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း

**တိုင်ကြားခြင်း**

၄၅။ စားသုံးသူ၏ နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ကို တိုင်ကြားလိုပါက အောက်ပါပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် လူကိုယ်တိုင်သော်လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးမှူးရုံးသို့ သက်သေခံအထောက်အထားနှင့်အတူ တိုင်ကြားနိုင်သည်-

(က) နစ်နာသည့် စားသုံးသူ၊

(ခ) နစ်နာသည့် စားသုံးသူ၏ မိသားစုဝင်များ၊

(ဂ) နစ်နာသည့် စားသုံးသူနှင့် ဆက်နွှယ်သော ပုဂ္ဂိုလ်များ၊

(ဃ) အစိုးရဌာနအဖွဲ့အစည်းများ၊

(င) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ။

**စိစစ်ဆောင်ရွက်ခြင်း**

၄၆။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၄၅အရ တိုင်ကြားလာသော ကိစ္စများနှင့် စပ်လျဉ်း၍ သက်သေခံအထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) စားသုံးသူတိုင်ကြားမှုနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

(ခ) ပြည့်စုံမှန်ကန်မှု မရှိသော တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စေရေး အတွက်ဆောင်ရွက်စေခြင်း၊

(ဂ) လူထုဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် မှတ်တမ်းရယူခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်

# ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၄ ရက်မှစတင်၍ အောက်ဖော်ပြပါ (အင်ဂျင်နီယာ/ဗိသုကာ)ပါရဂူဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**(အင်ဂျင်နီယာ/ဗိသုကာ) ပါရဂူဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ
(ဃ) အီလက်ထရွန်နစ် အင်ဂျင်နီယာ
(င) ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ
(စ) မက္ကာထရွန်နစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ည) သတ္တုဗေဒအင်ဂျင်နီယာ
(ဋ) ဗိသုကာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း (Course Work) (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၂)နှစ်၊အနည်းဆုံး(၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်း (Course Work) စာမေးပွဲကို သတ်မှတ်အရည်အချင်းဖြင့် ဖြေဆိုအောင်မြင်သူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ) မဟာဘွဲ့ M.E/M.Arch. (သို့မဟုတ်)အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၃၀-၁၀-၂၀၁၇ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီးလျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအားစိစစ်ပြီး မှန်ကန်ပါက ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့) | အင်္ဂလိပ်စာ | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |
| ၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၁-၁၂-၂၀၁၇ရက်(သောကြာနေ့) မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန် ဖုန်း-၀၁-၆၄၂၄၃၃၊ ၀၁-၉၆၆၅၇၅၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပညာရေးဝန်ကြီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Online ဖြင့် ဥပဒေပညာဘွဲ့သင်တန်း (Online LL.B)

# သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဥပဒေပညာရပ်ကို လေ့လာသင်ယူလိုသူများအတွက်ရည်ရွယ်၍ ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနက ဦးစီး၍ ဥပဒေပညာဘွဲ့ (LL.B)သင်တန်းကို ခေတ်မီနည်းပညာတစ်ခုဖြစ်သော Web-Based Teaching System (WBTS) ကို အသုံးပြုပြီး Online ဖြင့် သင်ကြားပို့ချပေးလျက်ရှိပါသည်။

၂။ ၂၀၁၈ ပညာသင်နှစ်အတွက် ပထမနှစ်သင်တန်းသားများကို လက်ခံသင်ကြားရန် ထပ်မံခေါ်ယူခြင်းဖြစ်ပါသည်။ ဤသင်တန်းသည် ဘွဲ့ကြိုသင်တန်းအမျိုးအစားဖြစ်သဖြင့် သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်းတို့ဖြင့် ပူးတွဲ၍လည်းကောင်း၊ ဘွဲ့တစ်ခုခုရှိပြီးသူများအတွက် ဘွဲ့လက်မှတ်မူရင်းနှင့်အတူ ပူးတွဲ၍လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် သင်တန်းရေးရာဌာနတွင် သင်တန်းဝင်ခွင့်မှတ်ပုံတင်ခြင်းကို ပြုလုပ်ရပါမည်။ ဝင်ခွင့်မှတ်ပုံတင်ပြီးချိန်တွင် သင်တန်းသားတစ်ဦးစီအတွက် Student ID နှင့် Password တို့ကို ထုတ်ပေးပါမည်။

၃။ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **ဝင်ခွင့်အရည်အချင်း** - (၁) တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်အမှတ်စုစုပေါင်း ၃၅၀နှင့် အထက်ရရှိ၍ အင်္ဂလိပ်စာတွင် (၅၀)နှင့်အထက်ရရှိသူ
(သို့မဟုတ်)
(၂) ဥပဒေပညာဘွဲ့မှအပ အခြားဘွဲ့တစ်ခုခုရရှိပြီးသူများ (ပထမနှစ်မှ စတင်တက်ရောက်ရပါမည်။)
(ခ) **စတင်ဖွင့်လှစ်မည့်ရက်** - ၁-၁၂-၂၀၁၇ရက်
(ဂ) **သင်တန်းကာလ** - ပထမနှစ်မှ ပဉ္စမနှစ်အထိ (၅)နှစ်
(ဃ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁-၁၁-၂၀၁၇ရက်
(င) **လျှောက်လွှာပိတ်မည့်ရက်** - ၂၀-၁၁-၂၀၁၇ရက်

(၄) သင်တန်းဝင်ခွင့်လျှောက်လွှာများကို www.ynou.edu.mm website မှတစ်ဆင့် online registration ပြုလုပ်၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၅၂၅၁၄၆၊ ၅၃၆၅၈၁၊ ၅၃၇၄၁၃၊ ၅၃၇၄၁၄**

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

ကွန်ကရစ် အုတ်ချိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဆုံ(၂)တောင်ဒဂုံ။

### အမည်ပြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးညီညီဇော်လင်း ၁၂/မရက(နိုင်) ၁၀၅၀၆၉၏သားမောင်ဉာဏ်လင်းဖြိုး (ပထမတန်းMEC ကိုယ်ပိုင် အထက်တန်းကျောင်း)အား ယနေ့မှစ၍ မောင်ကောင်းဉာဏ်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းဉာဏ်လင်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9186 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကချင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျေးလက်ရေပေးရေးလုပ်ငန်းများကိုဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဆော့လော်မြို့နယ်၊ မျောဂျောင်းကျေးရွာအုပ်စု ရေကန်(၂)ကန်နှင့် ပေ(၁၅၀၀)ရေပိုက်သွယ်တန်းခြင်း
(ခ) ဆွမ်ပရာဘွမ်မြို့နယ်၊ ခင်ဒူဒမ်းကျေးရွာ၊ ရွာလယ်ရေတွင်း(၁)တွင်း
(ဂ) နောင်မွန်မြို့နယ်၊ ကဆန်ထူးကျေးရွာစိမ့်စမ်းရေရရှိရေး

**လျှောက်လွှာရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၇ရက်မှ ၃၀-၁၁-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်သိမ်းရက်** - ၃၀-၁၁-၂၀၁၇ရက် ၁၅း၃၀နာရီအထိ
**တင်ဒါလျှောက်လွှာရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့် လိပ်စာ** - ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ကုန်းရပ်ကွက်၊ ကျားကြီးနှစ်ကောင်နတ်နန်းအနီး၊ ဖုန်း-၀၇၄-၂၅၂၄၂၃၊ ၀၉-၄၂၃၃၈၂၉၆

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

**ဖခင်အမည်မှန်**

မုဒုံမြို့၊ အထက(၂)၊ ပဉ္စမတန်း (A)မှ မငြိမ်းငြိမ်းအေး၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၁၀/မဒန(နိုင်)၂၄၆၀၃၂ ဖြစ်ပါကြောင်း။

**ဦးယဉ်ထွေး**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှရော်ဘာ(၃၄၇.၅၇)တန်အား မြန်မာကျပ်ငွေဖြင့်ရောင်းချလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၁၀-၂၀၁၇ရက်မှ ၂၅-၁၁-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် ၄၃၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၉-၁၁-၂၀၁၇ရက် ၁၃း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်၄၃၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၅၁၈သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**


MPT ရဲ့ မြန်မာ့ပထမဆုံး "IP-VPN Global Connection" ဝန်ဆောင်မှုကို အသုံးပြုပြီး သင့်ရဲ့စီးပွားရေးလုပ်ငန်းကို ကမ္ဘာအနှံ့သို့ဖြန့်ကျက်ချိတ်ဆက်လိုက်ပါ

MPT BUSINESS



• နိုင်ငံပေါင်း တစ်ရာကျော် သို့ ကွန်ရက်ဖြန့်ကျက်ချိတ်ဆက်နိုင်ခြင်း
• ကျယ်ပြန့်များပြားလှသော လမ်းကြောင်းများမှတဆင့် ကမ္ဘာ အနှံ့သို့ ချိတ်ဆက်နိုင်ခြင်း
• တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ဝန်ဆောင်မှုကို ရရှိနိုင်ခြင်း

MPT ၏ လုပ်ငန်းသုံးဝန်ဆောင်မှုများ

Fixed Line ဝန်ဆောင်မှုများ
• Fiber Internet (Dedicated Internet)
• IP-VPN
• DPLC
• IPLC
• MPT Auto-Phone (PSTN)
• Toll Free Call

Mobile ဝန်ဆောင်မှုများ
• CUG (အုပ်စုဖွဲ့ဖုန်းခေါ်ဆိုသည့်ဝန်ဆောင်မှု)
• Mobile Packages
• Data Only SIM
• Data Plans
• Mobile Remote Access
• Mobile Enablement Package

For More Information

Email : b2b@mptjo.com.mm

Hotline Number : 106 (for MPT Subscribers)
: 012399106 (for Any Operators) (24 Hours)

: 0800 800 9990 (Toll Free Call Number)
: 09426000323 (for Any Operators) (Office Hours)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အထက(၂)၊ အဋ္ဌမတန်း(C)မှ နန်းအေးအေးမိုး၏ ဖခင် ဦးအိုက်မောင်နှင့် ဦးစိုင်းအိုက်အောင် ၁၃/သပန(နိုင်)၁၁၁၉၁၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုင်းအိုက်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အထက(၂)၊ အဋ္ဌမတန်း(C)မှ နန်းမွေဆိုင်၊ အမက(မန်ကျောင်း)၊ ဒုတိယတန်းမှ စိုင်းဇွဲလောင်တို့၏ ဖခင် စိုင်းအိုက်ဝင်းနှင့် ဦးထွန်းထွန်းဝင်းသည် တစ်ဦးတည်းဖြစ်ပြီး မိခင်နန်းအေးနွယ်နှင့် နန်းအေးနွမ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းဝင်း-ဒေါ်နန်းအေးနွမ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အထက(၂)၊ အဋ္ဌမတန်း (C)မှ မမြင့်သန္တာနှင့် မမြတ်သန္တာ၊အဋ္ဌမတန်း(B)မှမမြင့်အုန္နလီဖြိုးနှင့် မအေးအေးဖြိုး၊ အလက(ခွဲ) အောင်မြေသာယာ၊ တတိယတန်းမှ မစင်တီမျိုးနှင့် မစိန်ရတနာမျိုးသည် တစ်ဦးတည်းဖြစ်ပြီးယင်းတို့၏ မိခင် ဒေါ်ခင်သီတာမိုင်နှင့် ဒေါ်မောက်မိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မောက်မိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အထက(၂)၊ အဋ္ဌမတန်း(C)မှ စိုင်းကျော်စံ၏ဖခင် ဦးအိုက်ပနှင့် ဦးစောအောင် ၁၃/ကမန(နိုင်)၀၁၃၆၄၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစောအောင်**

## အမည်ပြောင်း

ကျောက်မဲမြို့၊ အထက(၂) အဋ္ဌမတန်း (C)မှ (ဘ)ဦးလွန်းအေး ၁၃/နဆန(နိုင်)၀၂၉၄၆၃၏သမီး မအေးအေးမြင့်အား မအေးအေးမိဟု အမည်ပြောင်းလဲခေါ်ပါရန်။ **ဦးလွန်းအေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5798 N-Condar D-T ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင်စိုး ၉/မသန(နိုင်)၀၇၄၄၅၁(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀) ဦးပိုင်အမှတ်(၅၀) ၆၈×၆၉လမ်းကြား၊ လောကမာဇိနစူဠာဘုရားအရှေ့ဘက်ရှိ တပ်ကြပ်ကြီးရွှေထွန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်စန္ဒာထွန်း ၉/ပကခ(နိုင်)၀၂၈၁၈၆မှ မြေချထားမိန့်၊ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်၊ အမည်ပြောင်း အမွေတွဲဖွင့်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H) ဦးပိုင်အမှတ်(၆၉) ၆၃×၆၄ လမ်းကြား၊ ဦးပုည×ဇေရတ်လမ်းကြားရှိ ဒေါ်နီနီဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးခင်အုန်း ၉/မနမ(နိုင်)၁၀၂၃၂၄မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမွေတွဲဖွင့်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းမင်းထိုက် ၁၀/ရမန(နိုင်)၁၅၆၇၅၅၏ Passport (No-မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၆)၊ဦးပိုင်အမှတ်(၁)၊ ၄၂လမ်းနှင့်မီးရထားသံလမ်းထောင့်ရှိ ဦးဝင်းမောင် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးရန်လင်းအောင် ၉/ပမန(နိုင်)၀၀၁၉၄၇မှ ဦးပိုင် ၁(ခဲစင်း)အနောက်ဘက်ခြမ်းအား မြေချထားမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊အမည်ပြောင်း၊ ဦးပိုင်ခွဲ၊ အမွေတွဲဖွင့်လုပ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၂၂)၊ ဦးပိုင်အမှတ် (၁·က) ၅၇×၅၈လမ်းကြား၊ သမိန်ဗရမ်း× မင်းကြီးရန်နောင်လမ်းကြားရှိ ဦးသန်းဝင်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ညို ၅/ဝလန(နိုင်)၀၁၅၆၂၆မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမွေတွဲဖွင့်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၂)၊ ဦးပိုင်အမှတ် (၆၇)၊ ၄၁×၄၂လမ်းကြား၊ ၅၆×၅၇ကြားရှိ ဗိုလ်မှူးဝင်းဇော် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးရန်ပိုင် ၉/မရတ(နိုင်)၀၇၅၅၈၀မှ မြေချထားမိန့်မူရင်းပျောက်ဆုံး သွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရား ရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမွေတွဲဖွင့်လုပ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂/က)၊ အကျယ်အဝန်းပေ (၅၀×၃၀) အနက်မှ လက်ယာဘက်ခြမ်းရှိ အလျားပေ ၅၀×အနံ ၁၅ပေရှိ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ နှစ်ထပ်တိုက်ခံအိမ်တစ်လုံး၊ လျှပ်စစ်မီးတာဆက်လက်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြို့မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ မူလပိုင်ရှင် ဦးအောင်မြင့် (A/RGN-၀၁၂၄၇၀) (ကွယ်လွန်)နှင့် ၄င်း၏ဇနီးဖြစ်သူ ဒေါ်ငွေငွေလှိုင် ၁၂/ကမတ(နိုင်)၀၀၁၄၁၆၊ ဦးအောင်မင်း ၁၂/ပသတ(ပြု)၀၀၀၀၀၃တို့ထံမှ လက်ရှိပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အထက်လိပ်စာပါအိမ်နှင့်မြေအား ရောင်းချသဖြင့် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ၇-၁၁-၂၀၁၇ရက် နောက်ဆုံးထား၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ အဆိုပါမြေနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများနှင့် ပိုင်ရေးပိုင်ခွင့်ရှိသူများ အဆိုရှိသည့် မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုမှတ်တမ်း၊ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ပျက်ကွက်သူ၏တာဝန်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီနီထွန်း (LL.B)** | **ဒေါ်ခင်ဆွေဦး (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၃၁၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၇၆၁)** |
| **အမှတ် (၅၅)၊ သရဖီလမ်း၊** | **အမှတ် (၁၇)၊ ပညာဇောတလမ်း၊** |
| **၈/၁၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့** | **(၆)ရပ်ကွက်၊ ဇရပ်ကွင်း၊ လှည်းကူးမြို့၊** |
| **ဖုန်း-၀၉-၂၆၀၉၁၆၉၁၅** | **ဖုန်း-၀၉-၄၃၁၁၃၉၀၁** |

## ဒေါ်ရတနာဦး ၉/ခအဇ(နိုင်)၀၀၉၅၂၅နှင့် အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ သီရိရတနာ လတ်ကားဈေးအတွင်း အမှတ် (J-၅၃)တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော "LAMEX Trading Company Limited" ၏ မန်နေဂျင်းဒါရိုက်တာ ဦးလင်းလင်းထွန်း ၉/ပဥလ(နိုင်)၀၁၇၄၀၉ ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ရတနာဦး ၉/ခအဇ(နိုင်)၀၀၉၅၂၅နှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

(၁) ဦးလင်းလင်းထွန်းသည် အထက်ပါလိပ်စာတွင် LAMEX Trading Company Limited [ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၈၇၉/၂၀၁၃-၂၀၁၄)(၁၆-၇-၂၀၁၃)] အမည်ဖြင့် အိမ်တွင်းအလှဆင်ပစ္စည်းများကို လက်လီလက်ကားဖြန့်ဖြူးရောင်းချနေသူတစ်ဦးဖြစ်ပါသည်။

(၂) ဒေါ်ရတနာဦးသည် (General Manager)ရာထူးဖြင့်လွန်ခဲ့သော တစ်နှစ်ခန့်က ကုမ္ပဏီတွင်စတင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ဒေါ်ရတနာဦးသည် ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာက တာဝန်ပေးခိုင်းစေခြင်းမရှိသော ကိစ္စများတွင်ကုမ္ပဏီ၏အမည်ကို အသုံးပြု၍မိမိ၏ကိုယ်ကျိုးကိစ္စများအတွက် အသုံးပြုရန်ဆောင်ရွက်ခဲ့ကြောင်း မန်နေဂျင်းဒါရိုက်တာကိုယ်တိုင်စစ်ဆေးတွေ့ရှိခဲ့ပါသည်။

(၃) ဒေါ်ရတနာဦးသည် ကုမ္ပဏီ၏လုပ်ငန်းများနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိသော လုပ်ငန်းများကို မန်နေဂျင်းဒါရိုက်တာ မသိရှိအောင် မိမိသဘောဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ၂၁-၁၀-၂၀၁၇ရက်မှစ၍ ဒေါ်ရတနာဦးအား ကုမ္ပဏီကခန့်အပ်ထားသောရာထူးနှင့် ပေးအပ်ထားသောတာဝန်များမှရုပ်သိမ်း၊ ရပ်စဲခဲ့ပြီးဖြစ်ကြောင်းဒေါ်ရတနာဦးနှင့်အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

(၄) ထို့ကြောင့် မန်နေဂျင်းဒါရိုက်တာဦးလင်းလင်းထွန်းက အတိအလင်းတာဝန်ပေးစေခိုင်းခြင်းမရှိသော ကုမ္ပဏီနှင့် မသက်ဆိုင်သည့်လုပ်ငန်းများတွင်မိမိအကျိုးအတွက် ကုမ္ပဏီ၏အမည်၊ အမှတ်တံဆိပ်နှင့် ကောင်းသောဂုဏ်သတင်းများကို အသုံးပြု၍ ဒေါ်ရတနာဦးဆောင်ရွက်ခဲ့သောကိစ္စများအပေါ် မန်နေဂျင်း ဒါရိုက်တာက တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်းဒေါ်ရတနာဦးနှင့်အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**မန်နေဂျင်းဒါရိုက်တာဦးလင်းလင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ညွန့်**
**B.Sc(Chem);H.G.P;R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၂/၉၈)**
**ရုံးခန်း ၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ (၁၄/၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၀၈၁၉၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဝယ/၁၇၅၃၀ HAOJUE 110 M/C ယာဉ်လက်ဝယ်ရှိသူ Khine Myae Thitsar Co.,Ltdက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/9846 SHWE LIGHT TRUCK PICKUP (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်အောင် ၈/ပခက(နိုင်)၁၅၈၇၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၁၁၂၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/9887 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/2747 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9508 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပါယ်လမ်း၊ တိုက်(၇)၊ အခန်း (၂၀၃) တွင်နေထိုင်သူ ဦးမင်းသူရိယ ၁၀/ကမရ(နိုင်)၀၀၀၄၀၈သည် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်စာချုပ်အမှတ်-၉၃၅၂/၂၀၁၇ဖြင့် ၁၄-၈-၂၀၁၇ရက်က မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

WINT WAR
$W_2$
Fashion

အထက်ဖော်ပြပါ **WINT WAR $W_2$ Fashion** ကုန်အမှတ်တံဆိပ်ဖြင့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်အင်္ကျီအမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး၊ ဦးထုပ်၊ ကျောပိုးအိတ်နှင့် အိတ်အမျိုးမျိုး၊ ထီးအမျိုးမျိုး၊ မိုးကာ၊ ပိုက်ဆံအိတ်နှင့် လက်ကိုင်အိတ်အမျိုးမျိုး၊ ခါးပတ်အစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် တံဆိပ်ကပ်နှိပ်၍လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည့်အပြင် အဆိုပါပစ္စည်းများကို ထုတ် လုပ်ဖြန့်ချိရောင်းချရာတွင်လည်း ထည့်သွင်းအသုံးပြုသည့် စက္ကူဘူး၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ်အစရှိသည်တို့အပေါ်တွင် **WINT WAR $W_2$ Fashion** ကုန်အမှတ်တံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၍လည်းကောင်း ရိုက်နှိပ်၍လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ **WINT WAR $W_2$ Fashion** ကုန်အမှတ်တံဆိပ်အမှတ်အသားအား တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းသည့်ရက်မှစ၍ အဆိုပါတံဆိပ်အမှတ် အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တုပသုံးစွဲခြင်းမပြုကြရန်နှင့် အကယ်၍ တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါကတည်းဆဲ တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးလှဝေ** | **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ** | **ဒေါ်ဖြိုးဖြိုးမြင့်** |
| **(စဉ်-၇၁၂၄)** | **(စဉ်-၈၇၉၁)** | **(စဉ်-၁၁၅၇၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဇရပ်ကွက်၊ သူရ(၄)လမ်း၊ အမှတ်(၁၃၇/က)နေ ဒေါ်ဝင်းရီ ၁၂/ဥပဟန(နိုင်)၀၅၁၄၀၆နှင့် ဥပဟန်းမြို့နယ်၊ ဆရာစံ(မြောက်/အနောက်)ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၄၄)နေ ဒေါ်ကျင်ပို့ ၁၂/ဥပဟန(နိုင်)၀၉၄၅၈၇၊ ဒေါ်တင်တင်နွဲ့ ၁၂/ဥပဟန(နိုင်)၀၅၂၅၇၂တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသန်းအေး ၁၂/သဃက(နိုင်)၀၁၀၅၇၂မှ ၄င်းတရားဝင်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၀ရပ်ကွက်၊ အောင်သိဒ္ဓိ(၃)လမ်း၊ အမှတ်(၃၂၈/ခ) ဟုခေါ်တွင်သော အကျယ်(၂၀×၆၀)ပေရှိ အိမ်ခြံမြေနှင့်ပိုင်ဆိုင်မှုအထောက်အထားများအား ၄င်း၏ တစ်အူထုံ့ဆင်းညီမအရင်းအချာများဖြစ်သည့် ဒေါ်ဝင်းရီ၊ ဒေါ်ကျင်ပို့၊ ဒေါ်တင်တင်နွဲ့တို့အား တရားဝင်လက်ရောက်လွှဲပြောင်းပေးကမ်းခဲ့ပြီးဖြစ်ရာ အထက်ဖော်ပြပါအိမ်ခြံမြေသည် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်ဝင်းရီ၊ ဒေါ်ကျင်ပို့၊ ဒေါ်တင်တင်နွဲ့တို့သာလျှင် တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါကြောင်းနှင့် လိုအပ်သလိုစီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်ဝင်းရီ** | **ဒေါ်မေသဥ္ဇာသိန်း(LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **ဒေါ်ကျင်ပို့** | **စဉ်-၄၂၂၀၂** | **စဉ်-၄၀၃၈၇** |
| **ဒေါ်တင်တင်နွဲ့** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်း၊ ၈ရပ်ကွက်၊ သာကေတ၊ ဖုန်း-၀၉၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/8215 Mitsubishi Pajero S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ဦး ၉/အမဇ(နိုင်)၀၄၀၆၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/4200 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5180 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၄၃၂၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/8356 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊ စွယ်တော်လမ်း၊ အမှတ်(၁၁၃၉)၊ ပေ(၅၀×၁၅)ရှိသော နေအိမ်ခြံမြေအား တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အေးအေးအောင် ၁၂/မဂဒ(နိုင်)၁၀၂၉၇၄ထံမှ ဒေါ်တင်အေးအမည်ပေါက် မြေချပါမစ်နှင့်အတူ ကျွန်ုပ်၏မိတ်ဆွေဒေါ်သန္တာလင်း ၁၂/မဘန(နိုင်)၀၈၁၈၀၉က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်းမကြီး၊ အမှတ် ၆၄၂ ဟုခေါ်တွင်သော (အလျား ၂၉'×အနံ ၉၀')ရှိ ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိသူ နော်မြမူဝင်း ၁၂/အစန(နိုင်)၀၄၁၂၈ရထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိပြီး ကန့်ကွက်ရန်ရှိသူမည်သူမဆိုပိုင်ဆိုင်မှု စာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်ပါကကန့်ကွက်သူမရှိဟု သတ်မှတ်ပြီး အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဟန် B.A(Law), LL.B, (D.B.L)(D.M.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ(၄၅၄၆/၈၈)**
**အမှတ် ၈၃/၁၂၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ဒေါ်တင်တင်ဝင်း ၁၂/ကတတ(နိုင်)၀၁၉၂၆၉၏ အထွေထွေကိုယ်စားလှယ်ရရှိသူ မိုဟာမက်အာဘူသာလိမ်(ခ)ဦးအေးရွှေ ၁၂/ကတတ(နိုင်)၀၁၉၃၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ တရားဝင်လက်ရောက်ရယူပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(၂)ရပ်ကွက်တည်ရှိသည့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသောပါမစ်မြေ၊ မြေချစလစ်အမှတ်(၇၁)၊ မြေကွက်အမှတ်(၂၈၂)နှင့် မြေချစလစ် အမှတ်(၇၀)၊ မြေကွက်အမှတ်(၂၈၃)၊ ပေ(၄၀×၆၀)ပေရှိမြေကွက်နှစ်ကွက်၏ ပိုင်ဆိုင်မှုအထောက် အထားများဖြစ်သည့် စာရွက်စာတမ်းစာချုပ်စာတမ်းမူရင်းများကို ဒေါ်ခင်စန်းလွင်၊ ဒေါ်ခင်ညွန့်ရီ(ခ) ဒေါ်သီတာ၊ ကိုဇေယျ၊ ကိုကျော်လှိုင်တို့မှ မမှန်မကန်ပြောဆိုပြီး ရယူသွားကြပါသည်။

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ မြေကွက်ပိုင်ရှင်မသိရှိဘဲ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်းလဲခြင်း မပြုလုပ်ရန် ပြုလုပ်ခြင်းခဲ့ပါက တရားမဝင်ကြောင်း ယင်းမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ အထောက်အထား၊ စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများကိုင်ဆောင်ပြီး လက်ဝယ်ထားသူများရှိပါက ကျွန်ုပ်နှင့်ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေနှင့်ဖြစ်စေ၊ လာရောက်ညှိနှိုင်းဆောင်ရွက်ရန် သတင်းစာကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ရန် မပြုလုပ်ပါက ယင်းမြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ စာရွက်စာတမ်း၊ စာချုပ်စာတမ်းများပျယ်ပြယ်ပြီဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေမှ အမည်ပြောင်းလဲသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၄)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့**

# မြစ်ကြီးနားမြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

## မူးယစ်နွံအတွင်းနစ်ဆင်းနေသည့် လူငယ်လူရွယ်များကိုကယ်ထုတ်ဖို့ ကြိုးပမ်းကြရမည်

မြစ်ကြီးနား အောက်တိုဘာ ၂၈

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)၌ လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာတဲ့ မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သည်။** (အောက်ပုံ)




စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကချင်နှင့်ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့များ၊ မူးယစ်အထူးပြု NGO , INGO အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ယင်းပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က “ဒီမိုကရေစီစနစ်ရဲ့အင်္ဂါရပ်တွေအတိုင်း အများပြည်သူနဲ့ အစိုးရတာဝန်ရှိသူတွေကြားမှာ ဆွေးနွေးတိုင်ပင်ရမယ့်အကြောင်းကိစ္စတွေ ရှိလာတဲ့အခါ ဆွေးနွေးပြောကြားနိုင်တဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်ဖို့၊ မိမိရပ်ရွာဒေသမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို အများပြည်သူကြားမှာ ဆွေးနွေးမှုတွေရှိလာစေဖို့၊ ဆွေးနွေးပွဲတွေကြောင့် ပြည်သူလူထုရဲ့စဉ်းစားတွေးခေါ်မှုမြင့်မားလာပြီး ဆွေးနွေးပွဲများမှာ ပါဝင်ဆွေးနွေးတတ်တဲ့ အလေ့အထတွေဖြစ်ပေါ်လာစေဖို့ စတဲ့ရည်ရွယ်ချက်များနှင့်အညီ ကျွန်တော်တို့ရဲ့လူ့အဖွဲ့အစည်းအတွင်းမှာ အခုလို အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေ၊ လူငယ်အဖွဲ့အစည်းတွေပါဝင်ပြီး လွတ်လပ်ပွင့်လင်းတဲ့ ပြည်သူ့စကားဝိုင်းများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်သွားကြ

စာမျက်နှာ ၄ ကော်လံ ၁ ❍

## အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်းအားဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာ့လက်ရွေးစင်အသင်းသည် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုပွဲစဉ် (၅)အဖြစ် အိန္ဒိယအသင်းနှင့် အဝေးကွင်းပွဲကစားရမည်ဖြစ်သည်။ ယင်းပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ယင်းပွဲမတိုင်မီ နိုဝင်ဘာ ၉ ရက်တွင် ကမ္ဘောဒီးယားလက်ရွေးစင်အသင်းနှင့် ဖနွမ်းပင်မြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်ပွဲတိုင်းက အရေးပါနေပြီး လက်ကျန်သုံးပွဲတွင် အဝေးကွင်းနှစ်ပွဲ၊ အိမ်ကွင်းတစ်ပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ကာဂျစ္စတန်အသင်းနှင့် ပထမအကျော့အဝေးကွင်းပွဲအား

စာမျက်နှာ ၄ ကော်လံ ၁ ✻

## လိုင်စင်မရှိဘဲ လူ ၁၂ ဦးအား ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် လိမ်လည်ပို့ဆောင်သူအား အမှုဖွင့်

စာ ၁၂



ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်း ပထမအကျော့တွင် တွေ့ဆုံခဲ့စဉ် ဓာတ်ပုံ-စိုးညွန့်

## ရှမ်းယူနိုက်တက်နှင့် ရန်ကုန် ထပ်မံအားပြိုင်မည့် အမှတ်ပေးချန်ပီယံဆု

**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၂) ကို အောက်တိုဘာ ၂၉ ရက် (**ယနေ့**) တစ်ရက်တည်း ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆု အဆုံးအဖြတ်ပွဲများ ပါဝင်လျက်ရှိသည်။

ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့မှာ နောက်ဆုံးပွဲများကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရယူနိုင်ပါက ချန်ပီယံဆုရယူနိုင်မည်ဖြစ်သည်။ ပွဲစဉ် (၂၂) အဖြစ် ယနေ့တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် Southern အသင်း၊ အောင်ဆန်းကွင်း၌ GFA အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၂၁) အပြီးတွင် ချန်ပီယံအသင်းမှလွဲ၍ တတိယဆုရအသင်း၊ တန်းဆင်းအသင်းတို့ ထွက်ပေါ်ခဲ့ပြီဖြစ်ပြီး ချန်ပီယံအသင်းကိုမူ နောက်ဆုံးမိနစ် နောက်ဆုံးအချိန်အထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ထိပ်ဆုံးတွင် နှစ်မှတ်အသာဖြင့် ဦးဆောင်နေသော်လည်း ဂိုးကွာခြားချက်တွင် ဒုတိယနေရာမှ ရန်ကုန် ထက်နည်းနေသောကြောင့် နောက်ဆုံးပွဲတွင် ဟံသာဝတီအသင်းကို အနိုင်ရမှသာ ချန်ပီယံဆု ရယူနိုင်မည်ဖြစ်သည်။ ပွဲစဉ် (၂၁) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၁ မှတ်၊ ရန်ကုန်အသင်းက ၄၉ မှတ်၊ ရတနာပုံအသင်းက ၄၄ မှတ်၊ ဧရာဝတီအသင်းက ၃၆ မှတ်၊ ရခိုင်အသင်းက ၃၁ မှတ်၊ မကွေးအသင်းက ၂၉ မှတ်၊ Southern ၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့က ၂၃ မှတ်စီ၊ GFA အသင်းက ၁၆ မှတ်၊ နေပြည်တော် အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ် ရထားသည်။ တတိယနေရာမှ ရတနာပုံအသင်းသည်

စာမျက်နှာ ၄ ကော်လံ ၁ ●

